# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့ (28-2-2013) (၇၄၁၀)


❖ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်များတွင် နော်ဝေနိုင်ငံမှ ဆက်လက်ကူညီပေးသွားမည်။

❖ မြန်မာနိုင်ငံနှင့် သံတမန်ဆက်ဆံရေးကို အဆင့်မြင့်တင်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

# မြန်မာနိုင်ငံတွင် လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ယူမှုများဖြင့် ရင်းနှီးမြှုပ်နှံရန် ဆန္ဒရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၃ နာရီတွင် နော်ဝေနိုင်ငံ အော်စလိုမြို့ရှိ အစိုးရဧည့်ဂေဟာ၌ နော်ဝေနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Jens Stoltenberg နှင့် တွေ့ဆုံဆွေးနွေးသည်။**(ယာပုံ)**



အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်နှင့် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတက မိမိ၏ ဥရောပခရီးစဉ်တွင် နော်ဝေနိုင်ငံကို မိမိပထမဆုံး လာရောက်လည်ပတ်သည့် ဥရောပနိုင်ငံအဖြစ် လာရောက်ခဲ့ခြင်းမှာ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ စတင်ချိန်တွင် နော်ဝေနိုင်ငံမှ ပြည်သူများနှင့်အစိုးရတို့၏ ကူညီပံ့ပိုးခဲ့မှုများကို မိမိတို့အစိုးရနှင့် ပြည်သူများက အသိအမှတ်ပြု ကျေးဇူးတင်သည့်အနေဖြင့် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆွေတော်ဝန်ကြီးချုပ်၏ ယမန်နှစ်က မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့်ခရီးစဉ်သည် အချိန်ကာလတိုတောင်းသော်လည်း နှစ်နိုင်ငံဆက်ဆံရေးတွင် သမိုင်းဝင်မည့် အရေးကြီးသည့် မှတ်တိုင်တစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်နေသည့် ကမ္ဘာ့ဘဏ်အပါအဝင် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများထံမှ အတိုးနှုန်းသက်သာသော ချေးငွေများ၊ အထောက်အပံ့များမရရှိမှုကို ဖြေရှင်းရန်အတွက် ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးရာတွင် နော်ဝေနိုင်ငံ၏ အကူအညီပေးခဲ့မှုသည် အရေးကြီးပါကြောင်း။

နော်ဝေနိုင်ငံမှ မြန်မာနိုင်ငံအပေါ်တင်ရှိနေသည့် ကြွေးမြီများကို လုံးဝဖျက်သိမ်းပေးခဲ့ခြင်းသည် ကျန်အဖွဲ့ဝင်နိုင်ငံများက မိမိတို့နိုင်ငံအပေါ် ကျန်ရှိနေသည့် ကြွေးမြီများ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

# ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ရန်ကုန် ဂိုးပြတ်အနိုင်ရ

**ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ (၂၀၁၃) အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က လယ်ဝေးရှိ TC(2) ကွင်းတွင် စတင်ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးဘောလုံးအသင်းတို့ နိုင်ပွဲကိုယ်စီဖြင့် ပွဲဦးထွက်မျက်နှာပန်းလှသွားသည်။**



ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**သတင်း-လေဒီ ➢ ဓာတ်ပုံ-သော်ဇင်ညွန့်**

နံနက်ပိုင်းတွင် ကစားသော ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ညနေပိုင်းတွင် ကစားသော ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ၁၂ ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအသင်းသည် ပထမပိုင်းမှာ ရှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ထားနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် လေးဂိုး ထပ်မံသွင်းယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွက် ဂိုးများကို နော်အားလိုဝါးဖောက ငါးဂိုး၊ ပိုပိုစု၊ နီလာမြင့်နှင့် ဖူးပွင့်ခိုင်တို့က နှစ်ဂိုးစီ၊ မိုးမိုးဝါက တစ်ဂိုး သွင်းယူခဲ့ကြခြင်းဖြစ်ပြီး ရခိုင်ပြည်နယ်အတွက် တစ်လုံးတည်းသောချေပဂိုးကို သက်နှင်းစိုးက ပထမပိုင်းတွင် သွင်းယူခဲ့သည်။

ပွဲဦးထွက်အနိုင်ရခဲ့သော ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့သည် လက်ရွေးစင်ကစားသမားများပါဝင်နေသော အသင်းများဖြစ်သည်ဟု သိရသည်။ ဧရာဝတီတိုင်းဒေသကြီးအသင်းတွင် လက်ရွေးစင်ကစားသမားများဖြစ်သည့် သန်းသန်းထွေး၊ စန်းစန်းမော်၊ မြင့်မြင့်အေး၊ ဇာဇာမြင့်၊ မေခင်ယမင်း၊ ခင်မိုးဝေ၊ သန္တာမိုး၊ ဝေဝေအောင် စသည့် ကစားသမားများပါဝင်နေပြီး ရန်ကုန်တိုင်းဒေသကြီးအသင်းတွင် မိုးမိုးဝါ၊ နန်းကြေငုံ၊ နီလာမြင့်၊ နော်အားလိုဝါးဖော၊ ဖူးပွင့်ခိုင်၊ ဝင်းသီတာထွန်း၊ ပိုပိုစု၊ အိအိဖြိုး စသည့် လက်ရွေးစင်များနှင့် ယှူ ၁၉ လက်ရွေးစင်ကစားသမားများပါဝင်ကစားလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအသင်းနည်းပြ ဦးဝင်းစိန်က "ဧရာဝတီတိုင်းဒေသကြီး **စာမျက်နှာ ၃ ကော်လံ ၅ သို့**✲




**ကြေးမုံစာတည်းရှုထောင့်** **၂၈-၂-၂၀၁၃၊ ကြာသပတေးနေ့**

# လမ်းဆိုသည်မှာ

လမ်းဆိုသည်မှာ ပြည်သူများ သွားလာမှုလွယ်ကူစေရန်အတွက် ဖောက်လုပ်ပေးထားသော လူ၊ ယာဉ်၊ ရထား သွားလာသောလမ်းဖြစ်ပါသည်။ ကျေးလက်လမ်း၊ ရပ်ကွက်လမ်း၊ မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ ပုံမှန်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းဟူ၍ ရှိသည်။

ထိုလမ်းအမျိုးအစား အသီးသီးတွင် သူ့လမ်းနှင့်သူ သတ်မှတ်သော အရည်အသွေးရှိသလို လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများလည်း ရှိပါသည်။ ထိုအချက်များပြည့်စုံကောင်းမွန်လျှင် လမ်းအရှည်တည်တံ့၍ သွားလာကြသော ခရီးသွားပြည်သူများ စိတ်နှလုံးချမ်းမြေ့ကောင်းမွန်မည် ဖြစ်ပါသည်။

ယနေ့ ထိုအချက်များနှင့် ပြည့်စုံကောင်းမွန် ညီညွတ်ပါ၏လော။ ထင်သာမြင်သာရှိသောခေတ်တွင် လမ်းအရည်အသွေးတိုးတက်ကောင်းမွန်စေရန် တဖြည်းဖြည်းဆောင်ရွက်လျက်ရှိသည်ကိုမြင်တွေ့ရသော်လည်း လမ်းစည်းကမ်း လိုက်နာမှုအနေဖြင့် အားနည်းလှသည်ကို တွေ့ရပါသည်။

မြို့တွင်းလမ်းဆိုလျှင်လည်း မြို့တွင်းလမ်းအလျောက်၊ မြို့ပြင်လမ်းဆိုလျှင်လည်း မြို့ပြင်လမ်းတစ်လျောက် စည်းကမ်းလိုက်နာမှု အားနည်းနေသေးသည်ကို တွေ့မြင်နေရဆဲဖြစ်သည်။ ထိုအခါ အန္တရာယ်နှင့် အခက်အခဲများ ဆက်တိုက်ကြုံတွေ့လာရသည်ကို ကြားသိနေရပါသည်။

အထူးသဖြင့် အသက်အန္တရာယ်နှင့် အနီးဆုံးကြုံတွေ့နိုင်သည့် အမြန်လမ်းပေါ် လိုက်နာရမည့်စည်းကမ်းများကို လိုက်နာမှုအားနည်းလျက်ရှိပါသည်။ အမြန်လမ်းသည် သတ်မှတ်ထားသောမိုင်နှုန်းဖြင့် မရပ်မနားမောင်းနှင်နိုင်သော လမ်းဖြစ်ပါသည်။

ထို့ကြောင့် အမြန်လမ်းပေါ်တွင် အနှေးယာဉ်၊ ကုန်တင်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ လူ၊ တိရစ္ဆာန်တို့ ဖြတ်သန်းသွားလာခြင်းမပြုရပါ။ ထို့အပြင် မောင်းနှင်သော ယာဉ်များအတွက်လည်း မော်တော်ယာဉ်ကြံ့ခိုင်မှု၊ ယာဉ်ဘီးများ ကောင်းမွန်မှု၊ အသုံးပြုမီး၊ အချက်ပြမီးများကောင်းမွန်မှု၊ လမ်းပေါ်တွင် ပြသထားသော သတိပေးဆိုင်းဘုတ်များ စသည့်သတ်မှတ်ချက်များအတိုင်း အတိအကျလိုက်နာဖို့ လိုအပ်မည်ဖြစ်ပါသည်။

သို့သော် ထိုအချက်များကို လိုက်နာမှုအခြေအနေမှာ ရာခိုင်နှုန်းအားဖြင့် နည်းပါးနေသေးသည်ကို တွေ့ရပါသည်။ အမြန်လမ်းပေါ်တွင် ယာဉ်ရပ်နားသောအခါ လမ်းဘေးချမရပ်ခြင်း၊ ရှေ့မီး၊ နောက်မီး၊ အချက်ပြမီး မပြည့်စုံခြင်း၊ သတ်မှတ်အမြန်နှုန်းအတိုင်း မမောင်းနှင်ခြင်း၊ အိပ်ငိုက်ခြင်း စသည့်အချက်များကြောင့် မဖြစ်သင့်မဖြစ်ထိုက်သော ဝမ်းနည်းဖွယ်ရာဖြစ်စဉ်များကို ယာဉ်မောင်းသူများ ကြုံတွေ့ရပါသည်။

တစ်ဖန် လမ်းစည်းကမ်းလိုက်နာမှုအပိုင်းတွင် အမြန်လမ်းပေါ်၌ အနှေးယာဉ်၊ မော်တော်ဆိုင်ကယ်၊ သတ်မှတ်ထားခြင်းမရှိသော ယာဉ်အိုယာဉ်ဟောင်း၊ လူတို့ လမ်းပေါ်တက်လာခြင်း၊ လမ်းပြောင်းပြန်မောင်းနှင်ခြင်းတို့ ရှိနေသေးသည်ကို တွေ့ရသည်။ ယခင်က အမြန်လမ်းပေါ်တွင် တိရစ္ဆာန်များ တက်ခြင်းကို ကြပ်မတ်နိုင်သော်လည်း လူတို့၏မဆင်ခြင်မှုများကိုမူ တွေ့နေရဆဲ ဖြစ်သည်။

ထိုကဲ့သို့စည်းကမ်းဖောက်ဖျက် လုပ်ဆောင်မှုများမှာ ဒေသနေသူတို့ အများစုဖြစ်ပြီး အသိပညာရယူမှု အားနည်းခြင်း၊ ဗဟုသုတနည်းပါးခြင်း တို့ကြောင့် ဆက်လက်ပြုလုပ်နေခြင်းဖြစ်ရာ အသိပညာပေးမှုနှင့် ကြပ်မတ်စစ်ဆေးဆောင်ရွက်မှုတို့ တိုးမြှင့်ဆောင်ရွက်နေရဦးမည်ဖြစ်သည်။

ထို့အပြင် မြို့နယ်ဖြတ် အဝေးပြေးလမ်းတို့သည် အမြန်လမ်း မဟုတ်သောကြောင့် ယာဉ်မောင်းသူများအနေဖြင့် အမြန်လမ်းကဲ့သို့လည်း မောင်းနှင်မှု မပြုလုပ်မိဖို့လိုမည်ဖြစ်သည်။ ထိုလမ်းများတွင် လူ၊ အနှေးယာဉ်တို့ ဖြတ်သန်းသွားလာနိုင်သဖြင့် အမြန်လမ်းကဲ့သို့ မပြုကျင့်မိဖို့ ဖြစ်သည်။

ထိုအချက်များကို လိုက်နာရန် ယခုအချိန်အထိ အားနည်းနေဆဲဖြစ်၍ မသေဆုံးသင့်ဘဲ သေဆုံးရသည့်အဖြစ်များ ဖြစ်ပွားနေဆဲဖြစ်ရာ တာဝန်ရှိသူများ၊ ယာဉ်မောင်းနှင်နေသူများ၊ ခရီးသွားများအားလုံးက သတ်မှတ်ထားသော လမ်းစည်းကမ်းများကို အလေးထားလိုက်နာကြဖို့လိုအပ်မည်ဖြစ်သည်။

ယနေ့ဖြစ်ပွားနေခြင်းသည် စည်းကမ်းမလိုက်နာမှုကြောင့် ဖြစ်ပွားနေခြင်းဖြစ်ရာ စည်းကမ်းကို တိတိကျကျလိုက်နာရန်အတွက် ပညာပေးမှုများ အပြင် ထိရောက်စွာ အရေးယူအပြစ်ပေးမှုများပါ ဆက်လက်ဆောင်ရွက်နေရဦးမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ ။

# ဆေးတက္ကသိုလ်(၁)ရန်ကုန် နှစ်ပတ်လည်ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသည့် ဆေးတက္ကသိုလ်(၁)ရန်ကုန် နှစ်ပတ်လည်ပြေးခုန်ပစ်ပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးပြီး မီတာ(၈၀၀) အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရ ဆေးကျောင်းသားများနှင့် ပန်းဖွားအဖွဲ့တို့အား ဆုများပေးအပ်ချီးမြှင့်ကာ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်ကလည်း အမျိုးသမီးအလျားခုန်ပြိုင်ပွဲတွင် ဆုရဆေးကျောင်းသူများအား ဆုများပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပထမအကြိမ် ကျန်းမာရေးဆိုင်ရာပြပွဲ ဆေးနှင့်ဆေးပစ္စည်း အရောင်းပြခန်းများ၏ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ဒုတိယဝန်ကြီး ဦးဇင်ယော် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ (၅)ကြိမ်မြောက် ဒေလီဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပသော (၅)ကြိမ်မြောက် ဒေလီဆွေးနွေးပွဲနှင့် ဖေဖော်ဝါရီ ၂၁ ရက်တွင် ကျင်းပသော (၁၅)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။

(၅)ကြိမ်မြောက် ဒေလီဆွေးနွေးပွဲကို အာဆီယံနှင့် အိန္ဒိယနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ကြွယ်ဝချမ်းသာမှု မျှော်မှန်းချက်ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး ရှုရီဆယ်လမန်ခါရှစ်နှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီလျောင်မင်တို့ တက်ရောက်မိန့်ခွန်း ပြောကြားကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံနိုင်ငံများမှ ဝန်ကြီးအဆင့် ကိုယ်စားလှယ်များ မိန့်ခွန်းပြောကြားခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးဇင်ယော်က မိန့်ခွန်းပြောကြားခဲ့သည်။

ယင်းဆွေးနွေးပွဲကို အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန၊ အိန္ဒိယကမ္ဘာ့ရေးရာကောင်စီနှင့် အိန္ဒိယကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့က ကမကထပြု ကျင်းပခဲ့ပြီး စင်ကာပူနိုင်ငံ SAEA သုတေသနအဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံ၊ အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနအဖွဲ့၊ အိန္ဒိယနိုင်ငံ ကာကွယ်ရေးကိစ္စရပ်များ လေ့လာသုံးသပ်မှုအဖွဲ့တို့က ပံ့ပိုးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့မှ အတွေးအခေါ်ပညာရှင်များ၊ သံအမတ်ကြီးများနှင့် ဌာနဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဒေသတွင်း ငြိမ်းချမ်းရေးအတွက် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ သမားရိုးကျမဟုတ်သော လုံခြုံရေးစိန်ခေါ်မှုများ၊ အနာဂတ်စွမ်းအင်ဈေးကွက်နှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် ပြန်ပြည့်မြဲစွမ်းအင်၏ကဏ္ဍ၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံများနှင့် အိန္ဒိယအရှေ့မြောက်ပိုင်းဒေသတို့ ပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းပေါင်းစပ်ယှက်နွယ်မှု စသည့်အရေးပါသောကိစ္စများကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာသုံးသပ်ရေးအဖွဲ့ဥက္ကဋ္ဌ သံအမတ်ကြီး ဦးညွန့်မောင်ရှိန်၊ အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးမူနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသန်းလှိုင်တို့ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လမ်းကြောလုမောင်းရာမှ ယာဉ်ကြောပိတ်ဆို့မှုဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်မြို့တွင်း ယာဉ်အသွားအလာထူထပ်သည့်လမ်းမကြီးပေါ်တွင် ယာဉ်များစည်းကမ်းမဲ့ ယာဉ်ကြောထပ်၍ ရပ်တန့်ထားခြင်း၊ ယာဉ်မောင်းများ ယာဉ်တစ်စီးနှင့်တစ်စီး ကျော်တက်လုယက်မောင်းနှင်ခြင်း များကြောင့် ယာဉ်ကြီးများကြား ယာဉ်ငယ်ညပ်ပြီး ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားလျက်ရှိပြီး အခြားမြို့နယ်များတွင်ပါ ထိုသို့ပြုမူမောင်းနှင်ရပ်တန့်ထားခြင်းကြောင့် ရန်ကုန်မြို့တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီသည်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အားသုံးပြီး ခရီးသည်တင်ယာဉ်လိုင်း ကားများအား ရပ်၊ ချ၊ တင်၊ ထွက်စနစ်ဖြင့် ကြပ်မတ်ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ခရီးသည်တင်ယာဉ်များ ယာဉ်ကြောပိတ်ဆို့မှုဖြေလျှော့သလို ယာဉ်ငယ်များ လမ်းမကြီးပေါ်နှစ်ထပ်၊ သုံးထပ် ရပ်တန့်ထားခြင်း၊ ယာဉ်ကြောလု ကျော်တက်မောင်းနှင်ခြင်းများကိုလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ယာဉ်ကြောပိတ်ဆို့မှုအား ဖြေလျှော့ပေးသင့်ကြောင်း ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းမကြီးနှင့် ဟံသာဝတီလမ်းဆုံ၌လည်း ယာဉ်ငယ်များ လမ်းကြောလုတက်အားပြိုင်မောင်းနှင်မှုကြောင့် ယာဉ်ကြောပိတ်ဆို့လျက်ရှိကြောင်း သိရသည်။ **(ထွန်းဝင်း)**




## ပြည်တွင်းရေးရာ

☆ **ရှေ့ဖုံးမှ**

လျှော့ပေါ့ပေးရာတွင် များစွာအထောက်အကူဖြစ်စေပါကြောင်း၊ မိမိတို့ဆောင်ရွက်နေသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် နော်ဝေနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နော်ဝေနိုင်ငံ၏ သယံဇာတအရင်းအမြစ်များကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျစီမံခန့်ခွဲခဲ့သည့်အတွေ့အကြုံများကို လေ့လာပြီး အသုံးချလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝဓာတ်ငွေ့နှင့် စွမ်းအင်ကဏ္ဍ၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍများတွင် နော်ဝေကုမ္ပဏီများလာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့အတူ နော်ဝေနိုင်ငံဝန်ကြီးချုပ်ကလည်း မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်များတွင် နော်ဝေနိုင်ငံမှ ဆက်လက်ကူညီပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် သံတမန်ဆက်ဆံရေးကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် မိမိတို့၏အတွေ့အကြုံများကို ဖလှယ်သွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့အတွင်းရှိ ပဋိပက္ခများကိုဖြေရှင်းရန် ကူညီဆောင်ရွက်ပေးမည်ဖြစ်သကဲ့သို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများကိုလည်း ပိုမိုပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ နော်ဝေကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင် လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ယူမှုများဖြင့် ရင်းနှီးမြှုပ်နှံရန် ဆန္ဒရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။



တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပ၍ တွေ့ဆုံဆွေးနွေးခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့ပြီး မီဒီယာများ၏မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။**(အပေါ်ပုံ)**

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား နော်ဝေနိုင်ငံဝန်ကြီးချုပ်က အော်စလိုမြို့ရှိ သမိုင်းဝင် Akershus ရဲတိုက်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**နော်ဝေနိုင်ငံ အော်စလိုမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖေဖော်ဝါရီ ၂၆ ရက်မွန်းလွဲ ၁၂ နာရီခွဲတွင် အော်စလိုမြို့ရှိ Holmenkolln Park Hotel ၌ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Espan Barth Eide နှင့် တွေ့ဆုံသည်။**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Espan Barth Eide က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် Holmenkolln Park Hotel သို့ရောက်ရှိလာရာ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ကြိုဆိုနှုတ်ဆက်ပြီး ဟိုတယ်ရှေ့ရှုရပ်မှ အော်စလိုမြို့ရှုခင်းကို ပြသသည်။

ထို့နောက် ဟိုတယ်ဧည့်ခန်းမ၌ နော်ဝေနိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် နော်ဝေအစိုးရနှင့် ပြည်သူများက ပံ့ပိုးကူညီမှုများအတွက် မြန်မာပြည်သူများနှင့် မိမိတို့ အစိုးရက များစွာကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှာ သိသာထင်ရှားသည့် ရလဒ်ကောင်းများရရှိခဲ့ပြီဖြစ်ပါကြောင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုပြုလုပ်ရာတွင် ပြည်သူများအနေဖြင့် သိသာထင်ရှားသည့် ရလဒ်များရရှိလာရန် အရေးကြီးပါကြောင်း၊ ထို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများရရှိရန် လိုအပ်နေပါကြောင်း၊ နော်ဝေနိုင်ငံအနေဖြင့် လက်ရှိ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် ဆက်လက်ကူညီပေးနေသကဲ့သို့ နော်ဝေကုမ္ပဏီများကလည်း မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်အပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့အတူ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးကလည်း နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲမှုများကို ပထမဆုံးအသိအမှတ်ပြုခဲ့ပြီး ကူညီပံ့ပိုးပေးခဲ့ပါကြောင်း၊ ထိုအချိန်တွင် အခြားနိုင်ငံများက မြန်မာနိုင်ငံအပေါ် သံသယဖြင့်စောင့်ကြည့်နေချိန်ဖြစ်ပါကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံတွင် တိုးတက်ဖြစ်ပေါ်ခဲ့သည့် အပြောင်းအလဲများကို ကြည့်ပါက မိမိတို့၏ဆုံးဖြတ်ချက်မှန်ကန်သည်ကို တွေ့ရှိလာရပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဆက်လက် အကူအညီပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံက မြန်မာနိုင်ငံကို အကူအညီများပေးနိုင်ရန်အတွက် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့်သာမက အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာရှဒေသတွင်းနိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံမှ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင် လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး တာဝန်ယူမှုအပြည့်အဝရှိသည့် ရင်းနှီးမြှုပ်နှံမှုများကိုဆောင်ရွက်သွားရန် စိတ်ဝင်စားလျက်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား နော်ဝေနိုင်ငံခြားရေးဝန်ကြီးက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်နှင့် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီး ဦးကျော်မျိုးထွဋ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

❋ **ပြည်ထောင်စုဖလားမှ**

ကတော့ လူအင်အား အတောင့်တင်းဆုံးပါ။ ပြီးတော့ ရန်ကုန်နဲ့ မန္တလေးလည်း တောင့်ပါတယ်။ ဒီဗိုင်းကြီးရဖို့အတွက် ဒီသုံးသင်း အကြိတ်အနယ်ပြိုင်ရဖို့ များနေပါတယ်။ ကျွန်တော်တို့ ရည်မှန်းချက်ကတော့ ဒီပြည်ထောင်စုဗိုင်းကြီးကို ရန်ကုန်ကို သယ်ယူသွားနိုင်ရေးပဲဖြစ်ပါတယ်'ဟု ဆိုခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအသင်းကို ဂိုးပြတ် ရှုံးနိမ့်ခဲ့ရသော်လည်း လက်ရွေးစင်အဆင့်နှင့် ကစားရ၍ စိတ်မပျက်ကြောင်း ရခိုင်ပြည်နယ်အသင်း အုပ်ချုပ်သူ ဒေါ်အေးမြတ်စိုးက ပြောသည်။ ရခိုင်ပြည်နယ်အသင်းသည် ဒေသခံလူငယ်များနှင့် ဝန်ကြီးဌာနခြေစစ်ပွဲအောင် စံမြန်မာအသင်းတို့မှ ကစားသမားများကို ပေါင်းစပ်ဖွဲ့စည်းထားသော အသင်းဖြစ်ပြီး အသက်အကြီးဆုံးကစားသမားမှာ (၂၁)နှစ်၊ အသက်ငယ်ဆုံးကစားသမားမှာ (၁၅)နှစ်ဖြစ်ကြောင်း သိရသည်။

**ပြည်သူအားလုံးပါဝင်နွှဲ**
**ပြည်ထောင်စုဖလား အားကစားပွဲ**






# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး

## ရွှေဘိုခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၃ နာရီတွင် ရွှေဘိုခရိုင်နှင့်ခရိုင်အတွင်းရှိ မြို့နယ်ကော်မရှင် အဖွဲ့ခွဲများမှ တာဝန်ရှိသူများအား ရွှေဘိုမြို့စုပေါင်းရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။**(ယာပုံ)**

ရှေးဦးစွာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ခရိုင်/မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တစ်ဦးချင်း အသီးသီးမိတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အမှာစကားပြောကြားရာ၌ မိမိတို့အဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် မိမိတို့ဆောင်ရွက်လုပ်ဆောင်နေကြရသည့် အခန်းကဏ္ဍသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးသည်ဟု ခံယူချက်ထားရှိကြရန်လိုကြောင်း၊ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးနိုင်စေရန်အတွက် ပါတီများတည်ထောင်၍ နိုင်ငံတော်အရေး ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြရကြောင်း၊ ပါတီများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကျင်းပနိုင်စေရေး၊ ရွေးကောက်ပွဲများတွင် ကန့်ကွက်မှုများရှိလာပါက ကော်မရှင်မှ စုံစမ်းစစ်ဆေးဆုံးဖြတ်ပေးနိုင်ရေး၊ ပါတီများ တည်ထောင်ခွင့်ပြုပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ကြစေရန် ကြပ်မတ်ပေးရေး လုပ်ငန်းများဆောင်ရွက်ရကြောင်း၊ လုပ်ငန်းများအောင်မြင်စေရန်အတွက် ယခင်အတွေ့အကြုံများအပေါ် အခြေခံပြီး အမှားပြင်အမှန်ပွားကာ လျင်မြန်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ အဆင့်ဆင့်သော ကော်မရှင်များတွင် လိုအပ်သည့်လူ၊ ပစ္စည်း၊ ငွေကြေး ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ရွှေဘိုခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြအေးတို့က တိုင်းဒေသကြီးနှင့်ခရိုင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအပေါ် အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်း၊ ကန့်ဘလူနှင့် ကျွန်းလှမြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူအသီးသီးက လုပ်ငန်းများ အဆင်ပြေလွယ်ကူချောမွေ့စေရန် ဆောင်ရွက်ရမှု အခြေအနေနှင့် ရင်ဆိုင်ရသည့် အခက်အခဲများ၊ လုပ်ငန်းလိုအပ်ချက်နှင့်ဆက်စပ်၍ ရယူလိုသည့် အကူအညီများနှင့် ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များအပေါ် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားရာ၌ တင်ပြချက်များအပေါ် ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စိတ်ဝင်တစားတင်ပြဆွေးနွေးပေးကြသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ရွေးကောက်ပွဲဆိုင်ရာများနှင့် သက်ဆိုင်သော ကိစ္စရပ်များအပေါ် အထူးအလေးဂရုပြုကြိုတင်ပြင်ဆင်လေ့ကျင့်ဆောင်ရွက်ကြရန် အသေးစိတ်မှာကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**




# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်

## အမေရိကန်ကုန်သည်ကြီးများအသင်းတို့ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အမေရိကန်ကုန်သည်ကြီးများအသင်းမှ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC)၌ ကျင်းပသည်။

အဆိုပါ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမေရိကန် ကုန်သည်ကြီးများအသင်းမှ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အမေရိကန် ကုန်သည်ကြီးများအသင်းမှ အာရှရေးရာဒုတိယဥက္ကဋ္ဌ Ms. Tami Overby က ပြန်လည်၍နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ နှစ်ဖက်အပြန်အလှန် မိတ်ဆက်ကြပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့နောက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ဆွေးနွေးကြရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်မည့် အခြေအနေများ၊ စက်မှုစီမံကိန်းဦးစီးဌာနမှ မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍစဉ်ဆက်မပြတ် တိုးတက်ရေးအတွက် ဆောင်ရွက်မှုများ၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲလာသော ကုန်သွယ်မှုမူဝါဒနှင့် ကုန်သွယ်မှုအခြေအနေများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မြန်မာနိုင်ငံ၏ ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၏ အခြေအနေနှင့် အခွင့်အလမ်းများ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ အခြေအနေနှင့် အခွင့်အလမ်းများနှင့် လျှပ်စစ်စွမ်းအားဦးစီးဌာနမှ မြန်မာနိုင်ငံ၏ လက်ရှိနှင့် နောင်အနာဂတ်တွင် လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် စီမံဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြရာ အမေရိကန် စီးပွားရေးလုပ်ငန်းရှင်များက စိတ်ဝင်စားစွာ မေးမြန်း၍ နှစ်ဖက်အမြင်ချင်း ဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပဲခူးမြို့နှင့် အနီးတစ်ဝိုက်၌ MRTV-4 (Free to Air)ရုပ်သံလိုင်းကို လွယ်ကူစွာဖမ်းယူကြည့်ရှုနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် MRTV-4 Free to Air ရုပ်သံလိုင်းသစ်ကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် ပုသိမ်မြို့တို့တွင် Free to Air စနစ်ဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။

ယခုအခါ MRTV-4 Free to Air ရုပ်သံလိုင်းကို ပဲခူးမြို့နှင့် အနီးတစ်ဝိုက်တွင် လှိုင်းနှုန်း CH-33(590-596MHz) ဖြင့် ထုတ်လွှင့်ပေးနေပြီဖြစ်ရာ မိမိတို့အိမ်ရှိ တီဗွီနှင့် UHF အင်တင်နာဖြင့်ပင် ရုပ်သံအရည်အသွေး ကြည်လင်ကောင်းမွန်စွာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တက္ကသိုလ်ဝင်စာမေးပွဲအကြိုကာလနှင့် ဖြေဆိုချိန်ကာလအတွင်း

## လျှပ်စစ်ဓာတ်အား ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ် မတ်လအတွင်း တက္ကသိုလ်ဝင်စာမေးပွဲအကြိုကာလနှင့် ဖြေဆိုချိန်ကာလအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ လျှပ်စစ်ဓာတ်အား အဆင်ပြေ လုံလောက်စွာ ရရှိသုံးစွဲနိုင်ရေးအတွက် မတ် ၁ ရက်မှစ၍ စာမေးပွဲပြီးဆုံးချိန်ထိ နေ့စဉ် ညနေ ၅ နာရီမှ နောက်နေ့ နံနက် ၅ နာရီအထိ အများပြည်သူအား လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိအောင် အဓိကဦးစားပေး ဖြန့်ဖြူးပေးသွားမည် ဖြစ်သည်။

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း အများပြည်သူအား ဦးစားပေး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည်ဖြစ်၍ စက်မှုဇုန်များ၊ ကုန်ထုတ်လုပ်မှု စက်မှုလက်မှုလုပ်ငန်းများ၊ အကြီးစား စက်မှုသုံးလုပ်ငန်းများကို ညနေ ၅နာရီမှ နံနက် ၅ နာရီထိ ခေတ္တဓာတ်အားပိတ်ထားမည် ဖြစ်သည်။

ထို့အပြင် ၂၀၁၃ ခုနှစ် မတ်လအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ လက်ရှိလည်ပတ်လျက်ရှိသော သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်များအပြင် ကျွန်းချောင်းစက်ရုံမှ တာဘိုင်စက်နှစ်လုံးနှင့် ရွှေတောင်၊မြန်အောင်၊ မော်လမြိုင်နှင့် ရွာမစက်ရုံများမှ တာဘိုင်စက်တစ်လုံးစီအား ထပ်မံလည်ပတ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးသွားမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ် မတ်လအတွင်း တက္ကသိုလ်ဝင်စာမေးပွဲအတွက် နေ့စဉ် ညနေ ၅ နာရီမှ နောက်နေ့နံနက် ၅ နာရီထိ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိအောင် အထူးအလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ဓာတ်အားပြတ်တောက်ပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။

ဓာတ်အားကွပ်ကဲရေးဌာန (နေပြည်တော်) ၀၆၇-၄၁၀၃၉၄၊ ၀၉-၈၃၀၄၇၀၉၊ ဓာတ်အားကွပ်ကဲရေးဌာန (ရန်ကုန်) ၀၁-၂၂၁၅၃၀၊ ၀၁-၂၂၇၆၆၇၊ ၀၉-၈၆၁၄၈၈၅၊ ဓာတ်အားကွပ်ကဲရေးဌာန(မန္တလေး) ၀၂-၃၉၃၃၀၊ ၀၉-၈၆၀၁၅၆၁၊ ၀၉-၂၀၀၂၇၅၇၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန(တာဝန်မှူးရုံး) ၀၆၇-၄၁၀၆၆၆၊ နေပြည်တော်တိုင်းလျှပ်စစ်အင်ဂျင်နီယာ(တာဝန်မှူးရုံး) ၀၆၇-၄၂၀၆၆၆၊ ပျဉ်းမနား ၀၆၇-၂၃၆၆၆၊ မြစ်ကြီးနား ၀၇၄-၂၄၆၆၆၊ လွိုင်ကော် ၀၈၃-၂၂၆၆၆၊ ဘားအံ ၀၅၈-၂၂၆၆၆၊ ဟားခါး ၀၇၀-၂၂၆၆၆၊ မော်လမြိုင် ၀၅၇-၂၆၆၆၆၊ တောင်ကြီး (ပြည်ယာရုံး) ၀၈၁-၂၅၆၆၆၊ လားရှိုး ၀၈၂-၂၄၆၆၆၊ ရန်ကုန် (တိုင်းရုံး) ၀၁-၂၁၅၆၆၆၊ တောင်ပိုင်းခရိုင်ရုံး(သံလျင်) ၀၅၆-၂၁၆၆၆၊ မြောက်ပိုင်းခရိုင်ရုံး (အင်းစိန်) ၀၁-၆၄၄၆၆၆၊ အရှေ့ပိုင်းခရိုင်ရုံး(တာမွေ) ၀၁-၅၅၉၆၆၆၊ အနောက်ပိုင်းခရိုင်ရုံး (ကျောက်တံတား) ၀၁-၃၈၉၆၆၆၊ မန္တလေး (တိုင်းရုံး) ၀၂-၆၅၆၆၆၊ မန္တလေး (ခရိုင်ရုံး) ၀၂-၇၃၆၆၆၊ မိတ္ထီလာ ၀၆၄-၂၅၆၆၆၊ မုံရွာ ၀၇၁-၂၄၆၆၆၊ စစ်ကိုင်း ၀၇၂-၂၂၆၆၆၊ ပဲခူး ၀၅၂-၂၄၆၆၆၊ တောင်ငူ ၀၅၄-၂၆၆၆၆၊ ပြည် ၀၅၃-၂၆၆၆၆၊ မကွေး ၀၆၃-၂၄၆၆၆၊ ပုသိမ် ၀၄၂-၂၄၆၆၆ တို့ဖြစ်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း ပထမအကြိမ်နှစ်ပတ်လည်
အထွေထွေမျက်နှာစုံညီ အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံပုဂ္ဂလိက ဆေးရုံများအသင်း( မှတ်ပုံတင်အမှတ် ၃၀၅၁/၂၀၁၂-၂၀၁၃) ၏ပထမအကြိမ် အထွေထွေမျက်နှာစုံညီအစည်းအဝေးကို၂၀၁၃ခုနှစ် မတ်လ(၁၆)ရက်စနေနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက် မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အသင်းဝင်ပြီးသော ပုဂ္ဂလိကဆေးရုံများနှင့် အကြောင်းကြောင်းကြောင့် အသင်းမဝင်ရသေးသောပုဂ္ဂလိကဆေးရုံများ အားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

မှတ်ချက် ။ ။ အဆိုပါ အစည်းအဝေးသို့ ပုဂ္ဂလိကဆေးရုံကို တိုက်ရိုက်ကိုယ်စားပြုသူ(သို့) ဆုံးဖြတ်ပိုင်ခွင့်ရှိသူ ဆေးရုံပိုင်ရှင်၊ဆေးရုံအုပ် စသည်ဖြင့်ဆေးရုံတစ်ရုံလျှင်(၂)ဦးစီ တက်ရောက်နိုင်ပါသည်။
အစည်းအဝေးတက်ရောက်မည့် ပုဂ္ဂလိကဆေးရုံများမှ ကိုယ်စားလှယ်များ၊ညစာစားပွဲတက်ရောက်ကြမည့် ကိုယ်စားလှယ်များနှင့် အစည်းအဝေးတွင် တင်သွင်းဆွေးနွေးလိုသော အဆိုပြုလွှာများကို အသင်းရုံးသို့ ၂၀၁၃ခုနှစ် မတ်လ(၁)ရက် သောကြာနေ့နောက်ဆုံးထား ၍ ပေးပို့ကြပါရန်လေးစားစွာပန်ကြားအပ်ပါသည်။
**(အစည်းအဝေးဖိတ်စာ အချိန်မီမရောက်ရှိသော အနယ်နယ်အရပ်ရပ် မှ ပုဂ္ဂလိကဆေးရုံများအနေဖြင့် ဤကြော်ငြာကိုဖိတ်စာအဖြစ်မှတ်ယူ၍ အစည်းအဝေးတက်ရောက်ပေးကြပါရန် လေးစားစွာဖြင့် အကြောင်းကြားအပ်ပါသည်။)**
**သတင်းစာရှင်းလင်းပွဲပြုလုပ်မည်ဖြစ်ပါ၍ သတင်းနှင့်စာနယ်ဇင်းပုဂ္ဂိုလ်များအားလေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်။**

ဆက်သွယ်ရန် ။ ။ ဒေါက်တာ နင်းချစ်လွင်လွင် (ဖုန်း) ၀၉၅၁၈၄၀၀၁ ၊ ဒေါက်တာ သဲဆုပန် (ဖုန်း) ၀၉၄၃၁၁၈၈၉၄ ၊ ရုံးဖုန်း (၀၁) ၁၂၂၀၇၄၇၊ ၂၃၀၁၅၈၇ E-mail - mpha.org@gmail.com

**ပြည်တွင်းရေးရာ**

# ရွှေဘိုမြို့ မော်ဓောမြင်သာ မြို့ထောင့်စေတီတော်မြတ်ကြီး ရွှေထီးတော်အသစ် တင်လှူပူဇော်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလွင်နှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ မော်ဓောမြင်သာ မြို့ထောင့်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်အသစ်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရွှေဘိုမြို့ မော်ဓောမြင်သာမြို့ထောင့်စေတီတော်မြတ်ကြီး ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အစီအစဉ်အတိုင်း တင်လှူပူဇော်ကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အခမ်းအနားမှူးက သမ္မာဒေဝနတ်ကောင်းနတ်မြတ်များအားပင့်ဖိတ်၍ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိမလာဘိဝံသထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲတို့ကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်ကို ပရိသတ်များက နာယူကြည်ညိုကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲတို့ကို ယူဆောင်၍ စေတီတော်ရင်ပြင်တွင် ပက်ဖျန်းချည်နှောင်ကြပြီး ဆရာတော်၊ သံဃာတော်တို့ထံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အမှူးပြုသော ပရိသတ်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စေတီတော်မြတ်ကြီး အတွက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း) ကိုယ်စား ဦးကျော်ညွန့်က စေတီတော်မြတ်ထီးတော်ကြီးအတွက် အလှူငွေကျပ်သိန်း ၁၀၀၊ စိန်ဖူးတော်အလှူရှင် ရွှေဘိုမြို့နေ ဒေါ်ခင်ကြည်(ဒေါ်မဆေးလိပ်ခုံပိုင်ရှင်)နှင့် အလှူတော်ငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား စေတီတော်ဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိမလာဘိဝံသမထေရ်ထံမှ ပရိသတ်များက ရေစက်ချ အနုမောဒနာတရားကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များ၊ ဧည့်ပရိသတ်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်ပြီး စေတီတော်အား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် မင်္ဂလာအချိန် ကျရောက်သည်တွင် ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလှူ့ဒါယကာများက စေတီတော်အလယ်ပစ္စယာသို့ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အစီအစဉ်အတိုင်း တင်လှူပူဇော်ကြသည်။

ထိုသို့ တင်လှူပူဇော်နေသည့်အချိန်တွင် ဆရာတော်၊ သံဃာတော်များက ဇယန္တောဗောဓိယာမူလေ အစချီသော အောင်ဂါထာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား စေတီတော်အထက်ပစ္စယာတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဆက်ကပ်လှူဒါန်းပူဇော်ပြီး ရွှေထီးတော်တင်လှူအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးပေးကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ရွှေထီးတော်နှင့် စိန်ဖူးတော်အသစ် တင်လှူပူဇော်ရာတွင် အမှားအယွင်းရှိပါက ခွင့်လွှတ်တော်မူပါရန် တောင်းပန်လွှာစာတမ်းကို အခမ်းအနားမှူးကဖတ်ကြားကာ သမ္မာဒေဝနတ်ကောင်း နတ်မြတ်များအား ပြန်လည်ပို့ဆောင်ပေးသည်။

ထို့နောက် အခမ်းအနားအောင်မြင်ပြီးမြောက်ခြင်းအတွက် ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်များက ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ မော်ဓောမြင်သာ မြို့ထောင့် စေတီတော်မြတ်ကြီးသည် ဥဩအော်မြည် ကုန်းဘောင်တည် ဟူသော ဆိုရိုးအတိုင်း သက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်တော်မူခဲ့သည့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ သမိုင်းဝင်ကောင်းမှုတော်ဖြစ်သည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ဖြစ်ပွားခဲ့သော စစ်ကိုင်းငလျင်ဒဏ်ကြောင့် စေတီတော်မြတ်ကြီး၏ ထီးတော်ကျိုးကြေခဲ့ရပြီး စိန်ဖူးတော်မှာလည်း ကွေးညွတ်ခဲ့ရသည်။ ထို့အတွက် အသစ်ပြန်လည်ပူဇော်ရာတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး(ငြိမ်း)က ထီးတော်အသစ် ပြန်လည်တင်လှူပူဇော်နိုင်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ လှူဒါန်းခဲ့ပြီး စိန်ဖူးတော်နှင့် အခြားသော အလှူဒါနများအတွက် အလှူရှင်အသီးသီးက စေတနာသုံးတန်ပြဋ္ဌာန်းကာ လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်အသစ် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ ရွှေဘိုမြို့နှင့် အနီးတစ်ဝိုက်ရှိ ဒေသများမှ ဒေသခံပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုကြရာ စေတီတော် ရင်ပြင်တစ်ဝန်းလုံး ကြက်ပျံမကျ စည်ကားလျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



## မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများဖွဲ့စည်းရန် တာဝန်ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မခွဲ(က)နှင့်(ဂ)တို့အရ အမျိုးသားစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကစသည့် အင်အားစုများ၏ ပူးပေါင်းပါဝင်မှုကိုရယူ၍ ပြည်သူတို့၏ လူမှုစီးပွားရေးနှင့် နေထိုင်မှုအဆင့်အတန်းမြှင့်တင်ရေးကို ရှေးရှုဆောင်ရွက်နိုင်ရန် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတရုံးက ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၇/၂၀၁၃) ဖြင့် တာဝန်ပေးအပ်ခဲ့သည်။

အဆိုပါ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီကို အနည်းဆုံး ခုနစ်ဦးမှ အများဆုံးကိုးဦးဖြင့် လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီကို အနည်းဆုံး ငါးဦးမှ အများဆုံး ခုနစ်ဦးဖြင့်လည်းကောင်း ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ယင်းဖွဲ့စည်းမှုကို ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မတိုင်မီ အပြီးဖွဲ့စည်းရန် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## မြန်မာ့လေကြောင်းမှ လေယာဉ်များ စင်းလုံးငှားပေးလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားများ၊ ပြည်တွင်းမှလုပ်ငန်းရှင်များနှင့် ခရီးသွားပြည်သူများ ပြည်တွင်း၌ သွားလာမှု အဆင်ပြေလွယ်ကူချောမွေ့စေရန်အတွက် မူလခရီးစဉ်များအပြင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းမှ လေယာဉ်များစင်းလုံးငှားရမ်းလျက်ရှိရာ အသစ်ထပ်မံရောက်ရှိလာသော EMBRAER-190 AR လေယာဉ်များကိုလည်း စင်းလုံးငှားရမ်းနိုင်ကြောင်း သိရသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းမှ စင်းလုံးငှားရမ်းနိုင်သော လေယာဉ်များမှာ အမ်ဘရေရာ-၁၉၀ အေအာရ် ( EMBRAER-190 AR)၊ အေတီအာရ်(ATR)လေယာဉ်၊ အမ်အေ-၆၀ (MA-60)လေယာဉ်နှင့်ဘိချ်-၁၉၀၀ ဒီ ( BEECH CRAFT-1900 D ) လေယာဉ်အမျိုးအစားများဖြစ်ကြပြီး စင်းလုံးငှားရမ်းမှုနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့လေကြောင်း (ရုံးချုပ်) ဖုန်း-၃၇၀၅၈၇၊ ၃၇၀၀၃၀၊ ၃၇၇၈၄၃ တို့သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ **(တင်အောင်)**







# ပုံနှိပ်မီဒီယာလောကအတွက် အားဆေးတစ်ခွက် လက်ကမ်းကြိုဆိုရမည့် ပုံနှိပ်ထုတ်ဝေဥပဒေ

ကိုကိုတင် (တရားလွှတ်တော်ရှေ့နေ)

ဒီနေ့ထုတ်ဝေတဲ့ သတင်းစာတွေမှာ "ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း" ကို ဖတ်လိုက်ရတော့ "ဝမ်းသာပီတိဂွမ်းဆီထိ" သလို ခံစားမိပါတယ်။ ဘာလို့လဲဆိုတော့ ပုံနှိပ်သူနှင့် ထုတ်ဝေသူတွေအတွက် "ဒီမိုကရေစီစနစ်နဲ့ လိုက်လျောညီထွေအောင် ရေးဆွဲထားတဲ့ဥပဒေသစ်တစ်ရပ်ပေါ်လာပြီဆိုတဲ့ အသိကြောင့်ပေါ့။

ဥပဒေကြမ်းရဲ့ အခန်း(၈)၊ ပုဒ်မ ၂၈ မှာ" ၁၉၃၁ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ပုံနှိပ်တိုက် (အရေးပေါ်အာဏာများ) အက်ဥပဒေ (The Press Emergency Powers ) Act နဲ့ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေကို ရုပ်သိမ်းကြောင်း ပြဋ္ဌာန်းချက်တွေ့ရပြန်တော့ ထပ်ပြီးဝမ်းမြောက်စရာ ဖြစ်ရတော့တာပေါ့။

ဖြစ်ရပြီလားဗျာ၊ ဒီဥပဒေနှစ်ခုဟာ မျက်မှောက်ခေတ်မီဒီယာလောကရဲ့ ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းလုပ်ငန်းတွေနဲ့ မအပ်စပ်၊ မဆီလျော်တော့တဲ့ ဥပဒေတွေ ဖြစ်နေတာကို။ ဒ့ါအပြင် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနဲ့ ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေပုဒ်မ ၂၀ အရ ဗဟိုမှတ်ပုံတင်အဖွဲ့က ညွှန်ကြားချက်တွေထုတ်ပြီး စာမူတွေကို ကြိုတင်စိစစ်ခြင်းပြုခဲ့တဲ့အတွက် စာနယ်ဇင်းလွတ်လပ်ခွင့်ကို ပိတ်ပင်တားဆီးခဲ့တယ်ဆိုပြီး မီဒီယာလောကတစ်ခုလုံးက မလိုလား၊ မနှစ်သက်ခဲ့ကြတာ အားလုံးအသိပါ။ ဒီကာလ ရှည်ကြီးကို အားလုံးဖြတ်သန်းခံစားခဲ့ကြရတာပဲလေ။ ဒ့ါကြောင့် အခုလို ဥပဒေသစ်ပြဋ္ဌာန်းပြီး ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေကို ရုပ်သိမ်းတော့မယ် ဆိုတဲ့သတင်းဟာ မီဒီယာလောကသားတွေအတွက် သတင်းကောင်းဖြစ်လို့ အားလုံးဝမ်းမြောက်ဝမ်းသာဖြစ်ကြလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒီဥပဒေဟာ မီဒီယာလောကသားတွေအတွက်သာမက ကျွန်တော်တို့ ပြည်သူလူထုကိုလည်း အကာအကွယ်ပေးထားတဲ့ ဥပဒေဖြစ်လို့ "ထီးလိုမင်းလိုဥပဒေ" ဆိုရင်လည်း မမှားဘူးပေါ့ဗျာ။

ဒီဥပဒေကြမ်းအရ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေကို ရုပ်သိမ်းမှာဖြစ်တဲ့အတွက် "စာမူကိုစိစစ်ခြင်း" (Censorship) ဆိုတဲ့ ကိစ္စရပ်ကို နောက်ကြောင်းပြန်ဦးမလားဆိုတဲ့ အတွေးနဲ့ ရင်လေးစရာ လုံးဝမရှိတော့ဘူးလေ။

အခုဥပဒေကြမ်းမှာ အခန်းပေါင်း (၈)ခန်းနဲ့ ပုဒ်မပေါင်း (၂၈)ခု ပါဝင်တာတွေ့ရပါတယ်။ ဘာတွေများ ထူးသလဲ ဆိုတဲ့အတွေးနဲ့ အသေးစိတ်သိရအောင် ဒီဥပဒေကြမ်းကို တည်ဆဲဥပဒေဖြစ်တဲ့ ၁၉၃၁ ခုနှစ် ပုံနှိပ်တိုက်(အရေးပေါ်အာဏာများ) အက်ဥပဒေနဲ့ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေတွေနဲ့ တိုက်ဆိုင်စစ်ဆေးကြည့်မိတယ်။

၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ ပုဒ်မ ၃နှင့် ပုဒ်မ ၄ တို့မှာ "ပုံနှိပ်စက်လက်ဝယ်ရှိသူနဲ့ သတင်းစာ၊ စာစောင်၊ မဂ္ဂဇင်းထုတ်ဝေသူတွေဟာ မိမိနေထိုင်ရာအရပ်ရှိ ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးဆီမှာ ဝန်ခံချက်လက်မှတ်ရေးထိုးရမည်။ ဝန်ခံချက်ပြုလက်မှတ်ရေးထိုးခြင်း မရှိပါက ပုံနှိပ်လုပ်ငန်း၊ ထုတ်ဝေလုပ်ငန်း လုပ်ကိုင်ခွင့်မရှိကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဒီဝန်ခံချက်လုပ်ဖို့ ပျက်ကွက်ရင်လည်း ပုံနှိပ်သူများနဲ့ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ ပုဒ်မ ၁၆ အရ အရေးယူနိုင်ပြီး ထောင်ဒဏ်၊ ငွေဒဏ် ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းချက်တွေ့ရပါတယ်။ ၁၉၃၁ ခုနှစ် ပုံနှိပ်တိုက် (အရေးပေါ်အာဏာများ) အက်ဥပဒေကို ကြည့်ရင်လည်း အလားတူပြဋ္ဌာန်းထားပြီး "တရားသူကြီးသည် ပုံနှိပ်စက်ပိုင်သူများနဲ့ သတင်းစာထုတ်ဝေသူများအား အာမခံငွေတင်သွင်းရန် ညွှန်ကြားနိုင်ကြောင်း" ပင် ပါရှိပါသေးတယ်။

ဒါကြောင့် ဒီဥပဒေတွေရဲ့ ဒီပြဋ္ဌာန်းချက်တွေဟာ ပုံနှိပ်သူနဲ့ အချိန်မှန်ထုတ်သတင်းစာ၊ စာစောင်၊ မဂ္ဂဇင်း ထုတ်ဝေသူတွေကိုချုပ်ကိုင်ထားတဲ့ တင်းကျပ်တဲ့ပြဋ္ဌာန်းချက်တွေ ဖြစ်နေပါတယ်။ အခု ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကြမ်းမှာတော့ ဒီအချက်တွေကို လုံးဝဖြုတ်ပယ်ထားတာကြောင့် မီဒီယာလောကအတွက် ကျေနပ်ဝမ်းသာစရာ အချက်တစ်ချက်ပါပဲ။

အခုဥပဒေကြမ်းရဲ့ အခန်း (၂)၊ ပုဒ်မ ၃ မှာ "ပုံနှိပ်ခြင်း ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူသည် မှတ်ပုံတင်အရာရှိထံတွင် လုပ်ငန်းကို အသိအမှတ်ပြုရန် လျှောက်ထားရမည်" ကိုလည်းကောင်း၊ ပုဒ်မ ၄ တွင် "လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိသည် သတ်မှတ်ချက်များနှင့် ကိုက်ညီသူကို သတ်မှတ်သောအခကြေးငွေ ပေးသွင်းစေပြီးလျှင် သတ်မှတ်ကာလအတွက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ထုတ်ပေးရမည်" ကိုလည်းကောင်း ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။ ဒါကြောင့် လျှောက်ထားသူဟာ သတ်မှတ်ချက်နဲ့ကိုက်ညီမယ်ဆိုရင် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသွားမှာဖြစ်ပြီး အရင်ကလို အဆင့်ဆင့်တင်ပြ၊ အချိန်ကာလတစ်ခုစောင့်ရတဲ့ ဒုက္ခက လုံးဝကင်းလွတ်သွားပြီလို့ပဲ နားလည်မိပြီး ပုံနှိပ်မီဒီယာလောက ပိုပြီးဖွံ့ဖြိုးတိုးတက်လာမှာပါလားလို့ အားရမိပါရဲ့။

၁၉၆၂ ခုနှစ်ဥပဒေရဲ့ "ပုဒ်မ ၈ (၁) မှာ" သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် ပုံနှိပ်သူ သို့တည်းမဟုတ် ထုတ်ဝေသူထံမှ မှတ်ပုံတင်ရန် လျှောက်လွှာရရှိသည့်အခါ မိမိသင့်သည်ထင်မြင်သည့် စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက် သတ်မှတ်သည့်အတိုင်း "ယာယီမှတ်ပုံတင်သက်သေခံလက်မှတ်" ထုတ်ပေးနိုင်သည်ဟုလည်းကောင်း၊ ပုဒ်မ ၈(၂)မှာ "သက်ဆိုင်ရာမှတ်ပုံတင်အရာရှိသည် ပုံနှိပ်သည့် သို့တည်းမဟုတ် ထုတ်ဝေသည့်လုပ်ငန်း၏ ရည်ရွယ်ချက်များနှင့် လျှောက်လွှာတွင်ဖော်ပြသည့် အကြောင်းအရာများ မှန်၊ မမှန် စုံစမ်းစစ်ဆေးမှုကို သတ်မှတ်သည့်အတိုင်း ပြုလုပ်စေပြီးနောက် ကျေနပ်လျှင် မှတ်ပုံတင်သက်သေခံ လက်မှတ်ထုတ်ပေးရန် သို့တည်းမဟုတ် မကျေနပ်လျှင် မှတ်ပုံတင်သက်သေခံလက်မှတ် ထုတ်မပေးရန် အစီရင်ခံချက်နှင့်တကွ အမှုတွဲကို ဗဟိုမှတ်ပုံတင်အဖွဲ့သို့ ပေးပို့ရမည်" ဟုလည်းကောင်း ပုဒ်မ၈(၃)မှာ "ဗဟိုမှတ်ပုံတင်အဖွဲ့သည် ပုဒ်မခွဲ(၂)အရ ပေးပို့သည့် အမှုတွဲကို ရရှိသည့်အခါ စဉ်းစားဆင်ခြင်၍ မိမိသင့်တော်သည် ထင်မြင်သည့်အတိုင်း မှတ်ပုံတင်သက်သေခံလက်မှတ်ထုတ်ပေးရန် အမိန့်ကိုသော်လည်းကောင်း၊ ထုတ်မပေးရန် အမိန့်ကိုသော်လည်းကောင်း ချမှတ်ရမည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားပါတယ်။

ဒီလို ၁၉၆၂ ခုနှစ် ဥပဒေရဲ့ ပြဋ္ဌာန်းချက်အရ မှတ်ပုံတင်ရာမှာ ယာယီမှတ်ပုံတင်လက်မှတ်ကို မှတ်ပုံတင်အရာရှိက ထုတ်ပေးပြီး ထပ်မံစုံစမ်းစစ်ဆေးပြီး ကျေနပ်မှသာ ဗဟိုမှတ်ပုံတင်အဖွဲ့၏ဆုံးဖြတ်ချက်နဲ့ အမြဲတမ်းမှတ်ပုံတင်သက်သေခံလက်မှတ်ထုတ်ပေးကြောင်း တွေ့ရပါတယ်။ လက်ရှိပုံနှိပ်လောကသားများ နားလည်မှုနဲ့ အလွယ်တကူ ပြောနေကြတဲ့ ယာယီနှင့် မြဲကတ်ပြားတွေပေ့ါ။

အရင်က ယာယီမှတ်ပုံတင်သက်သေခံလက်မှတ်ရရှိသူတစ်ဦးဟာ သက်ဆိုင်ရာဌာနတွေရဲ့ စုံစမ်းစစ်ဆေးမှုတွေနဲ့အတူ မှတ်ပုံတင်သက်သေခံလက်မှတ်(မြဲ) ရရှိဖို့ နှစ်ချီပြီး စောင့်ဆိုင်းခဲ့ရပါတယ်။ အခုဥပဒေကြမ်းမှာတော့ လျှောက်ထားသူအပေါ် စုံစမ်းစစ်ဆေးမှုပြုရန် မပါရှိတဲ့အပြင် ယာယီ/မြဲ ခွဲခြားသတ်မှတ်ထားခြင်း မရှိတော့လို့ ပုံနှိပ်သူနှင့်ထုတ်ဝေသူများအနေနဲ့ အသိအမှတ်ပြုလက်မှတ်ကို ဒီနေ့ခေတ်စားနေတဲ့ One Stop Service နဲ့ ဆောင်ရွက်နိုင်တော့မှာဖြစ်လို့ မီဒီယာလောကသားများအတွက် အားတက်စရာ အချက်ပါပဲ။

ဒီဥပဒေကြမ်းရဲ့ ထူးခြားချက်တစ်ရပ်ကတော့ ၁၉၆၂ ခုနှစ် ဥပဒေပုဒ်မ ၅ အရ ဗဟိုမှတ်ပုံတင်အဖွဲ့ဖွဲ့စည်း၍ ဆောင်ရွက်ခြင်းကို မထည့်သွင်းတော့ဘဲ လုပ်ငန်းလွယ်ကူစေဖို့အတွက် မှတ်ပုံတင်အရာရှိက တိုက်ရိုက်ဆောင်ရွက်ဖို့ကို ပြဋ္ဌာန်းထားခြင်းပဲ ဖြစ်ပါတယ်။ ကြိုးနီစနစ်လို့ အများကခေါ်နေကြတဲ့ အဆင့်ဆင့်တင်ပြမှုတွေကို လျှော့ချပြီး တာဝန်ရှိသူကို လုပ်ကိုင်ခွင့်ပေးဆောင်ရွက်စေတာကြောင့် နတ်လူသာခုခေါ်မှာ မလွဲပါဘူးဗျာ။

ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းရဲ့ ပုဒ်မ ၇ မှာ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် လိုက်နာရန် စည်းကမ်းချက်(၅)ချက်ကိုလည်း ဖော်ပြထားသေးတယ်ဗျ။ ဒါတွေကတော့-

(က) တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာစေမည့် အကြောင်းအရာများဖော်ပြခြင်း၊

(ခ) တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆူပူအကြမ်းဖက်မှုဖြစ်ပွားစေရန် သော်လည်းကောင်း၊ လှုံ့ဆော်ခြင်း၊

(ဂ) ညစ်ညမ်းစာများကိုဖော်ပြခြင်း၊

(ဃ) ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းတို့ကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်သည့် အရေးအသား၊ စာများထုတ်ဝေခြင်း။

ဒီပြဋ္ဌာန်းချက်တွေကို လေ့လာကြည့်ရင် နိုင်ငံတော်လုံခြုံရေးနှင့် ပြည်သူတို့ရဲ့ ကိုယ်ကျင့်တရားဆိုင်ရာ ကိစ္စများကို ကာကွယ်တားဆီးရန်အလို့ငှာ ပြဋ္ဌာန်းထားတဲ့ အချက်တွေဖြစ်ကြောင်း တွေ့ရပါတယ်။ ၁၉၃၁ ခုနှစ် ပုံနှိပ်တိုက် (အရေးပေါ်အာဏာများ)အက်ဥပဒေ ပုဒ်မ ၄ တွင် စည်းကမ်းချက် (၉)ချက် ပြဋ္ဌာန်းထားပြီး အခုဥပဒေကြမ်းမှာ လျှော့ချပြီး (၅)ချက်သာရှိတော့တာကို တွေ့ရပါတယ်။ ရှိသင့်၊ ရှိထိုက်တဲ့ စည်းကမ်းချက်တွေကိုသာ သတ်မှတ်ထားတာဖြစ်ကြောင်း တွေ့ရပါတယ်။ ပထမအချက်မှာ "အခြားဘာသာ သာသနာကိုလည်းကောင်း" ရဲ့ ရှေ့မှာ မိမိလူမျိုး၏အမျိုးဘာသာသာသနာကိုလည်းကောင်း" ဆိုသည့် စာသားကို ဖြည့်စွက်လျှင် ပိုမိုပြည့်စုံသင့်တော်မည်ဟု ယူဆပါတယ်။

ဥပဒေကြမ်းပုဒ်မ ၈ မှာ ပုဒ်မ ၇ ပါပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ ထုတ်ဝေသောစာအုပ်၊ စာစောင်များကို "တရားမဝင်ထုတ်ဝေစာ"အဖြစ် ကြေညာရန်ပြဋ္ဌာန်းထားပါတယ်။ ဒါပေမယ့် ဒီတရားမဝင်ထုတ်ဝေစာတွေကို ကြေညာရန်သာ ပြဋ္ဌာန်းထားပြီး ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းစသည့် ပြဋ္ဌာန်းချက်မပါရှိတာ အံ့အားသင့်ဖွယ် တွေ့ရပြန်ပါတယ်။

၁၉၆၂ ခုနှစ် ဥပဒေပုဒ်မ ၁၄ တွင် "ရဲအရာရှိ သို့မဟုတ် ဤကိစ္စအလို့ငှာ အာဏာအပ်နှင်းခြင်းခံရသူတစ်ဦးဦးသည် ဥပဒေပြဋ္ဌာန်းချက်နှင့်ဆန့်ကျင်၍ ထုတ်ဝေသော သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်နှင့် ထုတ်ဝေစာများကို တွေ့ရာနေရာတိုင်း၌ သိမ်းယူနိုင်ကြောင်း၊ အဆိုပါဆန့်ကျင်သော ထုတ်ဝေစာကို ထားသိုဖွယ်ရာရှိသည့် အဆောက်အအုံနေရာတို့ကို တရားသူကြီး၏ ဝရမ်းစာဖြင့်ရှာဖွေနိုင်ကြောင်း၊ တွေ့ရှိသည့် ပစ္စည်းကို သိမ်းဆည်းနိုင်ကြောင်း" ပြဋ္ဌာန်းထားပါတယ်။

ဒ့ါအပြင် ၁၉၆၂ ခုနှစ် ဥပဒေပုဒ်မ ၁၅ မှာ "တရားမဝင်ထုတ်ဝေစာကို ရိုက်နှိပ်သည့် ပုံနှိပ်စက်အား ရဲအရာရှိက တရားသူကြီး၏ဝရမ်းစာဖြင့် ရှာဖွေသိမ်းဆည်း၍ တရားသူကြီးထံတင်ပြရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားချက်ကို တွေ့ရပါတယ်။ ၁၉၃၁ ခုနှစ် ဥပဒေမှာလည်း တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာပြီးပါက ရဲအရာရှိသည် ယင်းထုတ်ဝေစာကို တွေ့ရှိရာနေရာတိုင်း၌ သိမ်းဆည်းနိုင်ကြောင်း၊ တရားသူကြီး၏ ဝရမ်းစာဖြင့်ထားသိုရာနေရာ၊ အဆောက်အအုံကို ရှာဖွေနိုင်ကြောင်း" ပြဋ္ဌာန်းထားပါတယ်။

အခုဥပဒေကြမ်းမှာတော့ ရဲက ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းစတဲ့ ကိစ္စရပ်တွေကို ပြဋ္ဌာန်းခြင်းမပြုဘဲ ဖြုတ်ပယ်ထားတာကြောင့် ပုံနှိပ်စက်ပိုင်ရှင်များအတွက် ရွှေရင်အေးဖွယ်အချက်ဖြစ်ကြောင်း တွေ့ရပါတယ်။

"တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာခြင်း" နှင့် ပတ်သက်လို့ စာရေးသူလေ့လာခဲ့ဖူးတဲ့ စင်ကာပူနိုင်ငံရဲ့ Undesirable Publications Act နဲ့ မလေးရှားနိုင်ငံရဲ့ The Printing Presses and Publication Act များနဲ့နှိုင်းယှဉ်တဲ့အခါ သူတို့ရဲ့ဥပဒေမှာလည်း တားမြစ်ချက်နှင့် ဆန့်ကျင်ထုတ်ဝေတဲ့သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များကို မလိုလားအပ်သော ထုတ်ဝေစာ (Undesirable Publication)အဖြစ် ကြေညာ၍ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ အရေးယူခြင်းတွေ ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။

ဥပဒေကြမ်းအခန်း (၅)၊ ပုဒ်မ ၉ မှာ "ပြည်ပမှ ထုတ်ဝေစာကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှ ထုတ်ဝေစာများကို ပြည်ပသို့တင်ပို့ခြင်းတို့ကို ဆောင်ရွက်လိုပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်" ဟု ရေးဆွဲပြဋ္ဌာန်းထားပါတယ်။

ဒါကြောင့် ၁၉၃၁ ခုနှစ် ပုံနှိပ်တိုက် (အရေးပေါ်အာဏာများ)အက်ဥပဒေ ပုဒ်မ ၂၀ အရ လေဆိပ်နှင့် စာတိုက်ကြီးတို့မှာ အကောက်ခွန်ဌာန၊ စာတိုက်ကြီးတို့နှင့်ပူးပေါင်းရှာဖွေ စိစစ်ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများ နိဋ္ဌိတံသွားပြီဖြစ်လို့ ပြည်ပမှစာအုပ်၊ စာစောင်တင်သွင်းသူများဟာ တည်ဆဲဥပဒေနဲ့အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိမှာဖြစ်ပါတယ်။

ဥပဒေကြမ်း ပုဒ်မ ၁၁(ခ)မှာ "ပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါက ပုံနှိပ်သူသည် ပုံနှိပ်သော မည်သည့်ထုတ်ဝေစာကိုမဆို မှတ်ပုံတင်စာရင်းရေးသွင်းခြင်းနှင့် မူပိုင်ခွင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ်အရေအတွက်အတိုင်း မှတ်ပုံတင်အရာရှိထံ အဖိုးအခလွတ်ပေးပို့ရမည်"လို့ ပြဋ္ဌာန်းထားပါတယ်။ ပြည်ပနိုင်ငံအချို့တွေမှာလည်း ထုတ်ဝေတဲ့စာအုပ်စာစောင်တွေကို အဖိုးအခလွတ်ပေးဖို့အတွက် သက်ဆိုင်ရာဥပဒေတွေနဲ့ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ သိသလောက်ဆိုရင် ပုံနှိပ်သူ၊ ထုတ်ဝေသူတွေ အကျိုးစီးပွားမထိခိုက်ရလေအောင် အခမဲ့ပေးပို့တဲ့ အရေအတွက်ကို (၁၂)စောင်အထိ လျှော့ချထားပြီးဖြစ်တဲ့အတွက် ဥပဒေပေါ်လာရင် ပိုတောင်လျှော့လာဦးမယ်လို့ မျှော်မှန်းပြီး ကြိုတင်ပီတိပွားများနိုင်ပါသေးတယ်။

ဥပဒေကြမ်းအခန်း (၇)ပြစ်မှုနှင့် ပြစ်ဒဏ်များမှာ အရေးယူတဲ့ပုဒ်မ (၃)ခုပါရှိပါတယ်။ ၁၉၆၂ ခုနှစ် ဥပဒေမှာ အရေးယူတဲ့ ပုဒ်မ (၅)ခုရှိပါတယ်။

၁၉၆၂ ခုနှစ် ဥပဒေပုဒ်မ (၁၆) နှင့် (၁၈)မှာ "အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် ငါးနှစ်အထိဖြစ်စေ၊ အနည်းဆုံး ငွေဒဏ် ကျပ်နှစ်ထောင်မှ အများဆုံးငွေဒဏ် ကျပ်နှစ်သောင်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်" လို့လည်းကောင်း၊ ပုဒ်မ (၁၇) (၁၉)နှင့်(၂၀)တွင်"အနည်းဆုံး ထောင်ဒဏ် တစ်နှစ်မှ အများဆုံး ထောင်ဒဏ် ခုနစ်နှစ်အထိ ဖြစ်စေ၊ အနည်းဆုံးငွေဒဏ် ၃၀၀၀ မှ အများဆုံး ငွေဒဏ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်" လို့လည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ ဒီလိုပြဋ္ဌာန်းချက်တွေကြောင့်လည်း ၁၉၆၂ ခုနှစ် ဥပဒေကို စာပေလောကသားတွေကို အပြင်းအထန် ဝေဖန်ခဲ့ကြတာပါ။ သူ့ခေတ်အခြေအနေအရ ပြဋ္ဌာန်းခဲ့တာဖြစ်ပေမယ့် ဒီနေ့လို ဒီမိုကရေစီစနစ်ကို ဦးတည်လျှောက်လှမ်းနေချိန်မှာတော့ ဒီဥပဒေဟာ ဘယ်လိုမှ အံမဝင်၊ ခွင်မကျနိုင်တော့ပါဘူး။

အခု ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းမှာတော့ "ပုဒ်မ ၂၀ ၌ ငွေကျပ်ငါးဆယ်သိန်းမှ ကျပ်တစ်ရာ သိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေ မဆောင်ပါက ထောင်ဒဏ်ခြောက်လချမှတ်ရမည်"ဟု လည်းကောင်း၊ ပုဒ်မ ၂၁ ၌ငွေဒဏ်ကျပ်တစ်ဆယ်သိန်းမှ ကျပ်ငါးဆယ်သိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ် သုံးလအထိ ချမှတ်ရမည်" ဟု လည်းကောင်း၊ ပုဒ်မ ၂၂ ၌ ငွေဒဏ်ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ် ခုနစ်ရက်အထိ ချမှတ်ရမည်" ဟု လည်းကောင်း ပြဋ္ဌာန်းထားတာတွေ့ရတော့ တင်းကျပ်ဖို့ မရည်ရွယ်ဘဲ စည်းမျဉ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်အောင် သင့်လျော်တဲ့ အတိုင်းအတာ သတ်မှတ်ထားခြင်းလို့ပဲ မြင်မိပါတယ်။

၁၉၆၂ ခုနှစ် ဥပဒေပါပြစ်မှုများဟာ ရဲအရေးပိုင်တဲ့ ပြစ်မှုများဖြစ်သော်လည်း ဒီဥပဒေမူကြမ်းပါပြစ်မှုတွေဟာ ဒဏ်ငွေသက်သက်သာပြဋ္ဌာန်းထားတဲ့အတွက် ရဲအရေးမပိုင်တဲ့အမှုတွေဖြစ်လို့ တရားရုံးသို့သာ ဦးတိုက်လျှောက်ထားရတဲ့ အမှုတွေအဖြစ် ပြဋ္ဌာန်းထားတာဖြစ်လို့ ပုံနှိပ်မီဒီယာလောကရဲ့ရှေ့ရေး ရင်အေးရပြန်ပါတယ်။

ဒီဥပဒေကြမ်းကို အားပါးတရဖတ်အပြီးမှာတော့ ကျွန်တော့်လို ဖတ်ပြီးတစ်ဦးချင်း၊ တစ်ဖွဲ့ချင်း အသီးသီး ဆွေးနွေးနေကြမယ့် စာပေလောကသားတွေ၊ ဥပဒေပညာရှင်တွေ၊ ပြည်သူတွေရဲ့မျက်နှာကို မြင်အောင် ကြည့်မိပါသေးတယ်။

အားလုံးက သားရွှေအိုးထမ်းလာတာကို ပြုံးပြုံးကြီး ကြိုနေသလို ဖြစ်နေမှာပါ။

ဟုတ်ပါတယ်။ ခေတ်နဲ့လျော်ညီတဲ့ ဥပဒေသစ်တစ်ရပ် ပေါ်ပေါက်လာမှာဖြစ်တဲ့အတွက် လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုလိုက်ရကြောင်းပါ ခင်ဗျာ။ ။

ပြည်သူ့လွှတ်တော် အစည်းအဝေး

# ပင်မဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံကြီးများ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ တည်ဆောက်ပြီးစီးပါက ကျေးရွာများ လျှပ်စစ်မီးရရှိလာမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ယနေ့တွင် ကျင်းပသည်။**

အစည်းအဝေးတွင် ရွှာငံမဲဆန္ဒနယ်မှ **ဦးအောင်သိန်း** က **တိုင်းရင်းသားလူမျိုးစု (၁၃၅)မျိုးနှင့် ပတ်သက်၍ မည်သည့်အစိုးရလက်ထက်တွင် စာရင်းပြုစုပြီး ရရှိလာခဲ့သည်နှင့် စပ်လျဉ်း၍** မေးမြန်းရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က မြန်မာနိုင်ငံတွင် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်း၌ အသုံးပြုခဲ့သောမှတ်တမ်းများအရ တိုင်းရင်းသားလူမျိုးစု(၁၃၅)မျိုးရှိပြီး မျိုးနွယ်စုအလိုက် အသေးစိတ်မှာ ကချင်မျိုးနွယ်စု(၁၂)စု၊ ကယားမျိုးနွယ်စု(၉)စု၊ ကရင်မျိုးနွယ်စု(၁၁)စု၊ ချင်းမျိုးနွယ်စု(၅၃)စု၊ ဗမာမျိုးနွယ်စု(၉)စု၊ မွန်မျိုးနွယ်စု(၁)စု၊ ရခိုင်မျိုးနွယ်စု(၇)စု၊ ရှမ်းမျိုးနွယ်စု(၃၃)စုတို့ ဖြစ်ကြပါကြောင်း၊ မြန်မာနိုင်ငံတွင်နေထိုင်သော တိုင်းရင်းသားမျိုးနွယ်စုအမည်စာရင်းများ သတ်မှတ်ပြုစုရာတွင် တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်းမှ သတ်မှတ်ပြုစု၍မရနိုင်ပါကြောင်း၊ မြန်မာနိုင်ငံသမိုင်းကော်မရှင် အကြံပေးအဖွဲ့နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုရုံး အကြံပေးအဖွဲ့တို့၏ အကြံပေးချက်များကိုလည်းကောင်း၊ ၁၉၈၃ခုနှစ် သန်းခေါင်စာရင်း မတိုင်မီက ပြုလုပ်ခဲ့သည့် သန်းခေါင်စာရင်းများတွင် ကောက်ယူရရှိခဲ့သော လူမျိုးအမည်စာရင်းများကိုလည်းကောင်း အခြေခံ၍ သတ်မှတ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယင်းနှင့်ပတ်သက်၍ ၁၉၉၀ခုနှစ် စက်တင်ဘာ ၂၆ ရက်ထုတ် လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာတွင်လည်း ယင်းလူမျိုးစုစာရင်းမှာ ၁၉၃၁ ခုနှစ်တွင် ပြုစုခဲ့သော သန်းခေါင်စာရင်းအရ လူမျိုးစုစာရင်းအပေါ် အခြေခံ၍လည်းကောင်း၊ ၁၉၅၃-၅၄ ခုနှစ် လူမျိုးစုစာရင်းအရ လည်းကောင်း၊ ၁၉၆၀ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုရုံး၏ အကြံပြုချက်နှင့် ယင်းနှစ်တွင်ပင် မြန်မာနိုင်ငံသမိုင်းကော်မရှင်၏ အကြံပေးချက်အရ လည်းကောင်း၊ ၁၉၇၂ ခုနှစ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဗဟိုကော်မတီဌာနချုပ် တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ၏ ညှိနှိုင်းပေးချက်အရလည်းကောင်း လူမျိုးစုစာရင်းများကို အချိန်ယူပြုစုခဲ့ကြရာ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းတွင် အသုံးပြုခဲ့သော တိုင်းရင်းသားလူမျိုးများစာရင်းဖြစ်ကြောင်း သိရှိရသည်ဟု ဖော်ပြထားပါကြောင်း ဖြေကြားခဲ့သည်။

ယင်းဖြေကြားချက်နှင့်ပတ်သက်၍ မေးခွန်းရှင် ရွှာငံမဲဆန္ဒနယ်မှ **ဦးအောင်သိန်း** က ဒုတိယဝန်ကြီးရဲ့ဖြေကြားချက်ကို ကျွန်တော့်အနေနဲ့ စောဒကတက်စရာမရှိပါ၊ တာဝန်ရှိအဖွဲ့အစည်းတွေက အချိန်ယူပြီး အသေအချာစာရင်းပြုစုခဲ့ကြတယ်ဆိုတာကိုသိရလို့ ကျေနပ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော် ဘာကြောင့်မေးရသလဲဆိုရင် ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကြတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တိုင်းရင်းသားစစ်စစ်တစ်ဦး ဖြစ်ပါတယ်။ ယခုအချိန်မှာ တိုင်းရင်းသားမျိုးနွယ်စုတွေနဲ့ပတ်သက်ပြီး သူ့အထင်၊ ငါ့အထင်နဲ့ ပြောဆိုရေးသားနေကြတာတွေရှိပါတယ်။ တချို့က(၁၀၀)လို့ရေးလိုရေး၊ တချို့ကလည်း(၁၁၀)ဆိုပြီး ဖော်ပြလို ဖော်ပြ၊ တချို့ကျပြန်တော့လည်း ယေဘုယျသဘောနဲ့(၁၀၀)ကျော်လို့ဆိုပြီး ထုတ်ဖော်ရေးသားနေကြတာတွေကို အမျိုးမျိုးအဖုံဖုံတွေ့ရှိနေရပါတယ်။ မိသားစုတစ်စုမှာ ညီအစ်ကိုမောင်နှမအရင်းက ဘယ်နှယောက်ရှိတယ်၊ ဖစုံ အမေကွဲ၊ အမေစုံ ဖကွဲက ဘယ်လောက်ရှိတယ်၊ ညီအစ်ကိုမောင်နှမတစ်ဝမ်းကွဲတွေက ဘယ်လောက်ရှိတယ် စသဖြင့် မိသားစုစည်းလုံးညီညွတ်ရေးအတွက် သိဖို့မလိုအပ်ဘူးလား၊ အခြေခံမသိဘဲနဲ့တော့ ဘာညီညွတ်ရေးမှလုပ်နိုင်လိမ့်မယ်မဟုတ်ဘူးလို့လဲ ခိုင်မာစွာယူဆပါတယ်၊ ထို့အတူပဲ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုတည်ဆောက်ဖော်ဆောင်ကြမယ်ဆိုရင် တိုင်းရင်းသား လူမျိုးစုအချင်းချင်းဟာလဲ မိမိတို့အချင်းချင်း ဘယ်လိုတော်စပ်ကြတယ်၊ ဘယ်လိုဆက်နွယ်မှု ရှိကြတယ်ဆိုတာတွေကို သိရှိနေဖို့လိုအပ်လိမ့်မယ်လို့ အလေးအနက်ခံယူပါတယ်။

ကျွန်တော့်အနေနဲ့ ၂၀၁၄ခုနှစ်မှာ တစ်နိုင်ငံလုံး သန်းခေါင်စာရင်းကောက်ယူမှာ ဖြစ်တဲ့အတွက် သန်းခေါင်စာရင်း ကောက်ယူတဲ့နေရာမှာ ဆိုင်ရာဆိုင်ရာ တိုင်းရင်းသားတွေအနေနဲ့ မိမိတို့လူမျိုးစုများအလိုက် မှန်မှန်ကန်ကန်စာရင်းပေးသွင်းနိုင်ကြဖို့၊ နောက်အဓိကကတော့ တာဝန်ရှိသူတွေအနေနဲ့ လူမျိုးစုစာရင်းကို မှန်မှန်ကန်ကန်၊ တိတိကျကျ ရေးသွင်းမှတ်တမ်းတင်နိုင်ဖို့အတွက်ကိုလည်း အထောက်အကူဖြစ်စေလိမ့်မယ်လို့ ယုံကြည်တဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်ဟု ပြောကြားသည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ **ဦးတင်မောင်ဦး** က **နိုင်ငံတစ်ဝန်းရပ်ကွက်ကျေးရွာအဆင့်အထိ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရန် လျာထားသည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ မေးမြန်းရာ** လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်ဇော်ကဖြေကြားရာတွင် တစ်နိုင်ငံလုံးမြို့ပေါင်း (၃၃၅) မြို့ရှိသည့်အနက် ဓာတ်အားစနစ်မှ မီးလင်းပြီးမြို့ပေါင်းမှာ(၂၀၂)မြို့ရှိပြီး အခြားနည်းလမ်းဖြင့် မီးလင်းပြီးမြို့ (၁၇၁)မြို့ရှိသဖြင့် စုစုပေါင်း မီးလင်းပြီးမြို့ (၃၇၃)မြို့ ဖြစ်ပါကြောင်း၊ ကျေးရွာပေါင်း (၆၂၂၁၈)ရွာ ရှိသည့်အနက် ၂၀၁၂ခုနှစ် ဒီဇင်ဘာလအထိ ဓာတ်အားစနစ်မှ မီးလင်းပြီးကျေးရွာ(၃၈၀၆) ရွာ၊ အခြားနည်းလမ်းဖြင့် မီးလင်းပြီးကျေးရွာ (၁၆၀၁၈)ရွာ စုစုပေါင်းကျေးရွာ (၁၉၈၂၄)ရွာ မီးလင်းပြီးဖြစ်ပါကြောင်း၊ လက်ရှိဓာတ်အားထုတ်လုပ်မှုမှာ (၁၈၅၀)မဂ္ဂါဝပ်ဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ဓာတ်အားထုတ်လုပ်မှုမှာ (၃၂၃၆)မဂ္ဂါဝပ်အထိ တိုးတက်လာရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်၍ မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံကြီးများ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားဖြန့်ဖြူးမည့်ခွဲရုံများ တည်ဆောက်ခြင်းတို့ကို တည်ဆောက်ပြီးစီးပါက ၄င်းဓာတ်အားခွဲရုံများမှ တစ်ဆင့် ၁၁ကေဗွီဓာတ်အားလိုင်းသို့ ကျေးရွာများမှကိုယ့်အားကိုယ်ကိုး လာရောက်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳



ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော် အစည်းအဝေး

# အရင်းအနှီးနှင့် နည်းပညာရရှိရေး၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး မူဘောင်ချမှတ် ဆောင်ရွက်သွားရမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ်(၁၅) ခုဖြင့် ကျင်းပသည်။**




ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အစည်းအဝေး၌ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းထားသည့် အာဆီယံ၏စီးပွားရေးအသိုက်အဝန်း ၂၀၁၅ ခုနှစ်အတွက် အရေးကြီးသော **SMEs** များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မူဝါဒများကိုဆောလျင်စွာချမှတ်ရန်ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၅)ဦးတို့က ဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်းက မြန်မာနိုင်ငံအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင်ပါဝင်ပြီး လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်အတိုင်း လိုက်ပါဆောင်ရွက်ရမည်ဖြစ်သည့်အတွက် စီးပွားရေးအရှိန်အဟုန်ရရှိနေပြီဖြစ်သည့် အိမ်နီးနားချင်းနိုင်ငံများ၏ ဈေးကွက်ကြီးဖြစ်မသွားစေရန်နှင့် ရှိနေသည့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ ယိုင်လဲမသွားစေရန် ၂၀၁၅ ခုနှစ်မတိုင်မီ ဆောင်ရွက်ရန်ရှိသည်တို့ကို ဆောင်ရွက်ရန် အချိန်ကာလအားဖြင့် (၃)နှစ်သာကျန်တော့သည့်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများကို ရင်ဆိုင်ကိုင်တွယ်ဖြေရှင်းရင်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ကြိုးပမ်းဆောင်ရွက်အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးနှင့် အခွန်ကဏ္ဍသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် စွမ်းရည်တည်ဆောက်မှုအတွက် လူမှုရေးအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ ကုန်ကျစရိတ် ထိရောက်ထက်မြက်မှု သတ်မှတ်ခြင်း၊ ထွက်ကုန်နှင့် ဝန်ဆောင်မှုများ ဖွံ့ဖြိုးရေးအတွက် အုပ်ချုပ်ရေး၊ စာရင်းကိုင်စနစ်နှင့် သတင်းအချက်အလက်များရရှိရေး ဆောင်ရွက်ခြင်း၊ ကုန်ကျစရိတ် လျှော့ချရေးနည်းပညာ၊ အရည်အသွေးကောင်းမွန်ရေး နည်းပညာရရှိရေးဆောင်ရွက်ခြင်း စသည်တို့ကို ကြိုတင်မူဘောင်ချမှတ် ထူထောင်ထားရမည်ဖြစ်သည့်အပြင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ပေးရမည် ဖြစ်ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ချိတ်ဆက်ဆောင်ရွက်နိုင်မည့် စီးပွားရေး ကုန်ထုတ်လုပ်ငန်းများ ဈေးကွက်များသို့ ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်းအားဖြင့် အထောက်အကူပြုစီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ ယှဉ်ပြိုင်နိုင်စွမ်းရှိလာမည် ဖြစ်ပါကြောင်း၊ အရင်းအနှီးနှင့် နည်းပညာရရှိရေးအတွက် ပြည်တွင်းငွေကြေးမူဝါဒချမှတ်ခြင်းနှင့် နိုင်ငံတကာထောက်ပံ့ငွေဖြင့် နည်းပညာရရှိရေး၊ ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်နိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးဆောင်ရွက်နိုင်မှုများကို ကြိုတင်မူဘောင်ချမှတ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းထောက်ခံဆွေးနွေးသည်။

စာမျက်နှာ ၈ ကော်လံ ၄ သို့ ❑





# ၂၀၁၃ ဆီးဂိမ်းအကြို ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ လူအင်အား ၂၀၀၀ ကျော်၊ ဖျော်ဖြေတင်ဆက်မှုများစွာဖြင့် ယနေ့ဖွင့်လှစ်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

**၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပတော့မည့် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုဖြစ်သည့် ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၇ ရက်အထိ နေပြည်တော်၌ ကျင်းပတော့မည် ဖြစ်သည်။**

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲကို နေပြည်တော် ဇမ္ဗူသီရိ မြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ၂၈-၂-၂၀၁၃ (ယနေ့)ညနေပိုင်းတွင် ခြိမ့်ခြိမ့်သဲသဲ ကျင်းပတော့မည်ဖြစ်သည်။

အခမ်းအနားကို အစီအစဉ် အခု(၂၀)ဖြင့် ကျင်းပမည်ဖြစ်ပြီး ဦးစွာ အနုပညာဦးစီးဌာနက စကားဖြင့် ပဏာမညွှန့်ခံမည်ဖြစ်သည်။ ဆက်လက်၍ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့မှ တေးသံရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။ ထို့နောက် အခမ်းအနားအစီအစဉ်များကို စနစ်တကျတစ်ခုချင်း တင်ဆက်ကြမည်ဖြစ်ပြီး မြားပစ်အားကစားသမား တစ်ဦးက ပင်မမီးရှူးတိုင်သို့ မြားပစ်၍ မီးကူးထွန်းညှိခြင်း၊ ဆင်ရတနာ တိုးနယား၊ အောင်လံလွှင့်ချီရှေ့သို့ဆီ၊ အနာဂတ်၏ခွန်အား၊ ဘဝင်သို့ ညံအောင်စည်သံ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင် ရေးသားသီကုံးထားသည့် "ပြည်ထောင်စုကြီးတို့ရဲ့ မြန်မာ" သီချင်းကို တေးသံရှင် နေနေက ဖျော်ဖြေသီဆိုခြင်း စသည့်အစီအစဉ်ပေါင်းများစွာဖြင့် ရှုမငြီး ကြည့်ရှုကြရမည်ဖြစ်သည်။အဆိုပါအခမ်းအနားအစီအစဉ်များစွာ ထဲမှ ဆင်ရတနာတိုးနယားနှင့် အနာဂတ်၏ခွန်အား အစီအစဉ်တို့ကို နည်းပြ အဖြစ်တာဝန်ယူတင်ဆက်သည့် ဒေါ်စမ်းနု လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း) ယဉ်ကျေးမှုဝန်ကြီးဌာန၊ လက်ရှိ မြဝတီရုပ်မြင်သံကြား၌ အကြံပေးအရာရှိ အဖြစ် တာဝန်ထမ်းဆောင်နေသူက "အန်တီက ယခင်က ပြုလုပ်ခဲ့တဲ့ အားကစားပြိုင်ပွဲကြီးတွေမှာ ပါဝင်ကူညီတင်ဆက်ခဲ့တဲ့ အတွေ့အကြုံရှိလို့ ယခုလို ဒီပြိုင်ပွဲကြီးမှာ ပြန်လည်တာဝန်ပေးအပ်ခြင်းခံရတာ ဖြစ်ပါတယ်။ ဒီပွဲကြီးမှာ တိုင်းရင်းသားတွေကို သင်ကြားပြသရတဲ့တာဝန်ကို ယူထားပါ တယ်၊ ဆင်ရတနာအကကို ကျောက်ဆည် ဆင်အကအဖွဲ့က ပါဝင်ကူညီတာ ဖြစ်ပြီး တိုးနယားအကကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့မှ ရှမ်းလူမျိုး စစ်စစ်တွေက ကပြဖျော်ဖြေမှာ ဖြစ်ပါတယ်"။ ကျောက်ဆည်ဆင် ၁၀ စီးနှင့် တိုးနယား ငါးကောင်ပါဝင်ကပြမှာဖြစ်ပါတယ်။

"အနာဂတ်ခွန်အားအစီအစဉ်ကတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေး ပညာပေးဖြစ်ပါတယ်။ သာမန်တင်ဆက်ထားတာမျိုးမဟုတ်ဘဲ ကမ္ဘာ ပေါ်မှာ ရာသီဥတုကြောင့် အရိပ်အာဝါသမရှိတော့ဘဲ သတ္တဝါလေးတွေ ငေးမှိုင်နေတဲ့ပြကွက်မှာ လူတွေရောက်လာပြီး သစ်ပင်တွေစိုက်တယ်၊ နောက်သစ်ပင်တွေ ကြီးလာပြီး အရိပ်တွေရလာတယ်၊ ပန်းမန်တွေ ပေါက်လာတယ်၊ လူတွေစိုက်ခဲ့တဲ့ သစ်ပင်တွေ သူတို့အတွက် အကျိုးရှိလာ တာကိုသိပြီး ၎င်းတို့ကိုယ်တိုင် သစ်တော၊ သစ်ပင်တွေကို ပြုစုထိန်းသိမ်း တဲ့ပြကွက်လေးပါ"။ ဒီအစီအစဉ်မှာ ကျောက်ဆည်ဆင် ၁၀ စီး၊ တိုးနယား ငါးကောင်၊ ကိန္နရီ တစ်ကောင်၊ ဒေါင်း၊ ယုန်၊ မျောက်၊ သမင်၊ Mascot ရှစ်ကောင်တို့ကို ပါဝင်ကပြဖျော်ဖြေမှာဖြစ်ပါတယ်။ ဇာတ်ခုံတစ်ခုမှာ ဇာတ်ပွဲ ကြည့်ရသလိုမျိုး ဖြစ်မှာသေချာပါတယ်။ ဒီလို ပွဲတော်ကြီးမှာ ယခုလို တတ်မြောက်ထားတဲ့ အနုပညာနဲ့တင်ဆက်ခွင့်ရတာကို ဝမ်းမြောက်ဂုဏ်ယူ ပါတယ်။ မြန်မာလူမျိုးတစ်ယောက်အနေနဲ့ မြန်မာ့အနုပညာရသကို ချပြ ရတဲ့အတွက် များစွာကျေနပ်ပါတယ်"ဟု ရှင်းပြသည်။

မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့မှ တေးသံရှင် ရွှေရည်ဝင်းလက် က "ကျွန်မတို့ မြန်မာ့အသံမှ အနုပညာရှင်များက အာရှမြန်မာ၊ ပျော်ပျော် ရွှင်ရွှင်ပြုံးပန်းဆင်၊ စောရအိုင်၊ ချင်းတောင်တန်းမှ ဖိတ်ခေါ်သံ၊ တစ်ရွာသား နဲ့ ပဝါပါး၊ တောင်းတဲ့ဆုနဲ့ပြည့်ဝရစေသား၊ ထာဝရဒို့မြေအလှ၊ စနိုးဟိုက်၊ ဇာတိမာန် စတဲ့တေးသီချင်းများနဲ့ ဖျော်ဖြေမှာပါ။ နိုင်ငံတော်အဆင့်ပွဲတွေမှာ များစွာဆိုဖူးပေမယ့် ဒီလိုဆီးဂိမ်းအကြို အားကစားပွဲကြီးမှာ ပါဝင်သီဆို ဖျော်ဖြေရတဲ့အတွက် များစွာကြည်နူးဂုဏ်ယူရပါတယ်"ဟု ပြောပြသည်။

အားကစားနည်း ၂၂ မျိုးကို ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်တို့ရှိ အားကစားကွင်း၊ အားကစားရုံများ၌ နေရာခွဲ၍ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အမျိုးသားအားကစားနည်းများမှာ ၂၇-၂-၂၀၁၃ (ယနေ့)တွင် နောက်ဆုံးယှဉ်ပြိုင်မှုများပြီးဆုံးပြီး ဆုပေးပွဲအခမ်းအနားကို ပြုလုပ်ခဲ့ကြပြီးဖြစ်သည်။

**သတင်း - အောင်ကျော်ဝင်း(ကြေးမုံ) «» ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)**



ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား အပြီးသတ်အစမ်းလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ရစဉ်။

# မအူပင်ခရိုင် မလက်တိုကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံလူတစ်စုတို့ ရှုန်းရင်းဆန်ခတ်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စု ပလောင်ကျေးရွာအနီးရှိ အော့ချက်(ဒ) ကုမ္ပဏီပိုင် ဧက(၅၅၀)ရှိ ငါးမွေးမြူရေးကန်အနီး၌ ဒေသခံလူတစ်စုနှင့် လုံခြုံရေးတာဝန်ယူထားသော မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၂၆ ရက် ညနေပိုင်းတွင် ရှုန်းရင်းဆန်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် တိုင်းဒေသကြီးအဆင့်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပလောင်ကျေးရွာ အမက၌ ရွာသူရွာသား ၁၅၀ ခန့်ကို တွေ့ဆုံပြီး ငါးကန်ပြုလုပ် ထားသည့် မြေများနှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြသည်။ ထို့နောက် မွန်းလွဲ ၁ နာရီတွင် အခြေအနေအရ လိုအပ်၍ ခရိုင်အုပ်ချုပ်ရေးမှူးက တားမြစ်မိန့် ပုဒ်မ(၁၄၄)ကို ထုတ်ပြန်ခဲ့သည်။

ယင်းနောက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် တာဝန်ရှိသူများက ကန်ပေါင်ပေါ်တွင် ရောက်ရှိနေသည့် ရွာသူ ရွာသား ၁၅၀ ခန့်နှင့် ထပ်မံတွေ့ဆုံဆွေးနွေးခဲ့ကြသဖြင့် ရွာသူရွာသားများ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

သို့ရာတွင် ညနေ ၅ နာရီခွဲခန့်တွင် လူအင်အား ၁၅၀ ခန့်သည် တုတ်၊ ဓား လက်နက်များကိုင်ဆောင်၍ ပြန်လည်ရောက်ရှိလာကြသဖြင့် ကန်ပေါင်တွင် လုံခြုံရေးတာဝန်ယူထားသော ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့များက အေးချမ်းစွာပြောဆို၍ တားဆီးခဲ့သော်လည်း လိုက်နာခြင်းမရှိဘဲ ရဲတပ်ဖွဲ့ဝင်များနှင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက သေနတ်မိုးပေါ်ထောင်ဖောက်၍ ခြောက်လှန့်လူစုခွဲ သော်လည်း လူစုကွဲမသွားဘဲ ညနေ ၆ နာရီမှ ၆ နာရီ မိနစ် ၅၀ ခန့်အထိ ဆက်လက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များဘက်မှ အရာရှိ နှစ်ဦးနှင့် အခြားအဆင့် ၂၈ ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဒဏ်ရာရရှိသူများအနက်မှ ရဲတပ်သားရဲကျော်သူမှာ ဒဏ်ရာပြင်းထန်သဖြင့် မအူပင်မှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုခံယူစဉ် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားခဲ့သည်။

အလားတူ ရွာသူရွာသား ၁၅ ဦးတို့သည် ဖူးရောင်ပေါက်ပြဲဒဏ်ရာများဖြင့် မအူပင်ဆေးရုံသို့ ဖေဖော်ဝါရီ ၂၆ ရက် ည(၇)နာရီခွဲတွင် ရောက်ရှိလာခဲ့ပြီး ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ယခုအခါ အဆိုပါနယ်မြေတွင် တည်ငြိမ်မှုရှိနေပြီဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်း ရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအကြို ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအကြို ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲဖေဖော်ဝါရီ ၂၇ရက်နေ့ ပွဲစဉ်များအဖြစ် အမျိုးသားနှစ်ယောက်တွဲတင်းနစ်၊ အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲတင်းနစ်၊ အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲ ကြက်တောင်ဗိုလ်လုပွဲစဉ်များနှင့် အမျိုးသား သုံးယောက်တွဲပိုက်ကျော်ခြင်း ၊အမျိုးသမီးသုံးယောက်တွဲ ပိုက်ကျော်ခြင်း အားကစားနည်း အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ လေ့ကျင့်ရေးအားကစားကွင်းအမှတ်(၁)၌ အကြိတ် အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အမျိုးသားနှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲတွင် ခင်မောင်ဝင်း၊ ဖြိုးမင်းသာ(ပဲခူး)တို့အတွဲက အောင်ကျော်နိုင်၊ ဝင်းနိုင်ဦး(ရန်ကုန်)တို့အတွဲကို အနိုင်ရရှိခဲ့သည်။ အမျိုးသမီးနှစ်ယောက်တွဲ တင်းနစ်ပွဲစဉ်တွင် ဝင်းသဇင်ထိုက်၊ နွေဦးမွန်(ကယား)အတွဲကို သန္တာအောင်၊ အေမီထွန်း (ရန်ကုန်)အတွဲက အနိုင်ရရှိခဲ့သည်။

အမျိုးသားသုံးယောက်တွဲပိုက်ကျော်ခြင်းအုပ်စုပွဲ စဉ်များကို ဆက်လက်ယှဉ်ပြိုင်ရာ မွန်ပြည်နယ် အမျိုးသားအသင်းက ကချင်ပြည်နယ် အမျိုးသား အသင်းကို ၃-၁ ဖြင့် အနိုင်ရရှိပြီး ပဲခူးတိုင်းဒေသကြီး အသင်းကို မန္တလေးတိုင်းဒေသကြီးက ၃-၁ဖြင့်လည်း ကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းကို စစ်ကိုင်း တိုင်းဒေသကြီးက ၃-၂ ဖြင့်လည်းကောင်း၊ ချင်းပြည်နယ် အသင်းကို ရန်ကုန်တိုင်းဒေသကြီးအသင်းက ၃-၀ ဖြင့် လည်းကောင်း၊ ကယားပြည်နယ်အသင်းကို ရခိုင်ပြည်နယ် အသင်းက ၃-၁ ဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး သုံးယောက်တွဲပိုက်ကျော်ခြင်းအုပ်စုပွဲ စဉ်တွင်လည်း ပဲခူးတိုင်းဒေသကြီးကို ဧရာဝတီတိုင်း ဒေသကြီးအသင်းက၃-၁ဖြင့်အနိုင်ရရှိပြီး ကရင်ပြည်နယ် အသင်းကို မွန်ပြည်နယ်အသင်းက ၃-၁ ဖြင့် လည်း ကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းကို ရန်ကုန် တိုင်းဒေသကြီးအသင်းက ၃-၀ ဖြင့်လည်းကောင်း၊ ရခိုင် ပြည်နယ်အသင်းကို မန္တလေးတိုင်းဒေသကြီးအသင်းက ၃-၀ ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်း ကို ရန်ကုန်တိုင်းဒေသကြီးအသင်းက ၃-၁ ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ ကြက်တောင် ဗိုလ်လုပွဲစဉ်တွင် အေးမင်းထွန်း၊ လဲ့လဲ့ရီ(ရန်ကုန်)တို့ အတွဲကို သံလွင်အောင်၊ ဖူးပွင့်ဇံ(ရန်ကုန်)အတွဲက အနိုင်ရရှိကာ ဗိုလ်စွဲသွားခဲ့သည်။ မိုးဟိန်း၊ ခိုင်ဇာလင်း (မန္တလေး)အတွဲနှင့် အောင်မျိုးသန့်၊ လင်းလင်းထွေး (မန္တလေး)အတွဲတို့ကလည်း ပူးတွဲတတိယဆုကို ဆွတ်ခူး သွားခဲ့သည်။

**အောင်ကျော်ဝင်း(ကြေးမုံ)**

# စင်ကာပူတွင် တရားမဝင်ဆန္ဒပြရန် လှုံ့ဆော်ခဲ့သော ယာဉ်မောင်းလေးဦးကို ထောင်ဒဏ်ချမှတ်

**စင်ကာပူ ဖေဖော်ဝါရီ ၂၇**

ယခင်နှစ် နိုဝင်ဘာလအတွင်းက စင်ကာပူနိုင်ငံတွင် တရားမဝင်ဆန္ဒ ပြမှုအား လှုံ့ဆော်ခဲ့ကြသော ယာဉ်မောင်း လေးဦးကို စင်ကာပူနိုင်ငံ တရားရုံးတစ်ခုက ရက်သတ္တခြောက်ပတ်နှင့် ခုနစ်ပတ် ထောင်ဒဏ်များ အသီးသီးချမှတ်လိုက်သည်။

ယင်းပုဂ္ဂိုလ်လေးဦးက တရားမဝင်ဆန္ဒပြမှုကို လှုံ့ဆော်ခဲ့ကြောင်း ဝန်ခံခဲ့ပြီး ၎င်းတို့အနက် ဟီဂွန်လိန်ဆိုသူသည် ဝက်ဘ်ဆိုက်တစ်ခုမှတစ်ဆင့် အွန်လိုင်းပေါ်တွင်တင်၍ ဆန္ဒပြရန်လှုံ့ဆော်ခဲ့ခြင်းဖြစ်ရာ တရားသူကြီးက ၎င်းတို့ကို ပြစ်မှုနှစ်ခုအတွက် ထောင်ဒဏ် ခုနစ်ပတ်စီချမှတ်ခဲ့ပြီး ပြစ်ဒဏ် နှစ်ရပ်ကို တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

၎င်းတို့ လေးဦးသည် ယမန်နှစ်နိုဝင်ဘာ ၂၆ ရက်က အများပြည်သူ သယ်ယူပို့ဆောင်ရေး SMRT ကုမ္ပဏီ၏ လခနှုန်းထားကွာခြားခြင်းနှင့် တရားမဝင်ခွဲခြားဆက်ဆံမှုကို ဆန္ဒပြသည့်အနေဖြင့် အလုပ်ဆင်းရန် ပျက်ကွက်ခဲ့သော ယာဉ်မောင်း ၁၇၁ ဦးတွင် ပါဝင်ခဲ့သူများဖြစ်သည်။

ယင်းလေးဦးအပြင် ယာဉ်မောင်းနောက်တစ်ဦးဖြစ်သူ ဘောင်ဖန်ရှုန် မှာ ၎င်းတရားမဝင် ဆန္ဒပြမှုတွင်ပါဝင်ခဲ့သည်ဟု ယမန်နှစ်ကပင်ဝန်ခံခဲ့လျက် ထောင်ဒဏ် ခြောက်ပတ်ကျခဲ့ပြီးဖြစ်သည်။ ဆန္ဒပြသူများအနက် ၂၉ ဦးမှာ နိုင်ငံရင်းသို့ ပြန်ပို့ခြင်းခံခဲ့ရသည်။

၎င်းအမှု၏ အကြီးတန်းခရိုင်တရားသူကြီး ဆီးကျိုးအွန်းက တနင်္လာ နေ့က ပြောကြားရာတွင် ယခု ထောင်ဒဏ်ချမှတ်ခံခဲ့ရသော ဘတ်စ်ကား ယာဉ်မောင်းလေးဦးကြောင့် အများပြည်သူသုံးစွဲနေသော သယ်ယူ ပို့ဆောင်ရေးလုပ်ငန်း ထိခိုက်ခဲ့ကြောင်း၊ ၎င်းလုပ်ငန်းသည် အမှန်တကယ် မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်သောကြောင့် ၎င်းလုပ်ငန်း တွင် လုပ်ဆောင်နေသော အလုပ်သမားများအနေဖြင့် တရားဝင်ခွင့်ပြုချက် တောင်းခံရရှိပြီးမှ ဆန္ဒပြခွင့်ရှိသည်ဟူသော တင်းကျပ်သည့် စည်းကမ်းများ ရှိကြောင်း ပြောကြားသည်။

၎င်းယာဉ်မောင်းများသည် နစ်နာချက်ကြောင့် ယင်းကဲ့သို့ပြုမူဆောင်ရွက် ခြင်းဖြစ်ကောင်းဖြစ်နိုင်ကြောင်း၊ ၎င်းတို့၏ နစ်နာချက်များ ခိုင်လုံမှုရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဥပဒေကို မျက်ကွယ်ပြု၍ လက်လွတ်စပယ် ဆောင်ရွက်ခွင့်မရှိကြောင်း၊ ဥပဒေမသိနားမလည်မှုကြောင့်ဟူ၍ ပြုမူဆောင် ရွက်မှုကို လုံးဝခွင့်လွှတ်နိုင်ခြင်းမရှိကြောင်း တရားသူကြီးက ပြောကြားသည်။

ခေတ္တလူ့စွမ်းအားဝန်ကြီး ဟန်ချွန်ဂျင်ကလည်း ယာဉ်မောင်းများ၏ အပြုအမူမှာ တရားမဝင်ဆန္ဒပြမှုဖြစ်သည်ဟု နိုဝင်ဘာ ၂၇ ရက်တွင် ကြေညာခဲ့သည်။

ယခုအမှုတွင် အမှုလိုက်ပေးသည့် ရှေ့နေများက ယာဉ်မောင်းများ၏ အဓိကပျက်ကွက်မှုမှာ ဆန္ဒပြမှုပြုလုပ်ရန် ၎င်းတို့၏ ရည်ရွယ်ချက်ကို အလုပ်ရှင်များအား ဆန္ဒပြမည့်ရက်မတိုင်ခင် ၁၄ ရက်အလိုတွင် အသိ မပေးခြင်းဖြစ်သည်ဟု ပြောကြားသည်။

စင်ကာပူနိုင်ငံသည် အလုပ်သမားအငြင်းပွားမှုများနှင့် အလုပ်သမား များ၏ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် အလုပ်ရှင်၊ အလုပ်သမားများ နှင့် အစိုးရပါဝင်သည့် သုံးပွင့်ဆိုင်ညှိနှိုင်းရေးယန္တရားကို ထူထောင်ထား ကြောင်း သိရသည်။

**(ဆင်ဟွာ)**



# မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်း လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

**နေပြည်တော်   ဖေဖော်ဝါရီ ၂၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် ဖေဖော်ဝါရီ ၂၂ ရက် ညနေပိုင်းတွင် နေပြည်တော်-တောင်ညို-ပန်းတင်လမ်း တစ်လျှောက် လမ်းတိုးချဲ့ဖောက်လုပ်ခြင်းနှင့် လမ်းခင်းခြင်းအပြီးသတ် လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းစခန်း ရှင်းလင်းဆောင်၌ သက်ဆိုင်ရာအင်ဂျင်နီယာများနှင့်တွေ့ဆုံ၍ နေပြည်တော်-တောင်ညို-ပန်းတင်လမ်းမှတစ်ဆင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုခဲ့သည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၄)က တာဝန်ယူတည်ဆောက်လျက်ရှိသော ဆောက်လုပ်ဆဲ ဧရာဝတီတံတား(ရတနာသိဃ်)ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီးက တာဝန်ရှိသူများအား ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်ထားသည့်လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ စံချိန်စံညွှန်းများ တိတိကျကျလိုက်နာဆောင်ရွက်၍ အင်ဂျင်နီယာများ၏ စွမ်းပကားကိုမြှင့်တင်ကြရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန်၊ လုပ်ငန်းခွင်တွင် ပစ္စည်းများ အလေအလွင့် မရှိစေရေး ထိန်းသိမ်းကြပ်မတ်သွားကြရန်၊ တံတားကြီး အောင်မြင်စွာပြီးမြောက်နိုင်ရေးအတွက် တည်ဆောက်ရေးအဖွဲ့ အင်ဂျင်နီယာများနှင့် တည်ဆောက်ရေး ဝန်ထမ်းများအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းများ အစွမ်းကုန်အသုံးချပြီး တက်ညီလက်ညီ စေတနာထား ပူးပေါင်းဆောင်ရွက်သွားကြရန်မှာကြားပြီး တံတားတည်ဆောက်မှုလုပ်ငန်းကို ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စစ်ကိုင်း-မြစ်ကြီးနားလမ်းတစ်လျှောက် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ စစ်ကိုင်း-ရွှေဘို-အင်းတော်လမ်းပိုင်း မိုင်တိုင်အမှတ်(၅၀/၁)နှင့် (၅၀/၂)ကြား အရှည်ပေ ၁၈၀ ရှိ လွှဲဆိပ်တံတား တည်ဆောက်နေမှု၊ မိုင်တိုင်အမှတ် (၅၁/၃)နှင့် (၅၁/၄)ကြားတွင် အထူးစီမံကိန်းကြီးအဖွဲ့(၁)က ကျောက်ခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# လက်ရာထူးခြားသည့် ရှေးဟောင်းသိမ်တော်ကြီး

**ရေတာရှည်   ဖေဖော်ဝါရီ ၂၇**

ရှေးဟောင်း အနုပညာလက်ရာများဖြင့် သပ်ရပ်လှပသည့် ရှေးဟောင်းသိမ်တော်ကြီးတစ်ခုကို ရေတာရှည်မြို့နယ် ပိတောက်ကုန်းကျေးရွာအုပ်စု ကျွန်းကုန်းကျေးရွာတွင် တွေ့ရှိခဲ့ရသည်။ **(ဓာတ်ပုံ)**အဆိုပါသိမ်ကြီးမှာ ခုနှစ်၊ နေ့ရက် အတိအကျသိရှိရခြင်း မရှိသော်လည်း ခေတ်အဆက်ဆက် တွေ့မြင်သိရှိရသူများ၏ ပြောပြချက်အရ နှစ်ပေါင်း ၁၀၀ ကျော်တိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ "သိမ်ကြီးနဲ့ ပတ်သက်ပြီးတော့ သိရှိတဲ့ သက်ကြီးရွယ်အိုတွေကမရှိတော့ဘူး၊ အဆင့်ဆင့် ပြောပြလို့သာ သိရတာ၊ နှစ် ၁၀၀ ကျော်ပြီလို့တော့ ပြောတယ်" ဟု ကျွန်းကုန်းကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။ ရေတာရှည်မြို့နယ်တွင် ထင်ရှားသည့် သမိုင်းဝင်မယ်ဒက်ကယ် ဘုရားကြီး သမိုင်းပါ ကျေးရွာများဖြစ်သည့် ပိတောက်ကုန်း၊ ကျွန်းကုန်းနှင့် အခြားသောကျေးရွာဒေသများတွင် ရှေးဟောင်းစေတီပုထိုးများ၊ သာသနိက အဆောက်အအုံများကို ယခုထက်တိုင် လေ့လာတွေ့ရှိနိုင်သေးသည်။ ယခုတွေ့ရှိရသည့် သိမ်ကြီးမှာ ပန်းကနုတ်၊ အခန်းဖွဲ့၊ ဘုရားခန်း၊ အမွှမ်းအပျောက်တို့မှာ ယခုခေတ်တွင် တွေ့ရှိရသည့် အဆောက်အအုံများနှင့် များစွာကွာခြားပြီး ထူးခြားမှုရှိကြောင်း သိရသည်။

အဆိုပါ သိမ်ကြီး ရေရှည်ခိုင်ခံ့ရေးအတွက် ကျွန်းကုန်းကျေးရွာ ကျောင်းထိုင် ဆရာတော်ကြီးများ အဆက်ဆက် ရွာသူ ရွာသားများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပြုပြင်လျက်ရှိ၍ အကောင်းပကတိအတိုင်း လေ့လာတွေ့ရှိနိုင်ကာ စိတ်ပါဝင်စားသူများအနေဖြင့် ဆွာမြို့အရှေ့ခြောက်မိုင်ခန့်အကွာ စစ်တောင်းမြစ်အရှေ့ဘက်ကမ်း ကျွန်းကုန်းကျေးရွာတွင် လေ့လာနိုင်ကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**

# ဒေါပုံမြို့နယ်၌ မူးယစ်ဆေးဝါးဆိုးကျိုးများ ဟောပြော

**ရန်ကုန်   ဖေဖော်ဝါရီ ၂၇**

ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ်ကျရောက်မှု မရှိစေရေးအတွက် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီတွင် ဒေါပုံမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း အမှတ်(၁)၌ ကျောင်းသား ကျောင်းသူများအား ဒေါပုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစန်းမြိုင်က မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အသိပညာပေးအဖွင့် အမှာစကားပြောကြားပြီး ဆက်လက်၍ ရန်ကုန်အရှေ့မူးယစ်အထူးအဖွဲ့မှ ဒုတိယရဲအုပ် နေလင်းထွန်း၊ လက်ထောက်မြို့နယ်ဥပဒေအရာရှိ ဒေါ်မြင့်မြတ်မွန်၊ လက်ထောက်မြို့နယ်ဆရာဝန် ဒေါ်ခင်နွေနွေတို့က မူးယစ်ဆေးဝါး၊ အိမ်သုံးဆေးဝါးများအန္တရာယ်ဆိုးကျိုးများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောကြပြီး အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးကျော်စိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ အခမ်းအနားသို့ ကျောင်းသား ကျောင်းသူ ၂၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ရဲတပ်ဖွဲ့)**

# လှိုင်မြို့နယ်၌ ခွေးလေခွေးလွင့် ရှင်းလင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်မြောက်ပိုင်းခရိုင် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဌာနနှင့် လှိုင်မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတို့ ပူးပေါင်း၍ မြို့နယ်အတွင်း ခွေးလေခွေးလွင့်များ မရှိစေရေးအတွက် ခွေးလေခွေးလွင့် သုတ်သင်ရှင်းလင်းရေး လုပ်ငန်းများကို ဖေဖော်ဝါရီ ၂၄ ရက်ညတွင် ဆောင်ရွက်ရာ ခွေးလေခွေးလွင့် ၇၂ ကောင်ကို သုတ်သင်ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ "ရပ်ကွက်ထဲမှာ ခွေးလေခွေးလွင့်တွေ တော်တော်များတယ်။ ခွေးကိုက်ခံရလို့ အလျော်တောင်းရင် ခွေးပိုင်ရှင်မရှိဘူး။ ခွေးကို ခဲနဲ့ပေါက်ရင်တော့ ငါ့ခွေးကို ဘာကြောင့်ပေါက်တာလဲ ဆိုပြီးတော့ ရန်တွေ့တော့တာပါပဲ" ဟု ခွေးကိုက်ခံရဖူးသူတစ်ဦးက သူ့အတွေ့အကြုံကို ပြောသည်။

မြန်မာလူမျိုးတို့သည် သဒ္ဓါစိတ်ထက်သန်ပြီး သနားကြင်နာတတ်သူများဖြစ်ရာ စားကြွင်းစားကျန်များကို ခွေးလေခွေးလွင့်များအား ကျွေးမွေးထားရာမှ ယင်းခွေးလေခွေးလွင့်များ ရှင်သန်ပွားများလာခြင်းဖြစ်သည်။ ယခုအခါ ပူပြင်းသောနွေရာသီသို့ ရောက်ရှိလာသဖြင့် ခွေးလေခွေးလွင့်များ ကိုက်မှုကြောင့် ခွေးရူးပြန်ရောဂါဖြစ်ပွားနိုင်သဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မွေးမြူရေးနှင့် ကုသရေးဌာနမှ ခွေးလေခွေးလွင့်များကို သုတ်သင်ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**(မောင်သုည)**

# အနေးယာဉ်ဆိုက်ကား အစီး ၅၀ အငှားချထား

**ရန်ကုန်   ဖေဖော်ဝါရီ ၂၇**

ပြည်သူများဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး ရည်ရွယ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်)၏ ခွင့်ပြုချက်ဖြင့် သင်္ဃန်းကျွန်းမြို့နယ်အတွင်း အလုပ်အကိုင်အခက်အခဲရှိ၍ အမှန်တကယ် အလုပ်လိုအပ်သော ပြည်သူများအတွက် ကော်မတီပိုင်အနေးယာဉ်ဆိုက်ကား အစီး ၅၀ အား အငှားချထားပေးခြင်းကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးရီထွန်းနှင့် ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(တင်ကြည်)**

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်။









**အနုပညာ**

## ဟောင်ကောင်ဒါရိုက်တာစတီဖန်ကိုးလ်၏ ဇာတ်ကားသစ် အမြတ်ငွေ တစ်ဘီလီယံကျော်ရရှိ

တရုတ်နိုင်ငံ၏ ပြည်တွင်းရုပ်ရှင်ဈေးကွက်တွင် ဟောင်ကောင် သရုပ်ဆောင်၊ ဒါရိုက်တာ စတီဖန်ကိုးလ်၏ Odyssey အမည်ရှိဟာသဇာတ်ကားက တရုတ်ယွမ် တစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၅၉ သန်း) ဖြင့် အမြတ်ငွေအများဆုံးအဖြစ် ထိပ်ဆုံးမှ ရပ်တည်နေပြီး တရုတ်ပြည်မကြီးတွင် အမြတ်ငွေ ယွမ် တစ်ဘီလီယံကျော် ရရှိသော ဇာတ်ကားများအနက် ဒုတိယဇာတ်ကားဖြစ်ကြောင်း တရုတ်နိုင်ငံ၏ ရုပ်ရှင်သတင်းများတွင် တနလ်ာနေ့က ဖော်ပြထားသည်။

အဆိုပါ Odyssey ဇာတ်ကား ရုံမတင်မီ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလက ပြသသွားခဲ့သော Lost in Thailand အမည်ရှိဟာသဇာတ်ကားသည်လည်း ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစွာဖြင့် အမြတ်ငွေ တရုတ်ယွမ် ၁ ဒသမ ၂ ဘီလီယံ ရရှိခဲ့သည်။

ယင်းဇာတ်ကားကို ဖေဖော်ဝါရီ ၁၀ ရက်က တရုတ်နိုင်ငံ၌ စတင်ပြသခဲ့ပြီး ပထမဆုံးစတင်ပြသသည့်နေ့မှာပင် တရုတ်ယွမ် သန်း ၈၀ ရရှိခဲ့ကြောင်း Huayi Bros. မီဒီယာဂရု(ပ်)မှ ပြောကြားခဲ့သည်။



ဟောင်ကောင် သရုပ်ဆောင်၊ ဒါရိုက်တာ စတီဖန်ကိုးလ်

ကိုးလ်၏ ရေပန်းအစားဆုံး ဇာတ်ကားများအနက် ၁၉၉၄ ခုနှစ်က Journey to the west ဒဏ္ဍာရီပုံပြင်ကို ပြန်လည်ရိုက်ကူးတင်ဆက်ထားသော A Chinese Odyssey ဇာတ်ကားသည်လည်း အထူးအောင်မြင်မှုရရှိခဲ့သော ဇာတ်ကားတစ်ကားဖြစ်သည်။

တရုတ်နိုင်ငံ၏ ရုပ်ရှင်ဈေးကွက်သည် ကမ္ဘာ့ရုပ်ရှင်လောကတွင် ဒုတိယအကြီးဆုံးရုပ်ရှင်ဈေးကွက်ဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် အမြတ်ငွေ ယွမ် ၁၇ ဒသမ ၇ ဘီလီယံရရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် အမြတ်ငွေများမှာ ၃၀ ဒသမ ၁၈ ရာခိုင်နှုန်း တိုးတက်ရရှိနေကြောင်း သိရသည်။



အသက်(၁၈)နှစ် အရွယ်ရှိ အဆိုတော် ဂျက်စတင်ဘီဘာသည် ၎င်း၏နောက် တကောက်ကောက် လိုက်နေသော ဓာတ်ပုံသတင်းထောက်များနှင့် မလိုလားအပ်သော ပြဿနာများဖြစ်ပွားခဲ့ပြီးနောက် တနလ်ာနေ့က လန်ဒန်မြို့အတွင်း လူငယ်သဘာဝ လွတ်လပ်စွာ ဈေးဝယ်ထွက်လိုခြင်းနှင့် ပါပါရာဇီများကို တိမ်းရှောင်သည့် အနေဖြင့် ထူးဆန်းသော မျက်နှာဖုံးကြီးအား ဝတ်ဆင်ထားသည်ကို တွေ့ရစဉ်။

**ဖြိုးစန္ဒာမြင့် စုစည်းသည်**

## မြန်မာဝတ်စုံနှင့် မြန်မာ့ရိုးရာအစားအစာကိုချစ်မြတ်နိုးသည့် ကိုရီးယားမင်းသမီးလေး ဂျောင်ဆိုယောင်း

**ဆင်းရန့်**

နာမည်ကြီး ကိုရီးယားရုပ်သံတစ်ခုဖြစ်သော KBS ရုပ်သံရိုက်ကူးရေးအဖွဲ့နှင့်အတူ ကိုရီးယားမင်းသမီးလေး ဂျောင်ဆိုယောင်းသည် မြန်မာ့နန်းတွင်းအစားအစာ၊ မြန်မာ့ရိုးရာအစားအစာနှင့် တိုင်းရင်းသားရိုးရာ အစားအစာများအကြောင်း စီစဉ်တင်ဆက်မည့် ရသာစုံလင်လောကတစ်ခွင် (Delicious Planet)အစီအစဉ်ရိုက်ကူးရန် ဖေဖော်ဝါရီ ၁၄ ရက်က မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်း၏ အစီအစဉ်ဖြင့် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဒဂုံမြို့နယ် ခရေပင်လမ်းရှိ ပဒုမ္မာစားသောက်ဆိုင်တွင် ကိုရီးယားမင်းသမီးလေး ဂျောင်ဆိုယောင်းက မြန်မာဝတ်စုံကို ဝတ်ဆင်၍ မြန်မာ့ရိုးရာအစားအစာများကို ကိုယ်တိုင်ချက်ပြုတ်သော အစီအစဉ်ကို စားသောက်ဆိုင်ဝန်ထမ်းများနှင့်အတူ ရိုက်ကူးခဲ့သည်။ စားသုံးသူကာကွယ်ရေးအသင်းဥက္ကဋ္ဌ စာရေးဆရာ ဗအုပ်ခိုင်က "မြန်မာမိန်းကလေးတွေက ကိုရီးယားဇာတ်လမ်းတွဲတွေကြည့်ပြီး ဒူးပေါ်၊ ပေါင်ပေါ် ဝတ်စားဆင်ယင်မှုတွေအတုခိုး၊ ကိုရီးယားနိုင်ငံက ရာသီဥတုအခြေအနေအရ မင်းသမီးတွေ ဆိုဂျူအရက်သောက်တာကို မြန်မာမိန်းကလေးတွေက တလွဲဆံပင်ကောင်းပြီး အရက်တွေ လိုက်သောက်နေတဲ့အချိန်မှာ နာမည်ကြီး ကိုရီးယားမင်းသမီး ဂျောင်ဆိုယောင်းက မြန်မာဝတ်စုံနဲ့ မြန်မာ့ရိုးရာအစားအစာကို ခုံခုံမင်မင်မြတ်မြတ်နိုးနိုးရှိတယ်လို့ ပြောတာကြားရတော့ မြန်မာမိန်းကလေးတွေ နမူနာယူစေချင်လို့ ဒီအစီအစဉ်ရိုက်ကူးရေးမှာ အကူအညီပေးနေတာပါ"ဟု ပြောသည်။



မြန်မာဝတ်စုံလေးနှင့် လှပနေသည့် ကိုရီးယားမင်းသမီးလေး ဂျောင်ဆိုယောင်း။

ယခုအခါ ကိုရီးယားမင်းသမီးဂျောင်ဆိုယောင်းနှင့်အဖွဲ့သည် ရှမ်းပြည်နယ် တောင်ကြီး၊ အင်းလေးဒေသတစ်ဝိုက်တွင် တိုင်းရင်းသားရိုးရာ အစားအသောက်များ အစီအစဉ်ရိုက်ကူးနေပြီး အပြန်တွင် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းဝင်တစ်ဦး၏ နေအိမ်၌ မြန်မာနန်းတွင်း အစားအစာ ချက်ပြုတ်စားသောက်သည့်အစီအစဉ်ကို ရိုက်ကူးမည်ဟု သိရသည်။

အဆိုပါ KBS ရုပ်သံသည် ကိုရီးယားနိုင်ငံတွင်သာမက အမေရိကန်နိုင်ငံ၊ ဥရောပနိုင်ငံများ၊ အာဖရိကနှင့် အာရှနိုင်ငံများကိုလည်း Channel ပေါင်းများစွာဖြင့် ထုတ်လွှင့်နေသော ရုပ်သံလိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

● ဗန်ကောက် ~ ပတ္တရား
23 Mar/ 12, 13 Apr
● ဗန်ကောက် ~ ဖူးခက်
23 Mar/ 12 Apr
● စင်ကာပူ ~ မလေးရှား
23 Mar/ 11,12 Apr
● ဟောင်ကောင် ~ မကာအို
24 Mar/ 12 Apr
● မလေးရှား ~ လန်ကာဝီ
23 Mar/ 12 Apr
သင်္ကြန်မှာ ပျော်ပျော်ပါးပါး အတူတူ ခရီးသွားကြရအောင်...
တို့ ဒီ နဲ့ GO ပြီ!
● ဘာလီ 12 Apr
● ဂျပန် 12 Apr ● ဩစတြေးလျ 12 Apr
● ဒူဘိုင်း 12 Apr ● ကိုရီးယား 12 Apr
အမှတ်(၁၀၉)၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၈ ၅၀၃၊ ၃၇၃၂၇၀ ၀၉-၇၃၀ ၅၁၄၀၆၊ ၀၉-၇၃၀ ၅၁၄၀၇ မန္တလေးမြို့-၀၂-၃၁၁၃၇ ၀၉-၄၀၂ ၅၄၁၉၅၂

**သားအဖြစ်မှစွန့်လွှတ်ခြင်း**
ကျွန်တော် ဦးကိုဦး[၁၂/ဥကမန(နိုင်)၁၄၉၈၃၅]၏သား မောင်ပိုင်သက်ကျော်(ခ)ကိုသက်သည် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။
၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။
ဦးကိုဦး
[၁၂/ဥကမ(နိုင်)၁၄၉၈၃၅]

**ရွှေကြေးစည်-ကျိုက်ထီးရိုး / ချောင်းသာ**
▲ရွှေစက်တော်သီးသန့် [သောကြာည သွား၊ တနင်္ဂနွေ ပြန်]
▲ရွှေစက်တော်၊ စက္ကိန်းတဲ၊ နဂါးပွက်၊ ကျောင်းတော်ရာ၊ မကွေးမြိုသလွန်။ [အပတ်စဉ် အင်္ဂါ၊ သောကြာ]
▲ဆက်၍-(ပုဂံ၊ ပုပ္ပါး)(အလောင်းတော်ကဿပ၊ မုံရွာ)(မန္တလေး၊ ပြင်ဦးလွင်)(တောင်ကြီး၊ အင်းလေး) ခရီးစဉ်များ။
▲အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း(၃)ရက်။ ဆက်၍-မန္တလေး၊ ပြင်ဦးလွင်အနီး(၅)ရက်။
▲ပုဂံ၊ ပုပ္ပါး(စွယ်တော်လေးဆူ)(၃)ရက်။ ဆက်၍-မန္တလေး၊ ပြင်ဦးလွင်(၅)ရက်။
▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ(၅)ရက်။ ဆက်၍-(ပုဂံ၊ ပုပ္ပါး)(မန္တလေး၊ ပြင်ဦးလွင်)(၇)ရက်။
▲(လားရှိုး၊ မူဆယ်၊ ရွှေလီ)(ကျိုက္ခမီ၊ မော်လမြိုင်၊ စက်စဲ)(ဇလွန်)(မော်တင်စွန်းဘုရားပွဲ)
၁၂၄၊ ပန်းဆိုးတန်း ☎240860/372290 ၂၇၃၊ မင်းနန္ဒာလမ်း၊ ဒေါ်ပုံ။ 09-49282825

**INCREDIBLE MYANMAR အဆင့်မြင့်ဘုရားဖူးလုပ်ငန်း**
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ [၁၇ ဧပြီည ထွက် ၂၀ ဧပြီညပြန်ရောက်]
၂၀.၃.၂၀၁၃ နောက်ဆုံးစာရင်းပေးသွင်းရန်၊ ဂယောက်လျှင် ၁ယောက်အခမဲ့
၁၂၀၀၀ဝိ/- (စား၊ တည်း၊ ကား၊ လေ့ စရိတ်ငြိမ်း)
Ph :01 - 376442, Mobile :09 - 5030671, 09 - 400433246

**မြတ်မော်တင်ဘုရားပွဲတော်**
ရောဝတီသားလူငယ်များဦးစီးသောဘုရားဖူးအဖွဲ့
ခရီးစဉ် (၁)✦ ၁၅-၃-၂၀၁၃ မှ ၁၈-၃-၂၀၁၃ (၂)ညအိပ် (၃)ရက်ခရီး
ခရီးစဉ် (၂)✦ ၂၂-၃-၂၀၁၃ မှ ၂၅-၃-၂၀၁၃ (၂)ညအိပ် (၃)ရက်ခရီး
ခရီးစဉ် (၃)✦ ၂၅-၃-၂၀၁၃ မှ ၂၈-၃-၂၀၁၃ (၂)ညအိပ် (၃)ရက်ခရီး
မော်တင်စွန်း-ချောင်းသာ ခရီးစဉ် ထွက်မည်
ကားဖြင့် တောင်ခြေသို့ ပို့မည်
ဦးလေးတင့် 'လှပျံတော်ပတ္တမြား' 221978 အမှတ်(၈၄၀)၊ မဟာဗန္ဓုလလမ်း။
ဦးမိုးကော်အောင် 215973 ဦးလှိုင်ဝင်းရှိန် "ရွှေထိပ်တန်း" ခရီးသွားလုပ်ငန်း 09 5403844

**NEW WAY** 095403844,0973217877
✦အလောင်းတော်ကဿပ(သီးသန့်)
✦ရွှေစက်တော်နှင့်အထက်ဘုရားစုံဖူး
✦မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင်
✦ပုပ္ပါး၊ ပုဂံ (စွယ်တော်လေးဆူ)(သောကြာ)
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ကားမျိုးစုံစီးလုံးငှားစီစဉ်ပေးသည်။

**ဦးထက်နေဦး[၁၂/အစန(နိုင်)၂၀၄၈၆၂]နှင့် အများသိစေရန်ကြေညာခြင်း**
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာလမ်း၊ အမှတ်(၉)ရှိ MHTT Co.,Ltd ၏ ဒါရိုက်တာ (Admin & HR) ဦးချမ်းငြိမ်းအောင်[၉/မရမ(နိုင်)၀၀၂၀၄၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။
ဦးထက်နေဦး(ခ)ကိုထက်သည် MHTT Co.,Ltd တွင် Sale Executive ရာထူးဖြင့် လုပ် ကိုင်ခဲ့ပြီး ၁၄-၂-၂၀၁၃ ရက်တွင် မိမိသဘောဆန္ဒအရ အလုပ်ထွက်ခဲ့ပြီး ဦးထက်နေဦးသည် ကုမ္ပဏီပိုင်ပစ္စည်းနှင့် စာရွက်စာတမ်းများအား ပြန်လည်အပ်နှံခြင်းမရှိသည့်အပြင် ကုမ္ပဏီလုပ်ငန်းလုပ်ကိုင်ခဲ့သောလုပ်ငန်းနှင့်ပတ်သက်သည့် ငွေစာရင်းများအား ရှင်းလင်းအောင် ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ အလုပ်ထွက်ခဲ့ခြင်းဖြစ်ပါ၍ အဆိုပါကုမ္ပဏီပိုင်ပစ္စည်းများ ပြန်လည်အပ်နှံခြင်းနှင့် ငွေစာရင်းရှင်းလင်းခြင်းအား ၁၁-၃-၂၀၁၃ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်အပ်နှံ စာရင်းရှင်းလင်းပေးပါရန် အသိပေးကြေညာအပ်ပါသည်။
ဦးထက်နေဦး(ခ)ကိုထက်မှ လာရောက်ဖြေရှင်းဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလွင် **(LL.B, D.B.L)** (တရားလွှတ်တော်ရှေ့နေ) (စဥ်-၇၆၅၂)
ဖုန်း-၀၉ ၅၁၈၉၆၈၉၊ ၀၉ ၇၃၀၆၂၀၈၆

ပါရမီဆေးရုံ
PARAMI General Hospital
ပါရမီအထွေထွေရောဂါကုဆေးရုံ
Parami General Hospital
"We Care ... For Everyone ..."
ပါရမီဆေးရုံသို့ လစဉ်ပုံမှန်လာရောက်ကုသပေးနေသော နိုင်ငံခြားမှ အရိုးအထူးကုဆရာဝန်ကြီးသည် ၂၀၁၃ ခုနှစ်၊ မတ်လ(၁)မှ (၃)ရက်နေ့ အထိ လာရောက်မည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးနိုင်ပါပြီ။
ပါဝင်သောဝန်ဆောင်မှုများ
● အရိုးအဆစ်ဆိုင်ရာ ပြင်ပလူနာကြည့်ရှုခြင်း
● အဆစ်အတွင်းကြည့်မှန်ပြောင်းသုံး ခွဲစိတ်ကုသခြင်း (Arthroscopy) First & New
● ဒူးဆစ်ရိုးအစားထိုး ခွဲစိတ်ကုသခြင်း
● တင်ပါးဆုံရိုးအစားထိုး ခွဲစိတ်ကုသခြင်း
● ကျောရိုးဆိုင်ရာအဆစ် ကုသပေးခြင်း
● အားကစားသမားများအတွက် ကုသပေးခြင်း (Sport Medicine)

Tel : 660083, 651674, 657226, 657228, 657230 ~ 32 ( Ext : 0107, , 0117, 0004 )
www.paramihospitalygn.com / www.paramihospital.com
Email : info@paramihospital.com

# ဘုံရန်သူ ၁-၂-၃ ကို ချေမှုန်းဖို့လိုပြီ

**မောင်ကြယ်စင်**

၂၀၁၃ ဇန်နဝါရီလမှာ စာရေးသူ အလုပ်ကိစ္စများကြောင့် မြန်မာပြည်ရဲ့ နေရာတော်တော်များများကိုသွားရောက်ခဲ့ရသည်။ မတူညီသောဒေသ အသီးသီးမှ ပြည်သူအသီးသီးတို့၏ဓလေ့စရိုက်များနှင့် စီးပွားရေးအသက်မွေးဝမ်းကျောင်းမှုပုံစံများကိုပါ တွေ့မြင်လေ့လာခွင့်ရခဲ့သည်။ မတူညီသော ယဉ်ကျေးမှုပုံစံများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပုံစံများ၊ ဝဲနေသော စကားသံများက စာရေးသူအတွက် အထူးအဆန်းဖြစ်နေတော့သည်။ တိုင်းရင်းသားအားလုံး၌ တူညီသော အချက်မှာ ယဉ်ကျေးပျူငှာသော၊ ဧည့်သည်ကိုချစ်မြတ်နိုးသော စိတ်ရင်းစေတနာများပင်ဖြစ်သည်။ ၎င်းတို့၏ဧည့်ဝတ်ကျေပွန်မှုမှာ စာရေးသူ၏ရင်ကို အေးမြစေခဲ့သည်။ သို့သော် အလွန်ပင် ရင်ပူစရာကောင်းသော စိုးထိတ်ဖွယ်ကိစ္စကိုလည်း တွေ့မြင်သိကြားခဲ့ရသည်။ မြန်မာပြည်တစ်နံတစ်လျားဘယ်နေရာကိုပင်ရောက်ရောက် ပြည်သူအများစုမှာ ကိန်းဂဏန်းများဖြင့် ဆော့ကစားနေကြသည်မှာ ရင်နင့်ဖွယ်ရာပင်ဖြစ်တော့သည်။

'၁ လုံး၊ ၂ လုံး၊ ၃ လုံး' ခေါ်သော လောင်းကစားကို တောရောမြို့ပါမကျန် မူလတန်းအရွယ်မှစ၍ ဘွဲ့ရ ပညာတတ်ပါမကျန် အဘိုး၊ အဘွား အကုန်လူပေါင်းစုံက ပျော်ပျော်ကြီး လောင်းကစားနေကြသည်မှာ တိုင်းပြည်တိုးတက်ရေး၌ အဟန့်အတားကြီးတစ်ခုသဖွယ် ရင်နင့်ဖွယ်ရာ တွေ့မြင်နေရပေသည်။ နိုင်ငံတော်မှ ထုတ်ဝေရောင်းချသော ထီလက်မှတ်များထက်ပို၍ ၎င်းတို့က ရောင်းအားကောင်းလှသည်။ MNL(ပြည်တွင်း)၊ ပရီမီယာလိဂ်၊ ဂျာမန်၊ နယ်သာလန်၊ ပြင်သစ်၊ စပိန်စသည့် နာမည်သာကြားပြီး ကမ္ဘာပေါ်၌ မည်သည့်နေရာတွင်ရှိမှန်းပင်မသိသော နိုင်ငံများ၌ ကန်သောပွဲများကိုပါ ဘောလုံးဖြစ်ရင်ပြီးရော လောင်းကစားနေကြသည်။ လောင်းကြေးပုံစံများကလည်း စုံစုံလင်လင်ပင်ဖြစ်သည်။ ဘော်ဒီ၊ ဂိုးပေါင်း လောင်းကြသည်။ အခေါ်အဝေါ်များကလည်း အဖုံဖုံ၊ တစ်လုံးသရေ၊ လယ်ပယ် ငါးမူး၊ နှစ်လုံးပြားသုံးဆယ်၊ အပေါ်ထိုင်၊ အောက်ထိုင်၊ နှစ်မောင်း၊ သုံးမောင်း၊ ငါးမောင်း၊ ခြောက်မောင်းဖြင့် အမည်စုံအောင် လောင်းနေကြသည်။ ပေါက်တာ၊ မှန်တာ၊ ရတာနည်းနည်း ဒိုင်က စားသွားသည်ကိုသာ တွေ့နေရမြင်နေရသည်။ ထိုးသားတဲပုတ်၊ ပဲပြုတ်နှင့် ဖြစ်နေချိန်၌ ဒိုင်က တိုက်၊ အုတ်၊ ကားထုတ်လို့ ဒန်ပေါက်အုပ်နေသည်ကို ပြည်သူများကိုယ်တိုင် တွေ့မြင်နေကြသော်လည်း လောဘဇောက သတိဉာဏ်ဆင်ခြင်မှုကို ဖုံးကွယ်နေတော့သည်။ ဘောလုံးလောင်းကစားခြင်းကို ဘန်းစကားဖြင့်ခေါ်သော် တစ်လုံးဟူ၍ လူသိများထင်ရှားလှသည်။ စနေ၊ တနင်္ဂနွေညများ၌ဆိုလျှင် လက်ဖက်ရည်ဆိုင်များ၌ ဘောလုံးပွဲကို စောင့်ကြည့်ရင်း လက်ထဲ၌လည်း တစ်ကမ္ဘာလုံး၏ဘောလုံးပွဲစဉ်များကို ကိုင်ဆောင်ထားကြသည်။ ရှက်ဖွယ်ဖြစ်သော လောင်းကစားခြင်းကို ရှက်ရကောင်းမှန်းပင် မသိလောက်အောင် ဖြစ်နေကြတော့သည်။

တစ်လုံးထက်ပို၍ ဆိုးသည်က 'နှစ်လုံး သုံးလုံး'ဟုခေါ်သော ချဲလောင်းကစားခြင်းပင်ဖြစ်သည်။ သုံးလုံးက တစ်လလျှင် နှစ်ကြိမ်သာ ဂဏန်းထွက်သောကြောင့် သိပ်မထင်ပေါ်သော်လည်း လောင်းကြေးပမာဏကြီးမားကျယ်ပြန့်လှသည်။ အဆိုးတကာ့ အဆိုးဆုံးကတော့ '၂ လုံး'ပင်ဖြစ်သည်။ တနင်္လာမှ သောကြာနေ့ထိ မနက်ဂဏန်း၊ ညနေဂဏန်း လောင်းကစားနေကြသည်။ မနက်ဂဏန်းမှာ ၁၂ နာရီခန့်တွင် ထွက်ပြီး ညနေဂဏန်းမှာ ၄ နာရီခွဲခန့်တွင်ထွက်လေ့ရှိသည်။ နှံ့စပ်သူတစ်ဦးအား မေးမြန်းစပ်စုကြည့်သောအခါ ထိုင်းနိုင်ငံ၏ (ထိုင်း)စတော့ရှယ်ယာဈေးနှုန်းမှ နောက်ဆုံးနှစ်လုံးကို ပေါက်မဲအဖြစ်မှတ်ယူကစားကြကြောင်း သိရသည်။ အဆင့်မြင့်နည်းပညာများအလွန်အင်မတန်မှ ဖွံ့ဖြိုးနေသည့်အချိန် လူအများထိုးသောဂဏန်းကို ပေါက်မဲမဖြစ်အောင် ဝယ်ယူရောင်းချဆော့ကစားနေသော ပြည်တွင်းဉာဏ်ကြီးရှင်များပါက မတွေးဝံ့စရာပင်ဖြစ်သည်။ မကြာသေးမီကပင် ဥရောပဘောလုံးလုပ်ပွဲပေါင်းမြောက်မြားစွာကို စင်ကာပူနိုင်ငံမှ လောင်းကစားသမားများက ထိန်းချုပ်လုပ်ကိုင်နေကြောင်းနှင့် စုံစမ်းစစ်ဆေးနေကြောင်း၊ ပရီမီယာလိဂ်မှ နာမည်ကြီးအသင်းများပင်ပါဝင်နေကြောင်းသတင်းများကို သတင်းစာမျက်နှာများ၌ အထင်အရှားပါလာသည်ကိုကြည့်ပြီး ပြည်သူတို့သတိချပ်သင့်ပြီလို့ထင်သည်။ မိမိတို့ ချွေးနဲ့စာဖြင့် ရှာဖွေထားသောငွေကြေးများကို တိုင်းထွာသုံးစွဲပြီး လောင်းကစားကို စွန့်ပစ်ကြပါဟု စေတနာဖြင့်တိုက်တွန်းလိုပါသည်။

ယနေ့ မြန်မာတစ်ပြည်လုံးပြုပြင်တည်ဆောက်ဆဲကာလတွင် ပြည်သူတို့၏အခန်းကဏ္ဍမှာ အလွန်အရေးကြီးလှသည်။ အဓိကကျသော ပြည်သူတို့၏စာရိတ္တမဏ္ဍိုင်များ တည့်မတ်နေမှသာ တိုင်းပြည်ကြီး ဖွံ့ဖြိုးသာယာချေမည်။ လောင်းကစားများကြောင့် အကြွေးတင်ပြီး အိမ်ရာပျောက်သူများ၊ လင်ကွဲမယားကွဲဖြစ်ရသူများ၊ လူသုံးကုန်ပစ္စည်းများကို နေ့သွင်းဖြင့်ယူကာ အပေါင်ဆိုင်ပို့ပြီး ရလာသောငွေဖြင့် လောင်းကစားကြသူများ၊ နေ့ပြန်တိုးယူပြီး ပြန်မဆပ်နိုင်သောကြောင့် ကြွေးရှင်၏ဆဲဆိုရန်ရှာခြင်းကြောင့် မိသားစုလိုက်အရှက်ကွဲခဲ့ရသူများ၊ ပေါက်နိုးပေါက်နိုးဖြင့် လောင်းကစားရင်း စည်းစိမ်ပြုတ်ခဲ့ရသူများသည် ပြည်သူတို့၏ပတ်ဝန်းကျင်၌ပင်ရှိနေသောကြောင့် ပြည်သူများကိုယ်တိုင် သိမြင်ဆင်ခြင်ပြီး လောင်းကစားကို ရှောင်ရှားသင့်ပေပြီ။ ထို့ပြင် ပြည်သူတို့၏ ဘုံရန်သူဖြစ်သော '၁-၂-၃' ဒိုင်များကိုလည်း နိုင်ငံတော်အစိုးရမှ ထိရောက်စွာနှိပ်ကွပ်အရေးယူသင့်ပေပြီ။ အမှန်တကယ်ဆန်းစစ်ကြည့်သော် အမျိုးသားထုတစ်ရပ်လုံး၏ဘုံရန်သူမှာ '၁-၂-၃' ပင်ဖြစ်သောကြောင့် အစိုးရနှင့်ပြည်သူဝိုင်းဝန်းလက်တွဲပြီး ချေမှုန်းသင့်ပြီဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## ကြွက်များဖျက်ဆီးခြင်းကြောင့် ပဲစိုက်တောင်သူများအရှုံးပေါ်

**ရေတာရှည် ဖေဖော်ဝါရီ ၂၇**

ရေတာရှည်မြို့နယ်တွင် စပါးစိုက်တောင်သူများသည် နွေစပါး၊ မိုးစပါး၊ ကြားစပါးများ စိုက်ပျိုးသည့်အပြင် ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရသည်။ စပါးပြီးစဉ် အဓိကအားထားရသည့်ပဲစိုက်ခင်းများကို ဖေဖော်ဝါရီ နောက်ဆုံးပတ်မှစတင်၍ ခူးဆွတ်သည့်အခါ ကြွက်ဝမ်းပူများဖျက်ဆီးမှုကြောင့် တောင်သူများ ထိခိုက်နစ်နာမှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"ပဲတွေက တော်တော်ကောင်းတာ၊ အခုခူးကာကျမှ အစေ့တွေ မရှိတော့ဘူး။ ကြွက်ဝမ်းပူတွေစားလို့ကုန်ပြီ၊ ကျွန်တော်ဆိုရင် နှစ်ဧကလောက် နွားချကျောင်းပစ်လိုက်ရတယ်"ဟု ရေတာရှည်မြို့နယ် ကုန်းကြီးကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာနေ တောင်သူဦးတင်ဝင်းက ပြောပြသည်။ အလားတူပင် ကုန်းကြီးကျေးရွာအုပ်စု၊ ဆွာမင်းလမ်းကျေးရွာအုပ်စုများရှိ ပဲစိုက်တောင်သူများမှာ ကြွက်ဝမ်းပူများကိုက်ဖြတ်စားသောက်မှုများကြောင့် အခင်းလိုက်ပျက်စီးမှုများ ကြုံတွေ့ရလျက်ရှိကြောင်း သိရသည်။ "ပဲပင်က အစေ့ရှိတဲ့နေရာလေးတွေကို ကွက်ပြီးစားသွားတာ၊ ကျန်တဲ့ဟာက အကောင်းအတိုင်းပဲ၊ အခု ပဲခင်းသိမ်းမှ သိရတာ။ ကျွန်တော်တို့ မျိုးစရိတ်တောင် ပြန်ရဖို့မလွယ်ပါဘူး"ဟု ဆွာမင်းလမ်း ကျေးရွာအုပ်စု အေးသာယာကျေးရွာနေ တောင်သူဦးပွက ပြောပြ၍ သိရသည်။ တောင်သူအများစုမှာ မတ်ပဲ၊ ပဲတီစိမ်းတို့ကို အဓိကစိုက်ပျိုးလျက်ရှိပြီး ကြွက်များဖျက်ဆီးမှုကြောင့် ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**

## ရေစကြိုမြို့၌ မီးသင်္ဂြိုဟ်စက်ပန္နက်တင်

**ရေစကြို ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် တစ်နေ့တခြား လူဦးရေများပြားလာသည်နှင့်အမျှ နာရေးကိစ္စသည်လည်း အခက်အခဲများရှိလာသည်။ ရေစကြိုမြို့မှ သုသာန်သည် ဧရိယာအလွန်ကျဉ်းပြီး မိုးတွင်းကာလဆိုလျှင် ရေဝင်သဖြင့် မြှုပ်နှံသင်္ဂြိုဟ်ရာတွင် ခက်ခဲမှုနှင့် ကြုံတွေ့ကြရလျက်ရှိရာ မြို့မသုသာန်မီးသင်္ဂြိုဟ်စက် ဆောက်လုပ်ရန် ဖေဖော်ဝါရီ ၂၆ ရက်က ပန္နက်တင်နေကြောင်း သိရသည်။

မီးသင်္ဂြိုဟ်စက်အဆောက်အအုံမှာ (၁၂ ပေ×၁၂ ပေ×၉ ပေ)အုတ်ညှပ်သံကူကွန်ကရစ်သွပ်မိုးဖြစ်ပြီး ခေါင်းတိုင်မှာ အမြင့်ပေ ၂၀ အုတ်စီ၍ မီးဖိုမှာ (၈ပေ×၄ ဒသမ ၃ပေ×၅ပေ) အုတ်သံကူကွန်ကရစ်ဖြစ်ကြောင်း သိရသည်။

**(ဖေထွဏ်းဇော်-ရေစကြို)**


**ES4E SUMMER SCHOOL**
( March to May 2013 )
Enrol Now!
☎ 662970, 663820, 662937
51, Kaba Aye Pagoda Road, Yankin Tsp.

**GO & GO TRAVELS AND TOURS ... For the Best service provider**
* April ၆ ရက်နေ့မှစပြီး သင်္ကြန်ပိတ်ရက်အတွင်းထွက်မည့်ခရီးစဉ်များ *

| | | | |
|---|---|---|---|
| အင်္ဂလန် | (၁၀) ရက် | သြစတြေးလျ | (၁၀) ရက် |
| အမေရိကန် | (၁၅) ရက် | ဥရောပ ၆ နိုင်ငံ | (၁၅) ရက် |
| ဂျပန် + ကိုရီးယား | (၁၀) ရက် | အင်္ဂလန် + ဥရောပ | (၁၅) ရက် |

Mar 14, 21, 28 / April 6, 7, 12, 14, 15
ရက်နေ့များတွင်ထွက်မည့်ခရီးစဉ်များ

| | | | |
|---|---|---|---|
| ချင်းမိုင်ပန်းပြပွဲ | (၄) ရက် | ဗန်ကောက် - ပတ္တယား | (၅) ရက် |
| ဗီယက်နမ် | (၅) ရက် | ဒူဘိုင်း - အဘူဒါဘီ | (၈) ရက် |
| ကမ္ဘောဒီးယား | (၅) ရက် | ဟောင်ကောင် - မကာအို | (၈) ရက် |

Special Monthly Trips
အိန္ဒိယနိုင်ငံ
ဘာလီကျွန်း
ဖူးခက်ကျွန်း
မော်လ်ဒိုက်ကျွန်း

စင်ကာပူ - မလေးရှား - ဗန်ကောက် (၉ ညအိပ်/၁၀ ရက်) သုံးနိုင်ငံခရီးစဉ်
ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ မိသားစုများနှင့် သူငယ်ချင်းများ သီးသန့်သွားလိုပါကလည်း အနည်းဆုံး လူဦးရေ (၂) ဦးမှစပြီး အုပ်စုကြီးများအထိ ဈေးနှုန်းညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ပေးနေပါသည်။
Ph : 382475 , 398479 / HP : 5154804 , 43083166 , 43122659

**ဦးရဲမင်းပိုင်** (သချာ်) ၁၀တန်းသင်ရိုးဘာသာစုံ
ပတ်၄ မှ ပြေ၄ အထိ (တစ်လ)
Guide ဆရာ/မများအတွက် အထောက်အကူပြုသင်တန်း
၁၆၅၊ ဆိပ်ကမ်းသာလမ်း ဦးရဲမင်းပိုင်စာသင်ခန်းမ ၀၉၇၃၁၆၁၁၄၀

သုံးရာသီ | ဓမ္မဒါန
ရွှေစက်တော် Feb-22 & Mach-1
လမ်းဘုရားစုံ (၄) ရက် ၂၅၀၀၀ကျပ်
မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်
စားတည်း၊ ငြိမ်း ၄၅၀၀၀ကျပ် Mach-1
ဘုရားဖူးကားအမျိုးမျိုးစီးလုံးငှားသည်။
ဝန်းဆိုးတန်း (၂၅၃/၂၅၅) 09-421153797

" မိဘတွေ ဘာလိုချင်တယ်ဆိုတာ ကျွန်ုပ်တို့သိပါတယ် "
**UEC United Education Centre**
အဆင့်မြင့် စာသင်ကျောင်းတော်
၅ ၊ ၆ ၊ ၇ ၊ ၈ ၊ ၉ ၊ ၁၀ တန်းများ
၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက်
- ဆေးတက္ကသိုလ် (၁)၊ ရေကြောင်းတက္ကသိုလ် နှင့် ရန်ကုန်တက္ကသိုလ်နယ်မြေများ အနီး ပညာရေးဝန်းကျင်၌ တည်ရှိသည်။
- အဆင့်မြင့်နေထိုင်မှု၊ ရင်အုပ်မကွာစောင့်ရှောက်မှု၊ ပြီးပြည့်စုံသောသင်ကြားမှု၊ စဉ်ဆက်မပြတ် Guide များဖြင့် လေ့ကျင့်မှုတို့ကြောင့် မိဘများ၏ "ကျေနပ်ပီတိ" ကို ကျွန်ုပ်တို့ တန်ဖိုးထားသည်။
- ကျယ်ဝန်းသပ်ရပ်သော လုံးချင်းတိုက်များဖြင့် ကျောင်းသား/သူဆောင်သီးသန့်၊ ကစားကွင်းသီးသန့်၊ စာသင်ဆောင်သီးသန့် ထားရှိသည်။
- ကျူရှင်ထပ်ယူစရာမလိုအောင် ပြီးပြည့်စုံသော အလုံးစုံ ဘက်စုံ သင်ကြားရေးစနစ် ဖြစ်သည်။

" မိဘတွေရဲ့ဆန္ဒ၊ ကလေးတွေရဲ့ဘဝ UEC ကြောင့် ပြည့်ဝရမည် "
အမှတ် ၄၇၊ စံရိပ်ငြိမ် (၅) လမ်း၊ အင်းစိန်လမ်းမအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01 539875, 09 515 7988, 09 730 65707

**Diploma in BUSINESS MANAGEMENT** စီးပွားရေး စီမံခန့် ခွဲမှု ဒီပလိုမာ
Leading to Hong Kong BBA/MBA
စီးပွားရေးအဖွဲ့အစည်း၏ပန်းတိုင်သို့ အောင်မြင်စွာလျှောက်လှမ်းနိုင်ရန်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်နှင့်နည်းပညာရပ်တို့အားမျှတစွာစုစည်းနိုင်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ စိတ်စွမ်းအားတိုးမြှင့်မှု၊ စီမံမှု၊ ညွှန်ကြားမှု၊ ခေါင်းဆောင်မှုတို့ကို တစ်စုတစ်စည်းတည်းချိတ်ဆက်ထားသည့် အတတ်ပညာရပ်ဖြစ်သည်။
STI Education like no other
ENROLL NOW!

www.stiedu.net
- စီးပွားရေးစီမံခန့်ခွဲမှု ဘွဲ့ကြိုပထမနှစ် ဖြစ်ပါသည်။
- Excursion များ၊ Industry visit များ ပါဝင်ပါသည်။
- ဒုတိယနှစ်အောင်မြင်ပါက The Open University of Hong Kong (OUHK) ၏ BBA နောက်ဆုံးနှစ်တက်ရောက်နိုင်ပြီး Bachelor of Business Administration (BBA) in Management ဘွဲ့ကို OUHK မှ အပ်နှင်းပါသည်။

PABEDAN : No.377, Upper Shwe Bon Thar Street, Pabedan Township, Yangon.
MICT PARK : Room-7, Block-4, Myanmar Info-Tech, Hlaing Campus, Yangon.
TEL: 377988, 0103450475, 507048, 507151/52, 09420254872

## အခန်းဆက်ဝတ္ထု

# နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်




**(ယမန်နေ့မှအဆက်)**

စင်သီယာ စူးစိုက်ကြည့်နေသည်က စောစောကမြေမှာ အမှတ်မထင် သူရေးခြစ်ထားမိသော စာလုံးများဆီဖြစ်၏။

"ဒါကို ယူရေးထားတာလား"

"ဟုတ် . . . ဟုတ်တယ် စင်သီယာ"

"စင်သီယာ့နာမည်ကို ဘာလို့ ရေးထားရတာလဲ"

စင်သီယာ၏ အထာကိုသိပြီမို့ သူမဖြေ။ အဖြေမပေးဘဲ မေးခွန်းသာ ပြန်ထုတ်၏။

"အရှင်တေဇောသာရဆိုတဲ့ ပုဂ္ဂိုလ်ကိုကြားဖူးသလား"

"ဘယ်သူ ဘာ . . . သာရ"

"အရှင်တေဇောသာရတဲ့၊ စင်သီယာ မကြားဖူးရင်ကိုပြောပြမယ်၊ သူဟာ အင်းဝခေတ်တုန်းက စာဆိုရှင်၊ ဒီနေ့အထိ အလွန်ကျော်ကြားတယ်၊ သူဟာ အင်မတန်လှတဲ့ ရခိုင်မင်းသမီးလေးတစ်ပါးအကြောင်းကို ကဗျာရေးဖွဲ့ခဲ့တယ်၊အဲဒါကိုကော ကြားဖူးသလား"

"ဟင့်အင်း"

"ရခိုင်မင်းသမီးလေးဟာ အင်း. . . မင်းသမီးဆိုတော့ သိပ်လှတာပေါ့၊ စင်သီယာ့လို နေမှာပေါ့"

"ဟာဟ အဲဒါ ယူမြှောက်တာ၊ စင်သီယာ့ကို မြှောက်ပြောတာ"

"ကိုမြှောက်တာ မဟုတ်ဘူး၊ တကယ်ပြောတာ"

"ကဲပါ ယူ့ပုံကို ဆက်ပြောပါ"

"ပုံမဟုတ်ဘူး တကယ်ဖြစ်ခဲ့တာ"

"အင်းပါလေ ဆက်ပြောပါ"

"မင်းသမီးလေးဟာ လှလွန်းတော့ရွှေရုပ်လေးအတိုင်းပဲတဲ့ အရှင်တေဇောသာရ စာဖွဲ့ခဲ့တာကို နားထောင်၊ ကိုရွတ်ပြမယ်၊ သိင်္ဂရောင်သန်း၊ ရွှေပုံသွန်းသို့၊ လန်းလန်းလတ်လတ်၊ လိုက်ဖက်တင့်မော၊ မချောစရာ၊ ချောစရာလျှင်၊ ကေသာဆံလှ၊ ထုံးနောက်စနှင့်၊ ချုပ်ညရီတွင်၊ ဖြုတ်ချည်းမြင်သည်၊ ရှင်သာရခိုင့်တန်ဆောင်လောတဲ့၊ စင်သီယာ နားလည်ရဲ့လား"

"ဟင့်အင်း ဒါပေမယ့်နားထောင်လို့ ကောင်းတယ်"

"တန်ဆောင်ဆိုတာ အလင်းပဲ၊ မင်းဟာ ရခိုင်ပြည်ရဲ့ အလင်းဓာတ်ပဲ၊ ရခိုင်ပြည်မှာ အလှဆုံးပဲ၊ ဒီလိုဖွဲ့ဆိုလိုက်တာ"

"အဲဒါနဲ့ စင်သီယာ့နာမည်ကို ယူက မြေကြီးပေါ်မှာ ရေးထားတာနဲ့ ဘာဆိုင်လို့တုန်း"

"သြော် . . . ကဗျာဆိုတာ ချက်ချင်းကောက်စပ်လို့ရတာမဟုတ်ဘူး၊ စဉ်းစားရသေးတယ်၊ ရှင်တေဇောသာရလည်း ရခိုင်မင်းသမီးလေးအလှကို မရေးခင် စဉ်းစားရင် မြေကြီးပေါ်မှာ တုတ်နဲ့ခြစ်သေးသလားမသိဘူး၊ ဘယ်သူပြောနိုင်မှာလဲ" စင်သီယာက သူ့ကို မျက်စောင်းလဲ့လဲ့ထိုးသည်။

"ဟွန်း . . . ယူသိပ်စကားတတ်တယ်၊ စင်သီယာ့အကြောင်း ကဗျာစပ်မလို့ပေါ့၊ ယူဒါပြောတာမဟုတ်လား"

မြင့်နွယ်က မဖြေဘဲငြိမ်၍ စင်သီယာကိုကြည့်နေမိသည်။

ဟိုတစ်နေ့ကတော့ ရှင်ဘဝမို့ မာတုဂါမ၏ မျက်နှာကို စေ့စေ့စပ်စပ် သေသေချာချာ မကြည့်ရဲ၊ စက္ခုန္ဒြေကို ထိန်းရသည်။ ယခုတော့ ကြည့်မိသည်။ စူးစူးရဲရဲ ကြည့်မိသည်။

မျက်နှာလေးက လှသလောက် အသားလေးကလည်းလှသည်။ အသားလေးက ဖြူဖြူစင်စင် ပန်းဖြူဖြူလို အရောင်အသွေးမရှိဘဲ ဖြူသည်မဟုတ်၊ မွေးညင်းရှိမ်းရှိမ်းလေးတွေကလည်း လွှမ်းနေ၏။ အကြောစိမ်းလေးတွေကလည်းရှိသေးသည်။ သည်တော့ စိမ်းသလို ပြာသလို စိုလန်းသောဓာတ်ကလည်း ရှိနေသေးသည်။

စင်သီယာကကျောင်းဘက်သို့လှည့်ကြည့်ပြီးဆိုသည်။

" ဟော . . . ဗေဒင်မေးလို့ ပြီးကြပြီထင်တယ်၊ ဟိုမှာဆင်းလာကြပြီ၊ ရော့ ရော့ . . . ယူထားလိုက်"

စင်သီယာက လွယ်အိတ်တွင်းမှ ပစ္စည်းတွေကိုထုတ်ပေး၏။

"ကို ဒါတွေ ဘာလုပ်ရမလဲ"

"သိဘူးလေ၊ စာအုပ်နဲ့ ကဗျာရေးချင်ရေးပေါ့၊ မြေကြီးပေါ်မှာတော့ မရေးနဲ့၊ သြော်. . . ဒါထက် ယူ့ နာမည်ဘယ်လိုခေါ်သလဲ"

"မြင့်နွယ်တဲ့"

"ကောင်းပြီ စင်သီယာ မှတ်ထားမယ်၊ အစကတော့ ယူ ဘုန်းကြီးသေးသေးလေးကနေ ဘုန်းကြီး‚ကြီးကြီး ဖြစ်လာလို့ယူပြောသလိုဘာ . . . အဲ . . . အကြားအမြင်ပေါက်ရင် စင်သီယာက ဗေဒင်မေးမလို့၊ ပြီးတော့ ဟိုဟာဒီဟာ ဝယ်လှူမလို့၊ အခုတော့ . . . "

စင်သီယာက တစ်စုံတစ်ခု စဉ်းစားနေဟန် ခေတ္တအပြောရပ်သွားပြီးမှ ဟက်ကနဲ ရယ်သည်။

"အင်းလေအဲဒီစာအုပ်တွေနဲ့ ကဗျာစပ်ပေါ့၊စင်သီယာ့အကြောင်း လှလှစပ်ပေါ့၊ စင်သီယာကြိုက်ရင် ယူ့ကို ဖောင်တိန်တစ်ချောင်း ဝယ်ပေးမယ်၊သွားမယ်ဘိုင့်ဘိုင်"

စင်သီယာက ထဘီစလေး တစ်ဖက်မကာ သမင်မငယ်သို့ သွက်လက်ပေါ့ပါးစွာ ပြေးထွက်သွားသည်။

ထိုညနေက စေတီအိုကြီးရှေ့တွင် မြင့်နွယ် အကြာကြီးရပ်နေမိသည်။

> "ကလေးအဖေဆိုတော့ ဘာဖြစ်သလဲ၊ ကလေးကိုလည်း မွေးနိုင်တယ်၊ ကလေးအမေကိုလည်း အဲ. . .ထမင်းချက်ခိုင်းနိုင်တယ်၊ ခင်ဗျားတို့ လူပျိုကြီးတွေသာ စိတ်ကူးနဲ့ ကြည်နူးနေရတာ၊ စံပယ်ပန်းနဲ့ တူလို့လေး ဘာပန်းနဲ့ တူလို့လေးနဲ့ အမှန်က ဘာပန်းနဲ့တူတူ ရရင်တော့ မွေးမှာပဲ မဟုတ်လား"

အကြာကြီး . . .

ပြတင်းဝတွင် ဦးမြင့်နွယ်သည် အကြာကြီး ရပ်နေမိသည်။

အတွေးစ ရပ်သွားမှ စာကြည့်စားပွဲဆီ လာသည်။

မျက်စိ ဆက်ကြောင်နေမည်ကို သိသည်။ မျက်စိကြောင်နေလျှင် ဇွတ်အိပ်သည်ထက် စာဖတ်နေရသည်က ကောင်းသည်။ အထူးသဖြင့် ကဗျာဖတ်သည်က ကောင်းသည်။ ကဗျာတွေကိုလည်း ညမှ အိပ်မပျော်လေသူတို့ စပ်ခဲ့ကြသည်မဟုတ်ပါလော . . .။ ဘာတဲ့ . . .

"ခွက်မြုပ်ခါညီ၊နာရီမောင်းချ၊ဒေသနိမိတ်၊သက်ကြီးဆိတ်လည်း၊ မမိုတ်မျက်တောင်၊ သည်းခေါင်ဆူသည်၊ ရှိလိမ့်မည်ဟု၊ လွမ်းသည်ထပ်ဆင့်၊ ဖူးချိန်သင့်ကို . . "

အရှင်မဟာရဋ္ဌသာရ၏ စာပင်ဖြစ်သည်။

ဦးမြင့်နွယ်သည် တသီကြီးရှိနေသော ကဗျာ စာအုပ်များအနက်မှ ဟံသာဝတီတိုက်ထုတ် လက်ဝဲနော်ရထာစုသည့်စာဆိုတော်များ ရတုပေါင်းချုပ်စာအုပ်ကို ဆွဲနုတ်ယူသည်။

အရှင်မဟာရဋ္ဌသာရ၏ နန်းမြေအောင်ချာချီရွှေပြည်ထွက်ချာ ဘုရားတိုင်ရတုကို အလွယ်နှင့် ရှာတွေ့သည်။

"ရွှေပြည်ထွက်ချာ၊ စွယ်လက်ယာ၊ ရတနာပွင့်လှိုင်၊ မဉ္ဇူခိုင်နှင့်၊ ဦးတိုင်ချီမြှောက်၊ ကျွန်ုပ်လျှောက်အံ့၊ ဆယ်ခြောက်နှစ်ပြည့်၊ မြင့်၏မထင်၊ မြိတ်သွင်လွှတ်စို့၊ ပြာသွယ်ညို့ကို၊ နတ်ကဲ့သို့ပင်၊ နောင်မင်ထောင်သား၊ ရှင်ပင်မွေတော်၊ ဖန်ဆင်းသော်မှ၊ တူပျော်ရအံ့၊ ဂူတည့်ဦးသမ်း၊ တတမ်းတမ်းသည်၊ မလွမ်းဘယ်သူ နေတတ်မည်"

ဦးမြင့်နွယ်က ပြုံး၏။

အရှင်မဟာရဋ္ဌသာရ၏ စကားအသုံးအနှုန်းနိုင်ပုံကို သဘောကျ၍ ပြုံးမိခြင်းဖြစ်သည်။

မြိတ်သွင်လွှတ်စို့၊ ပြာသွယ်ညို့ အကြောင်းကိုဖွဲ့သည်။ ပြီးတော့ မလွမ်းဘယ်သူ နေတတ်မည်ဟု မှတ်ချက်ပြုသည်။

မှန်သည် . . .

ကြုံဖူးလျှင်တော့ . . . အင်း . . . မလွမ်းဘယ်သူ နေတတ်မည်၊ နှလုံးသားရှိသူ မလွမ်းဘယ်သူ နေတတ်မည်။

မန္တလေး-ပြင်ဦးလွင်ကားလမ်း သုံးထပ်ကွေ့ကို ဦးမြင့်နွယ်၏ ဖင်မလီယာကားလေးသည် နံပါတ်သုံးဂီယာဖြင့်သက်သက်သာသာ ညက်ညက်ညောညော တက်လာခဲ့သည်။

နှစ်ဆယ့်တစ်မိုင် စခန်းဆီ ချဉ်းကပ်သော လမ်းပြေပြေတစ်လျှောက်သို့ အရောက်တွင်ကား ကားလေးသည် နံပါတ်လေးဂီယာဖြင့် သွက်သွက်မှန်မှန် ပြေးနေလေသည်။

ကားမောင်းနေသော ဦးမြင့်နွယ်၏ဘေးထိုင်ခုံတွင် ဦးတုတ်ဝင်းက " စံပယ် . . . စံပယ် . . . စံပယ်ပန်းနှယ် . . . သင်းရနံ့ကြူ ဖြူဖြူဖွေးတယ် မွှေးမွှေးလေးပေးချင်အောင်ကွယ်. . . "ဟု ဂီတနက်သန် ကိုစောငြိမ်း၏ စံပယ်သီချင်းကိုညည်းလိုက်လာနေ၏။

ကား၏ နောက်ထိုင်ခုံဆီမှ "ဟား"ခနဲ သမ်းသံနှင့် မရှေးမနှောင်းတွင် ဓာတုဗေဒကထိက ဦးညိုလဲ့က ကိုယ်ကို မတ်ထိုင်လိုက်သည်။

"လူများတွေ တေးသံက ချော့သိပ်တတ်တယ်၊ ကိုတုတ်ဝင်း တေးသံကြားလို့ ကျွန်တော် လန့်နိုးပြီ"

"တမင်နိုးအောင် ဆိုပေးရတာ၊ ကလေးအဖေဆိုတော့ ညက အိပ်ပျက်ရှာတယ် မဟုတ်လား"

"ကလေးအဖေဆိုတော့ ဘာဖြစ်သလဲ၊ ကလေးကိုလည်း မွေးနိုင်တယ်၊ ကလေးအမေကိုလည်း အဲ . . . ထမင်းချက်ခိုင်းနိုင်တယ်၊ ခင်ဗျားတို့ လူပျိုကြီးတွေသာ စိတ်ကူးနဲ့ ကြည်နူးနေရတာ၊ စံပယ်ပန်းနဲ့ တူလို့လေး ဘာပန်းနဲ့ တူလို့လေးနဲ့၊အမှန်က ဘာပန်းနဲ့တူတူ ရရင်တော့ မွေးမှာပဲ မဟုတ်လား"

"လက်ပံပွင့်ရရ ပဒိုင်းပွင့်ရရ၊ ရရာမွေးမယ်ဆိုရင် စကတည်းက လူပျိုကြီးဖြစ်မနေဘူး၊ လူပျိုကြီးဖြစ်ဖို့က အာသာဝတီနွယ်နီနတ်ပန်းကို စောင့်တဲ့ နတ်လုလင်လို ဇွဲကောင်းဖို့လိုတယ်"

"ကိုယ့်ဘာသာကို မစွံနိုင်တာကို မစွံဘူးလို့ ဝန်မခံဘူး၊ နတ်လုလင်လို ဇွဲကောင်းသလေး ဘာလေးနဲ့၊ ခင်ဗျားအာသာဝတီနွယ်နီနတ်ပန်းက ဒီတစ်သက် ပွင့်ဦးမှာလား"

"စံပယ်ပင်ဝတ္ထုမှာ ဦးလတ်က ဆိုထားတယ်၊ စံပယ်ပင် ဘယ်တွင်မှမပွင့်၊ အပြစ်တင်လျှင် တဇော၊ စောလိုက်ပါနှင့်တဲ့၊ ပွင့်ချိန်တန်လျှင် ပွင့်လာလိမ့်မယ်ပေါ့၊ အဲ . . . ပွင့်မလာတော့လည်း ရှင်မဟာရဋ္ဌသာရ ရေးခဲ့သလိုပဲ တရားသံဝေ၊အောက်မေ့ချေသော်၊ ကြေးရွှေ ဂဟေ၊ မစပ်လေသို့ . . . လို့ စိတ်ကိုဖြေပြီး အဟဲ . . . ဗြဟ္မာစရိယာ ဆက်ကျင့်နေရမှာပေါ့"

ဟား . . . ဟား . . . "

ကားမောင်းနေသော ဦးမြင့်နွယ်က ဦးတုတ်ဝင်း၏ စကားကြောင့် သဘောကျ ရယ်မောပြီးဆို၏။

"ခင်ဗျားကို ကျွန်တော် ချီးမွမ်းတာ တစ်ခုရှိတယ် ကိုတုတ်ဝင်း"

"ဘာလဲ နတ်လုလင်ဇွဲမျိုးလား၊ ဗြဟ္မာစရိယာကျင့်စွမ်းတဲ့ ပါရမီကိုလား "

"အကောင်းပြောတာပါ၊ ခင်ဗျားဟာ ရူပဗေဒကထိကတစ်ဦးဖြစ်ပေမယ့် မြန်မာစာပေ၊ မြန်မာကဗျာတွေကို မြတ်နိုးနှစ်သက်တာ ကျွန်တော် တကယ်ချီးမွမ်းတယ်"

"ခင်ဗျားက ချီးမွမ်းနေမှတော့ မထူးဘူး၊ နည်းနည်းလေး တရားဟောမယ်၊ သိပ္ပံပညာသမားမို့ စာပေကဗျာတွေ၊ အနုပညာတွေကို ပစ်ပယ်သလိုလိုလုပ်တဲ့လူဟာ အင်မတန်တုံးတဲ့လူပဲ၊ ဦးနှောက်ကောင်းတိုင်း လူတစ်ယောက်ဟာ ရာခိုင်နှုန်းတစ်ရာပြည့်တဲ့လူ မဟုတ်သေးဘူး၊ နှလုံးသားလည်း သိမ်မွေ့မှ၊ နှလုံးသား သိမ်မွေ့ဖို့က စာပေကဗျာတွေ အနုပညာတွေကမှ တတ်နိုင်တာ၊ ကျွန်တော့်မေဂျာ ကျောင်းသားတွေကို ကျွန်တော်ဒါအမြဲသတိပေးတယ် "

ဦးတုတ်ဝင်း၏စကားကို ဦးညိုလဲ့ကလည်း ဝင်ထောက်ခံပြော၏။

"ကျွန်တော်လဲ ဝင်တရားဟောလိုက်ဦးမယ်၊ ရီနေးဆွန်းခေတ်က ကွန်းဆက်ပ် (ခံယူချက်) တစ်ခုရှိတယ်၊ လက်တင်ဘာသာနဲ့တော့ ဟိုမိုယူနီဗာဆေးလီးစ် ခေါ်တယ်၊ ပြည့်ဝသော လူသားဘဝလို့ ဘာသာပြန်ရမယ်ထင်တယ်၊ အဘက်ဘက်ကပြည့်ဝတဲ့လူပေါ့ဗျာ၊ နမူနာအဖြစ်တော့ လီယိုနာဒို ဒါဗင်စီကို ပြကြတယ်၊ ပညာရဲ့ ရည်ရွယ်ချက်ဟာ ဒီလိုလူသားမျိုးဖြစ်လာဖို့ပေါ့၊ တချို့ကတော့ ဒီသဘောဟာ စိတ်ကူးယဉ်ဆန်တဲ့ မဖြစ်နိုင်သော စံချိန်တစ်ခုလို့ ပြောကြတယ်၊ ဒါပေမယ့် လူ့လောကကြီးတိုးတက်လာတာဟာ တစ်ချိန်က မဖြစ်နိုင်ဘူးထင်ခဲ့တဲ့ စံချိန်တွေကို ဖြစ်အောင်ချိုးခဲ့ကြလို့ မဟုတ်လား "

ဦးတုတ်ဝင်းက တဟဲဟဲရယ်ပြီး "ဒီလိုဆို ကျွန်တော့်အတွက် အများကြီးမျှော်လင့်ချက်ရှိသေးတာပေါ့"ဟု ဆိုသည်။

**(ဆက်လက်ဖော်ပြပါမည်)**

**ပို့ဆောင်ရေးဝန်ကြီးဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**
**လုပ်ငန်းတင်ဒါခေါ်ယူခြင်း**

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဆူးလေဆိပ်ကမ်းတံတားတွင် အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်ခြင်းအတွက် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | CCTV Surveillance Systemအသစ်တပ်ဆင်ခြင်း | 1Set |

တင်ဒါပိတ်ရက်နှင့်အချိန် ၅-၃-၂၀၁၃ရက်၊ ၁၅:၀၀နာရီ

၂။ တင်ဒါပုံစံများကို ၂၇-၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို စီမံရေးနှင့်လုပ်ငန်းဌာနခွဲ (ဖုန်းနံပါတ်-၀၁-၈၆၁၀၂၂၅)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင်ဝယ်ယူသူများထံမှ တင်ဒါကိုသာလက်ခံပါမည်။

**စီမံရေးနှင့် လုပ်ငန်းဌာနခွဲရုံး**
**သိမ်ဖြူသဘော်ကျင်းဝင်း**
**အမှတ်-၅၅၇/၅၅၉၊ သန်လျက်စွန်းလမ်း**
**ဆိပ်ကမ်းမြို့နယ်**

**စက်မှုအင်ဂျင်နီယာဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**သိပ္ပံကျော် - ဦးကျော်မြင့်**
**SCHOOL OF MATHS**
**SEC(1), SEC(2), IGCSE, GCE(A), SAT**
MATHS နှင့် ဘာသာစုံ (ဓနသုံးလနှင့် ပုံမှန်သင်တန်းများ)
(ဆရာလုပ်သက် ၄၈ နှစ်မြောက်အဖြစ် IGCSE နှင့် GCE (A), MATHS မျိုးဆက်သစ်ဆရာဖြစ် သင်တန်းဖွင့်ပေးမည်။ စုံစမ်းစာရင်းသွင်းနိုင်ပြီ)
၁၀၈၊ ၄-လွှာ၊ ၃၈-လမ်း၊ ဗန္ဓုလလမ်းနှင့်ကုန်သည်လမ်းကြား။ ဖုန်း/၀၉-၅၀၀-၇၇၇၆၊ ၀၁-၃၈၆၆၃၇




**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ယခင်အခေါ် ကရင်စု သမိုင်း မြို့ကွက်အမှတ်(၁၃)၊ ဦးပိုင်အမှတ် ၂၀/ခ ၊ ဧရိယာ ၀.၂၅၀ရှိ အကျယ်အဝန်း(၃၅ပေ× ပေ၁၁၀)ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၂၇/က၊ (၂)ရပ်ကွက်၊ ဒေါ်လှပန်းလမ်း၊ မရမ်းကုန်းမြို့နယ်ရှိ ရေမီးအစုံအလင် နှစ်ထပ်အိမ်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်အားလုံးကို မူလအမည်ပေါက် ဦးဂျိုးဇက်ဝါရှိန်တန်ထံမှ စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဦးထင်လင်းအောင်[၉/မရမ(နိုင်)၀၃၅၆၄၄]နှင့် ဒေါ်သန်းသန်းအေး [၁၂/တကန(နိုင်)၀၀၈၇၂၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဥ္ဇူ (LL.B,DIP,ACT) တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၉၄)**
**အခန်း-၂/၃၀၁၊ တတိယထပ်၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၅၀၅၆၂၂၅**


စီးပွားရေးလုပ်ငန်းများအတွက်
လက်လွှတ်မခံသင့်သော ရင်းနှီးမြှုပ်နှံမှု
သီရိရတနာ
လက်လီလက်ကား ရောင်းဝယ်ရေးနှင့်
အဝေးပြေး ကုန်တင်ယာဉ် ရပ်နားစခန်း
(မြောက်ဥက္ကလာပ)
(၆)လမ်းသွား သုဓမ္မာလမ်းမကြီးနဲ့ အမှတ်(၃)လမ်းမကြီး ဆုံရာမှာ တည်ရှိပြီး၊ အောင်မင်္ဂလာအဝေးပြေးဂိတ်ကို ဆယ်မိနစ်ပဲ လမ်းလျှောက်သွားရတဲ့ နေရာမှာရှိလို့ သွားရေးလာရေး လွယ်ကူတယ်
မော်တော်ဆိုင်ကယ်နှင့်စက်ဘီးအပိုပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်း၊
တာယာ၊ ဘက်ထရီ၊ အင်ဂျင်ဝိုင်၊ လယ်ယာသုံးစက်ကိရိယာ၊
အိမ်ဆောက်ပစ္စည်း၊ အိမ်အလှဆင်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းတွေ
တစ်နေရာတည်းမှာ ရနိုင်တဲ့ဈေးကြီးဗျ။
ငွေပေးငွေယူကိစ္စ လွယ်ကူစေဖို့ ဘဏ်တွေလည်းပါတယ်။
HIGHWAY ROAD
ထိုင်းနိုင်ငံက ဆွဲတဲ့ဒီဇိုင်းနဲ့
၂၀ ပေ × ၄၅ ပေ × (၂) ထပ်နဲ့
၁၄ ပေ × ၄၅ ပေ× (၂)ထပ်
အဆောက်အဦးတွေဆောက်မှာ .....ရှယ်ပဲ
Good!
GMP WHOLESALE MARKET
GOODYEAR
TOYOTA
ENTRANCE
နယ်ကုန်သည်တွေအတွက် အခန်း ၁၅၀ ပါတဲ့ ဟိုတယ် ၂လုံးလည်း ရှိမယ်။ စားသောက်ဆိုင်တွေလဲ ပါမယ်
GPM HOTEL
HOTEL Yangon
ပေ(၄၀) ကွန်တိန်နာ ယာဉ်အထိ ကုန်တင် ကုန်ချ လုပ်နိုင်တဲ့ ယာဉ်ရပ်နားဖို့ နေရာတွေ ပါတယ်။
ယာဉ်အစီးရေ ၂၀၀၀ လောက် ရပ်နားနိုင်တာကွ
ဈေးကြီးထဲမှာ နှစ်လမ်း မောင်းက (၃၆) ပေ၊ တစ်လမ်းမောင်းက(၁၈)ပေ ကျယ်လို့ လွယ်ကူစွာ ဝင်ထွက်နိုင်တယ်။
Developed by
၂၄၅၊ ဗားဂရာလမ်း၊ မြေနီကုန်း၊
စမ်းချောင်း
01 516533~6
01 524963, 526928
ကာတွန်း အော်ပီကျယ်
၂၀၁၂ ဩဂုတ် ၂၃

## မွေးနေ့ဆုတောင်း

၂၈-၂-၂၀၁၃ရက် ဒီနေ့မှာ ကျရောက်တဲ့ သမီးငယ် **နီလာကြင်**၏ မွေးနေ့မှသည် သံသရာဆုံးတိုင် သူတော်ကောင်းတရားများ ကြိုးစားပွားများအားထုတ်နိုင်လွယ်သူ ဖြစ်ပါစေ။

**ဖေဖေ-မေမေ နှင့် ကိုကို**
**(ခေတ္တ-စင်ကာပူ)**

## မွေးနေ့ဆုတောင်း

ချစ်ဇနီး **နီလာကြင်**၏ ၂၈-၂-၂၀၁၃ရက်မှာ ကျရောက်တဲ့မွေးနေ့မှသည် သာယာပျော်ရွှင်ဖွယ်ကောင်းသော ဘဝခရီးကို သက်ဆုံးတိုင်အောင် ကိုနဲ့အတူ ဖြတ်သန်းနိုင်ပါစေ။

**ချစ်တဲ့ ကို**
**ဗိုလ်မှူးပြည်စိုး(တပ်မတော်-ရေ)**

## မွေးနေ့ဆုတောင်း

Green Power Myanmar Co.,Ltd. ၏ Managing Director **ဒေါ်နီလာကြင်**၏ ၂၈-၂-၂၀၁၃ရက်မှာ ကျရောက်တဲ့ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ အောင်မြင်မှုများနှင့် ပျော်ရွှင်ချမ်းမြေ့ပါစေ။

**Green Power Myanmar Co.,Ltd.**
**ဝန်ထမ်းများ**

## မွေးနေ့ဆုတောင်း

၂၈-၂-၂၀၁၃ရက် **မနီလာကြင်(ခ)နီနီ**၏ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး ဘဝနှင့်ဆန္ဒထပ်တူဖြစ်ပါစေ။

**မိုးသောက်ပန်းမိတ္တူ မိသားစု(ရန်ကုန်)**
**ကော်ပီမန္တလာမိသားစု (မန္တလေး)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၇က/၃၇၀၁၊ Toyota Townace Ym-55, P/U (4x2) RHD ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်အောင် [၁၂/မဂဒ(နိုင်)၀၁၄၁၂၀]က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့နယ်**

ညှင်းလေပြည်ခင်းကျင်း၍.....သချာန်နက်ခင်း၏....
မိန်းမောဖွယ်ရာ.....ပုစ္ဆာရှုမျှော်ခင်းများစွာဆုံစည်းရာ.....
ဆရာ
**ဦးမောင်မောင်တိ**
၈-၉-၁၀တန်း နွေသင်္ချာ
၂၈၄၊ဗညားဒလလမ်းမကြီး၊ကျောက်မြောင်း၊တာမွေ။ ☎ 552054,095186637

### မိဘအမည်မှန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အလက(၁၀) ဒသမတန်းတွင် ပညာသင်ကြားနေသော မစင်ဒါမီရှယ်(ခ)စန္ဒာဝင်းနှင့် မအယ်နီရို(စ်)ဂျက်နီဖာတို့၏ မိဘအမည်မှန်မှာ ဦးစီဗေရီယတ်(စ်)နှင့် ဒေါ်ဟီ(လ်)တာကွင်းဖြစ်ပါသည်။

**ဦးစီဗေရီယတ်(စ်)**
**ဒေါ်ဟီ(လ်)တာကွင်း**

ဒေါက်တာခင်မိုးမိုး Ph.D,Chem စီစဉ်သင်ကြားသည့်
**စေတနာဂုဏ်ထူး**
(၉၊၁၀)တန်း
စာသင်/စာကျက်ဝိုင်း နှင့် ဘော်ဒါ
(၁၀)ဦးသီးသန့်စာသင်ဝိုင်း၊
ဆရာ/မကြီးများကိုယ်တိုင် စာသင်ချိန်(၄)ချိန်သင်ကြားသည်။
မြန်မာစာ ▪ဂုဏ်ထူးဦးသိန်းနိုင်
▪ဒေါက်တာဥမ္မာစိုး၊ဦးရွှေမိုး
အင်္ဂလိပ်စာ ▪ဦးနေအုပ်(စိန်ပေါလ်)
▪ဒေါက်တာ-ဒီ
သင်္ချာ ▪ဒေါက်တာညီညီ
ဓါတုဗေဒ ▪ဒေါက်တာခင်မိုးမိုး
ရူပဗေဒ ▪ပါမောက္ခဒေါက်တာဦးတင့်လွင်(ငြိမ်းစား)
▪ဦးသန့်ဇင်အောင်
ဇီဝဗေဒ ▪ဒေါက်တာဇီဝ
▪ဒေါက်တာဒေါ်မေစီ
ဘောဂဗေဒ ▪ဦးထွန်းမြင့်အောင်
မတ်လ(၅)ရက် စမည်။
အမှတ်(၉၅)၊ အခန်း(၂၀၁)၊ အနော်ရထာလမ်းနှင့်(၅၂)လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်။ Ph: 09 731 21329, 09 5402665, 09 73251430

### ရန်ကုန်စက်မှုတက္ကသိုလ်
### ၁၉၈၇ နှင့် ၁၉၉၁ ခုနှစ် ဘွဲ့ရအင်ဂျင်နီယာများနှင့် ဗိသုကာများ၏
### အာစရိယပူဇော်ပွဲကျင်းပမည်
### အာစရိယပူဇော်ပွဲကို နှစ်စဉ်ပြုလုပ်နေကျနေ့ရက်ဖြစ်သည့် ၂-၃-၂၀၁၃ရက် (စနေနေ့)

နံနက် ၉ နာရီမှ ၁၂ နာရီအထိ ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသူ၊ ကျောင်းသားဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၁။ ဦးတင်ဦး(Mech) | ဖုန်း-၀၉-၅၀၀၈၉၂၃ | ၈။ ဦးစိုးမင်း(Metal) | ဖုန်း-၀၉-၂၂၂၅၅၀၁ |
| ၂။ ဦးခင်မောင်လွင်(ကြက်တော)(Mech) | ဖုန်း-၀၉-၅၀၀၄၁၈၉ | ၉။ ဒေါက်တာမျိုးညွန့်(Mining) | ဖုန်း-၀၉-၅၀၉၇၅၇၄ |
| ၃။ ဦးကျော်သူအောင်(Ec) | ဖုန်း-၀၉-၅၀၀၀၃၁၈ | ၁၀။ ဦးညွန့်ဝင်း(Arch) | ဖုန်း-၀၉-၅၁၁၅၆၀၂ |
| ၄။ ဒေါ်ခင်စန္ဒာထွန်း(Ec) | ဖုန်း-၀၉-၅၀၀၀၇၃၅ | ၁၁။ ဦးကိုကိုအေး(Civil) | ဖုန်း-၀၉-၅၁၁၉၀၇၀ |
| ၅။ ဦးသော်တာ(Ep) | ဖုန်း-၀၉-၅၀၁၅၃၈၅ | ၁၂။ ဦးစန်းကြူ(Civil) | ဖုန်း-၀၉-၅၀၅၂၂၀၀ |
| ၆။ ဒေါ်ငွေငွေ(Textile) | ဖုန်း-၀၉-၅၀၄၇၆၄၂ | ၁၃။ ဦးမြင့်နိုင်(Petrol) | ဖုန်း-၀၉-၄၅၀၀၆၅၇၀၁ |
| ၇။ ဦးကျော်စိုးဝင်း(Chemical) | ဖုန်း-၀၉-၅၀၈၁၄၅၁ | | |

**(ဖိတ်စာသီးခြားမပို့ပါ။)**

## ဂရင်းဂါးဒီယန်း အာမခံ အများပိုင် ကုမ္ပဏီလီမိတက်
## (Grand Guardian Insurance Public Co., Ltd)
## ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ပြည်သူသို့ တင်ပြခြင်း

ဂရင်းဂါးဒီယန်း အာမခံ အများပိုင် ကုမ္ပဏီ လီမိတက် (Grand Guardian Insurance Public Co., Ltd.) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတက်မှု ဝန်ကြီးဌာန ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် - ၃၇၇၂/၂၀၁၂-၂၀၁၃ (၁၁-၁၂-၂၀၁၂) ဖြင့် အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

ဂရင်းဂါးဒီယန်း အာမခံ အများပိုင် ကုမ္ပဏီ လီမိတက် သည် အာမခံလုပ်ငန်းအမျိုးမျိုးတို့ကို ခွင့်ပြုချက်နှင့်အညီ လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

ကုမ္ပဏီ၏ ရုံးခန်းကို အမှတ်-၁၉/၂၀၊ A, B, C, D Junction Square Compound ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ် ၊ ရန်ကုန်မြို့ တွင် ဖွင့်လှစ်မည် ဖြစ်ပါသည်။

**Grand Guardian Insurance Public Co., Ltd**

## အထူးကျေးဇူးတင်ရှိခြင်း

အလက(၃) မရမ်းကုန်း ကျောင်းသူ/ကျောင်းသားဟောင်းများ၏ လူငယ်ဖွံ့ဖြိုးရေး ရန်ပုံငွေ တေးဂီတ ဖျော်ဖြေလှူဒါန်းပွဲတွင် ကူညီပေးကြပါသော မျက်မမြင်ကျောင်း(ခဝဲခြံ) မှ ကျောင်းအုပ်ဆရာကြီးနှင့် ဝန်ထမ်းများ၊ မေတ္တာဖြင့် အားပါးတရ သီဆိုဖျော်ဖြေကြသော ရင်ဂို၊ ဂရေဟမ်၊ ထူးအယ်လင်း၊ နောနော်၊ ဂျင်နီ၊ N ကိုင်ရာ၊ ဆုပန်ထွာ၊ ချစ်စန္ဒီဦးတို့နှင့် တကွ တေးသံရှင်များ၊ THE BLAZE နှင့် THE LINES MUSIC BAND တေးဂီတဝိုင်း အဖွဲ့သားများ၊ အလှူငွေများ မတည်လှူဒါန်းကြသော အလှူရှင်ပုဂ္ဂိုလ်များနှင့်တကွ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျောင်းသူ/သားဟောင်းများ၊ မျိုးဆက်သစ်လူငယ်များကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ဖြစ်မြောက်ရေးအဖွဲ့**
**အလက(၃) ကျောင်းသူ/ကျောင်းသားဟောင်းများ**

## မီး သတိပြု

### ကန့်ကွက်ရန် ရှိ/မရှိ သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ လှိုင်ရတနာအိမ်ရာ၊ တိုက်ခန်းအမှတ်(၆)၊ အခန်း(၁၄)နေ ကျွန်ုပ်၏မိတ်ဆွေဦးသန်းထိုက်[၁၂/လမန(နိုင်)၀၀၄၇၄၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဦးသန်းထိုက်သည် လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရတနာမွန်အိမ်ရာ၊ တိုက်အမှတ်(၂/ဘီ)၊ အခန်းအမှတ်-၀၀၄နေ ဒေါ်မြမြသွင်[၁၂/လမန(နိုင်)၀၈၄၈၁၄] (နန်းတော်ဦး-ဆောက်လုပ်ရေး)ထံမှ ၎င်းဆောက်လုပ်ပြီး ၎င်းရောင်းချပိုင်ခွင့်ရှိသော ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာလမ်းသွယ်၊ အမှတ်၂၈(ခ)ဟုခေါ်တွင်သော (၃)ခန်းတွဲ (၃ $\frac{၁}{၂}$ )ထပ်တိုက်၏ ခေါင်းရင်းခြမ်း၊ မြေညီထပ်တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ၁၃-၂-၂၀၁၃ရက်က အသိသက်သေများရှေ့တွင် ဤစာချုပ်ချုပ်ဆိုပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်း အပြည့်အစုံဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါတိုက်ခန်းကို ဥပဒေနှင့်အညီ တရားဝင်အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်သွားမည် ဖြစ်ကြောင်း ကြိုတင်သတိပေးကြေညာအပ်ပါသည်။

**ဦးသန်းထိုက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ရင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၁၂၃)**
**၁၅၊ မယ်စီကုန်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉၇၃၁၁၇၂၉၇၊ ၀၁-၅၃၆၉၉၀**

### အများသိစေရန်

အမှတ်(၃/၈)၊ သာယာအေးရိပ်သာလမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေကွက်အမှတ်-၂/အ၂၉၊ ဧရိယာ (၀. ၀၇၃) ဧကရှိ မြေပိုင်မြေ အမျိုးအစား အိမ်ရာမြေကွက်+ယင်းအိမ်ရာမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံ+ တပ်ဆင်အသုံးပြုလျက်ရှိသည့် ပစ္စည်းအရပ်ရပ်နှင့် ဖော်ပြပါ မြေ+အဆောက်အအုံတို့နှင့် ပတ်သက်သည့် အကျိုးခံစားခွင့်များအားလုံးတို့ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ "အိမ်နှင့် မြေအပြီးအပိုင်အရောင်းအဝယ်စာချုပ်" မှတ်ပုံတင်အမှတ်(၄၁၉၅/၁၉၉၇) ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်မြတ်လေးပန်း [ဘ-ဦးစိန်ရွှေ၊ ၁၂/ကမရ (နိုင်) ၀၂၄၀၈၈]၏ ကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် (၉၃၀၇/၂၀၁၀) ရရှိသူ ဒေါ်မွေးကြူသင်း [ဘ-ဦးစိန်ရွှေ၊ ၁၂/ရကန(နိုင်) ၀၂၅၀၆၈]ထံမှကျွန်ုပ်၏ မိတ်ဆွေတစ်ဦးက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ယင်းပစ္စည်းအရပ်ရပ်တို့၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှု အထောက်အထား၊ မှတ်ပုံတင်စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းအေး (B.Ag, H.G.P)**
**အထက်တန်းရှေ့နေ (စဉ်-၁၂၅၉၅)**
**အမှတ်(၅၀)၊ အခန်း(A/၅)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

### ၁၀-၂-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာပါ ဒေါက်တာသန်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေဒေါ်စမ်းစမ်းဝင်း၊ အထက်တန်းရှေ့နေ ဒေါ်မေဇွန်စိုးဦးတို့၏ ကြော်ငြာချက် အပေါ် ဒေါ်ဇင်စန္ဒာ (Assistant Manager) Ak မီဒီယာ [၁၂/ကမရ(နိုင်)၀၅၆၁၆၇]၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြော်ငြာခြင်း

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ဇင်စန္ဒာသည် မီဒီယာကြော်ငြာလုပ်ငန်းအား လွန်ခဲ့သော (၅)နှစ်ကစတင်ကာ ယနေ့တိုင်အောင် ကောင်းသောဂုဏ်သတင်းဖြင့် ရိုးသားစွာလုပ်ကိုင်ဆောင်ရွက်နေသူ ဖြစ်ပါသည်။ ထို့အပြင် ဒေါက်တာသန်းထွန်း၏ "ဘွန်းတိရစ္ဆာန်ဆေးဝါးလုပ်ငန်း"၏ ကြော်ငြာများနှင့် ပတ်သက်၍လည်း အမှားအယွင်းမရှိ လုပ်ကိုင်ဆောင်ရွက်ပေးသူဖြစ်ပါလျက် ယခုကဲ့သို့ ဒေါ်ဇင်စန္ဒာအပေါ် အများသိစေရန် ခေါင်းစဉ်ဖြင့် ကြော်ငြာခြင်းသည် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဇင်စန္ဒာ၏ လုပ်ငန်းနှင့်ပတ်သက်သည့် ဂုဏ်သိက္ခာများစွာ ထိခိုက်နစ်နာစေပါသည်။

အဆိုပါကြော်ငြာချက်၌ ဒေါ်ဇင်စန္ဒာထံသို့ အပ်နှံခဲ့သော (Bus Stand) ဗီနိုင်းကြော်ငြာလုပ်ငန်းအား ဒေါ်ဇင်စန္ဒာမှ ၁၇-၁၁-၂၀၁၂ရက်တွင် ဗီနိုင်းတပ်ဆင်ပြီးစီး၍ ဒေါက်တာသန်းထွန်းထံသို့ လွှဲပြောင်းအပ်နှံခဲ့သည်ဟု ဖော်ပြကြော်ငြာချက်အရပင်လျှင် ဒေါ်ဇင်စန္ဒာမှ အဆိုပါလုပ်ငန်းအား တာဝန်ကျေပွန်စွာ လုပ်ကိုင်ဆောင်ရွက်ပြီးစီးကြောင်း ပေါ်လွင်လျက်ရှိပါသည်။

ထိုကဲ့သို့ ဒေါ်ဇင်စန္ဒာမှ ၎င်းထံသို့ အပ်နှံခဲ့သောလုပ်ငန်းအား တာဝန်ကျေပြီးစီးအောင် ဆောင်ရွက်ခဲ့ကြောင်း ထင်ရှားနေပါလျက် အများသိစေရန် ကြော်ငြာချက်ထည့်သွင်းခြင်းသည်လည်းကောင်း ဒေါ်ဇင်စန္ဒာ၏ ကလေး ရက်(၁၀၀)ပြည့်ပြုလုပ်ရန်အတွက် ငွေ(၃)သိန်းထုတ်ချေးခဲ့သည်ဟူသော ဖော်ပြချက်များသည်လည်းကောင်း လုံးဝမှန်ကန်ခြင်းမရှိဘဲ ဒေါ်ဇင်စန္ဒာ၏ လုပ်ငန်းဂုဏ်သိက္ခာနှင့် လူမှုရေးဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်ချက်ဖြင့် တမင်လုပ်ဆောင်ခြင်းသာ ဖြစ်ပါသည်။

ထိုကဲ့သို့ဒေါ်ဇင်စန္ဒာအား နစ်နာစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခဲ့သော ဒေါက်တာသန်းထွန်း၏ ဆောင်ရွက်ချက်များကြောင့် ဖြစ်ပေါ်လာရသော ဒေါ်ဇင်စန္ဒာ၏ နစ်နာမှုများနှင့်ပတ်သက်၍ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) (စဉ်-၆၇၀၂)**
**အမှတ်-၅၆၁၊ M.A.C Tower, အခန်း-၃၀၂၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

မိဘသဖွယ်ကျေးဇူးကြီးလှသော ဗိုလ်ချုပ်မင်းဂေါင်(ငြိမ်း) (ကြည်း-၆၃၁၅)၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်၊ သူရဲကောင်းမှတ်တမ်းဝင် အသက်(၈၈)နှစ်သည် ၂၂-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်မင်း+ ပါမောက္ခဒေါက်တာခင်ဇမူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး**

**(ကြည်း-၂၆၇၄၈)**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦးသည် ၂၄-၂-၂၀၁၃ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၂)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဂေါ်ကျင်စိန်(ခ)ဦးကျင်စိန်(တိုက်ကြီး)**

**အသက်(၉၃)နှစ်**

သတ္တဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများအသင်းဝင် ဦးစိန်မင်း-ဒေါ်နွယ်နွယ်ဝင်း (Sein Motor Co.Ltd)တို့၏ ဖခင် ဂေါ်ကျင်စိန်(ခ)ဦးကျင်စိန်သည် ၂၂-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ အထူးကြေကွဲ ဝမ်းနည်းရပါကြောင်း။

**ရန်ကုန်တက္ကသိုလ်သတ္တဗေဒ**
**ကျောင်းသား၊ ကျောင်းသူဟောင်းများ၏လူမှုကူညီရေးစောင့်ရှောက်မှုအသင်း**

## အထူးကျေးဇူးတင်ရှိခြင်း

၁၈-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားသော ဒေါ်တင်တင်ဦး(ခ)stella(ပုသိမ်) အထပြ(ငြိမ်း)၏ နာရေးကိစ္စတွင် အဘက်ဘက်မှ ကူညီပေးကြပါသော ပညာရှိ၊ ပညာ့ရိပ်သာမှ ဒေါ်ခင်မြတ်သူ(ခ)မာမားနှင့် ဆရာ၊ ဆရာမများ တပည့်များအားလည်းကောင်း၊ နှင်းဆီကုန်း အထူးကုဆေးခန်းမှ ဒေါ်ညွှန့်ညွှန့်စိန်နှင့် ဆရာဝန်များ၊ သူနာပြုများအားလည်းကောင်း၊ ရန်ကုန်မြို့နှင့် ပုသိမ်မြို့တို့မှ ဆရာ၊ ဆရာမများနှင့် တပည့်ဟောင်းများအားလည်းကောင်း၊ ၁၆/၂ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့အားလည်းကောင်း ညီအစ်ကိုမောင်နှမ၊ တူ၊ တူမများအား လည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူအားလုံးအား ကျန်ရစ်သူ မိသားစုမှ အထူးပင်ကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာထွန်းအောင်ကြည်**

**အသက်(၅၅)နှစ်**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး-စကုမြို့တွင် တာဝန်ကျစဉ် ခင်မင်ခဲ့ရသော မမဒေါက်တာ သင်းသင်းမွန်၏ ချစ်လှစွာသော ခင်ပွန်း ဒေါက်တာထွန်းအောင်ကြည်သည် ၂၁-၂-၂၀၁၃ရက် ညနေပိုင်းတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်မြင့်-ဒေါ်ဖြူဖြူ မိသားစု**
**ရွှေမန်းစားသောက်ဆိုင်၊ ရွှေစက်တော်ဘုရား**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြရွှေ(ရုံးတော)**

**အသက်(၆၅)နှစ်**

ပြည်မြို့အထွေထွေရောဂါကုဆေးရုံကြီး၏ ဆေးရုံအုပ်ကြီးဒေါက်တာဦးတင့်ရွှန်း-ဒေါ်အေးအေးတို့၏အစ်မကြီးဒေါ်မြရွှေ(ရုံးတော)သည် ၂၄-၂-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆေးရုံဝန်ထမ်းများ**
**ပြည်မြို့အထွေထွေရောဂါကုဆေးရုံကြီး**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတင်သောင်း(၇၂)နှစ်**

**တွဲဖက်ပါမောက္ခ(ငြိမ်း)**

**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

စီးပွားရေးတက္ကသိုလ်တွဲဖက်ပါမောက္ခ(ငြိမ်း)ဆရာဦးတင်သောင်းသည် ၂၀-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း..

**စီးပွားရေးတက္ကသိုလ် ၁၉၆၉-၇၀-၇၁**
**စတင်ဝင်ရောက်သူကျောင်းသူ/သားများ**

## ဝမ်းနည်းကြေကွဲခြင်း

**မရတနာတင်**

**အသက်(၂၈)နှစ်**

**နိုင်ငံခြားရေးဝန်ကြီးဌာန**

ရန်ကင်းမြို့နယ်၊ စက်မှု(၁)လမ်း၊ တိုက်(၃၇၁)၊ အခန်း(၂)နေ ဦးမွှေးတင်-ဒေါ်ကြူကြူတို့၏ သမီးလတ် မရတနာတင် သည် ၂၂-၂-၂၀၁၃ရက် နံနက် ၈း၂၀တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

- **ဦးအောင်စိုး-ဒေါ်လှဝင်း**
- **ကိုကြီးဇော်ဇော်အောင်-မဇာခြည်မြင့်(ကနေဒါ)**
- **ကိုလေးကျော်ညီညီအောင်(အင်ကြင်းခိုင်ဖိနပ်ဆိုင်)**
- **မမကြီး ဇင်မာအောင်(မြတ်ကြည်အောင်ဖိနပ်ဆိုင်)**
- **ညီမငယ် သန္တာအောင် (စိန်ပန်းခိုင်ဖိနပ်ဆိုင်)**

**ပေါင်းလောင်းအသင်း(ရန်ကုန်)**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း**
**ဒါယိကာမကြီး**
**ဒေါ်တင်အေး**
**အသက်(၈၂)နှစ်**
**ကွမ်းဆိပ်၊ သူရဲသူမိန်**
**ပေါင်းလောင်းအသင်း(ရန်ကုန်)**
**သက်ကြီးကန်တော့ခံ**

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၇)ရပ်ကွက်၊သံလမ်း၊ အမှတ်(၃၀)နေ (ဦးမင်း-ဒေါ် စောနှစ်)တို့၏သမီး၊ (ဦးစံရင်)၏ဇနီး ဒေါ်တင်အေးသည် ၂၅-၂-၂၀၁၃ (တနင်္လာနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၃ မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း အသင်းသူအသင်းသားများအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့

**ဒေါ်မြစိန် (၇၉)နှစ်**
**သုံးဆယ်မြို့ (ဖိုးခေါင်)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောမြောက်ရပ်ကွက်၊ ငှက်ပျောတောလမ်း၊ အမှတ်(၃၆)၊ ပထမထပ်နေ ဦးညွှန့်မောင်၏ ဇနီး၊ ဦးစိန်ဝင်း-ဒေါ်သိန်းသိန်းဦး၊ ဦးတင်ဝင်းတို့၏ မိခင်၊ ဦးမြစန်း-ဒေါ်ခင်ရီ ဦးကျော်စိုး၊ ဦးစိုးမြင့်-ဒေါ်ယဉ်ရွှေ ဦးဝင်းသိန်း-ဒေါ်လှမြင့်တို့၏အစ်မ၊ ကျော်ခေါင်ထွဋ်ရွှေ (2nd MATE)၊ ကိုကိုဝင်းတို့၏အဘွားသည် ၂၆-၂-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ၄-၃-၂၀၁၃ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# (၂)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှဝေခြင်း

**ဦးစိုင်းဆန်ပီး(ခ)အိုက်ခမ်းဆွေ**

**အသက်(၆၄)နှစ်**

**(မူဆယ်မြို့)**

အနန္တကျေးဇူးရှင်ဖခင်ကြီးကွယ်လွန်သွားသည်မှာ ၂၈-၂-၂၀၁၃ရက်တွင်(၂)နှစ်ပြည့်ပြီ ဖြစ်သော်လည်း အဖေ၏ ဆုံးမစကားများကို အမြဲအောက်မေ့နှလုံးသွင်းလျက်ပါ။ အဖေ့အားရည်စူး၍ ၂၈-၂-၂၀၁၃ရက်တွင် မူဆယ်မြို့၊ နန္ဒဝန်ပရိယတ္တိစာသင်တိုက်(ရွှေသမင်ကျောင်းတိုက်)၌သံဃာတော်အပါး(၁၆၀)တို့ကို အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ရန်ကုန်မြို့၊ အောင်မြေ ဘုံသာ(၉)မိုင်ရှမ်းကျောင်း၌ သံဃာတော်အပါး(၁၂၀)တို့ကို အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့်နေ့စဉ်ပြုပြုသမျှကောင်းမှုကုသိုလ် အစုစုတို့ကို အဖေကောင်းရာဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

| | |
|---|---|
| **ဇနီး** | **- ဒေါ်နန်းခင်အေး** |
| **သားကြီး** | **- စိုင်းဆိုင်တိုင်း** |
| **သားလတ်** | **- စိုင်းဆိုင်လှိုင်း** |
| **သမီး** | **- နန်းမိုဟွမ်-စိုင်းဆိုင်လှိုင်း** |
| **သမီး** | **- နန်းစံဟွမ်-ကိုဖြိုးမင်းထက်** |
| **သားငယ်** | **- စိုင်းဆိုင်ဝမ်း-နန်းနွမ်းမိုင်** |
| **မြေး** | **- (၆)ယောက်** |

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ချုပ်မင်းဂေါင်(ငြိမ်း)**

**အသက်(၈၈)နှစ်**

**(ကြည်း-၆၃၁၅) ဗိုလ်သင်တန်းအမှတ်စဉ်(၇)**

**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊ သူရဲကောင်းမှတ်တမ်းဝင်**

ပါမောက္ခဒေါက်တာ ဦးနေဝင်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့)၊ ဒေါ်မေမေသွဲ့တို့၏ ဖခင်ကြီး ဗိုလ်ချုပ်မင်းဂေါင်(ငြိမ်း)သည် ၂၂-၂-၂၀၁၃ရက်(သောကြာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**

**ဒေါ်စိန်စိန်**

**အသက်(၆၅)နှစ်**

မန္တလေးမြို့၊ နယူးစီဗီလိုင်းရပ်နေ (ဦးသာကြွယ်-ဒေါ်ကြည်ကြည်)တို့၏ သမီး၊ (၈၃)လမ်း၊ ဂုဏ်တန်ရပ်နေ (တိုင်းချစ်ဦးသိန်းဖေ-ဒေါ်မြမြ)တို့၏ သမီးချွေးမ၊ ဦးဇော်ဝမ်း(အဆိုတော်ရုပ်ရှင်သရုပ်ဆောင်)]၏ဇနီး၊ ကိုစိမ်းအောင်အောင်-မယမင်းဇော်ဝမ်း၊ ဟယ်ရီဇော်ဝမ်း(ခ)ထွန်းဇော်-တိုင်းချစ်ပညာရေး-မစုနန္ဒာတို့၏ မိခင်၊ မောင်မင်းဗညားစိမ်း၊ မောင်လမင်းစိမ်း၊ မနဒီစိမ်း၊ မဖူးသစ်ငြိမ်းတို့၏အဘွားသည် ၂၄-၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ရဲအုပ်ကျော်သိန်း(ငြိမ်း)၊ ကသ-၉၇**

**သူရအပတ်စဉ်(၁၂)/၇၈ ဖောင်ကြီး**

၂၄-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါ၍ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူရ(၁၂)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးကျော်**

**အသက်(၉၁)နှစ်**

Super Mega Engineers Group Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ဝင်း-ဒေါ်ခင်ဦးမြင့်တို့၏ မိခင် ဒေါ်အေးကျော် အသက်(၉၁)နှစ်သည် ၂၄-၂-၂၀၁၃(တနင်္ဂနွေနေ့) ည ၁၀း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Super Mega Engineers Group Co., Ltd. **မှ ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးဒေါ်တင်မြင့်ဦး(ငြိမ်း)**

**N-174**

**အသက် (၇၄)နှစ်**

စစ်သူနာပြုအရာရှိ အပတ်စဉ်(၂)မှ ဗိုလ်ကြီးဒေါ်တင်မြင့်ဦး(ငြိမ်း)သည် ၂၃-၂-၂၀၁၃(စနေနေ့) နံနက် ၀၀း၃၀ နာရီတွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်၌ ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**အပတ်စဉ်တူ ကျောင်းဆင်းသူငယ်ချင်းများ**

**ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)**

**ဦးတင်သောင်း(၇၂)နှစ်**

**(တွဲဖက်ပါမောက္ခ-ငြိမ်း၊ စီးပွားရေးတက္ကသိုလ်)**

ပြင်ဦးလွင်မြို့နေ (ဦးဘညို-ဒေါ်ညွှန့်ဝေ)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ ပါရမီကွန်ဒို၊ တိုက်(၇+၁ ဒီ)၊ အခန်း(၄၀၄)နေ ဒေါ်ဌေးဌေးကြည် (ရာ/၁၈၈၉)၏ခင်ပွန်းသည် ၂၀-၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ဆေးတက္ကသိုလ်(၁)ခန္ဓာဗေဒဌာနသို့ လှူဒါန်းပြီးဖြစ်ပါ ကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်လှ(မုံရွာ)**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့ ဦးနေလင်း-ဒေါ်နွယ်နွယ်ဝင်းတို့၏မိခင်ကြီး၊ မုံရွာမြို့ ချမ်းမြသာစည်ရပ်နေ ဦးဝင်းမြင့်(မန်နေဂျာ) စား/ဖျော်(ငြိမ်း)၏ဇနီးသည် ၂၂-၂-၂၀၁၃မွန်းလွဲ(၂)နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးခင်ရွှေ-ဒေါ်စိန်စိန်မိသားစု**
**ကုန်းမြင့်ရိပ်သာ၊ ရန်ကုန်မြို့**

# တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

၂၇-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားခဲ့သော ဦးလှဟန်(ခ)ဦးတင်အောင်၏ မေတ္တာ၊ စေတနာနှင့် ကျေးဇူးတရားတို့ကို နေ့စဉ်သတိရလျက် ပြုခဲ့သမျှ ကောင်းမှုကုသိုလ် အစုစုတို့ကို အမျှပေးဝေပါသည်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ-

**ချစ်ဇနီး- ဒေါ်စန္ဒာဝင်း**
**သား- ခန့်သူရိန်ဟန်**

## (၆)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**မောင်ရာဇာလင်း** (1 st MB IM II)

သားချစ်လေး---

သားနဲ့ခွဲရတာ ဒီနေ့ဆိုရင်(၆)နှစ်ပြည့်ပါပြီ--- တစ်နေ့တစ်ရက်မှမေ့လို့မရပါ။ ဒီနှစ်မှာတော့ သားလေးအတွက် ရည်စူးပြီး ပြုခဲ့တဲ့ **"ရာဇာလင်းဆေးတက္ကသိုလ်ပညာသင်ဆု"** အထောက်အပံ့ကနေ ဘွဲ့ရတစ်ဦးအောင်မြင်ခဲ့ပါပြီ။ ဆေးတက္ကသိုလ်အသီးသီးမှာလည်း ပထမနှစ်မှစလို့ နောက်ဆုံးနှစ်အပိုင်း(ခ)အထိ အတန်းစုံမှာ ပညာဒါနအလှူဆောင်ရွက်ထားနိုင်ခဲ့ပါသည်။ ဆောင်ရွက်နေဆဲလည်းဖြစ်ပါတယ်။--- သားလေးရေ ဒီအလှူဒါနအပါအဝင် ဖေဖေ မေမေတို့နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်ခဲ့တဲ့ ဒါန သီလ ဘာဝနာ ကုသိုလ်များကိုလည်း သားလေးမြင့်သော မြတ်သောဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

သားလေးရေ---အမျှ ---အမျှ---အမျှ

သာဓု---သာဓု---သာဓု

**ချစ်တဲ့ဖေဖေ-ဦးအေးကျော်**
**မေမေ-ဒေါ်အေးအေးမြင့်**
**ရာဇာလင်းမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြရွှေ(ရုံးတော)**

**အသက်(၆၅)နှစ်**

ပြည်မြို့အထွေထွေရောဂါကုဆေးရုံကြီး၏ ဆေးရုံအုပ်ကြီးဒေါက်တာဦးတင့်ရွှန်း-ဒေါ်အေးအေးတို့၏ အစ်မကြီးဒေါ်မြရွှေ(ရုံးတော)သည် ၂၄-၂-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါကြောင်း။

**ဒုတိယဆေးရုံအုပ်ဒေါက်တာရန်နိုင်မောင်-ဒေါ်ယမင်းဇင်မာမိသားစု**
**ပြည်မြို့ အထွေထွေရောဂါဆေးရုံကြီး**

## အမွေပြတ်စွန့်လွှတ်ခြင်း

(ဦးညွှန့်ဝင်း)-ဒေါ်မြင့်မြင့်မေ၏သမီး မချိုမေဝင်း[၁၂/အစန(နိုင်)၁၉၄၄၇၇]သည် မိဘဆုံးမမှုကို မနာခံဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် အမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်ကြောင်း နောက်နောင်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်းအသိပေးအပ်ပါသည်။

**ဒေါ်မြင့်မြင့်မေ[၁၂/အစန(နိုင်)၀၉၇၇၇၇]**

## အထူးဝမ်းနည်းကြေကွဲခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နေ ဒေါက်တာပေါ်မြင့်ဦး(မြဂန္ဓမာဆေးခန်း)- ဒေါက်တာဂျူဂျူစန်း (တွဲဖက်အတွင်းရေးမှူး-၂၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း)တို့၏မိခင် ဒေါ်ခင်အိ အသက်(၁၀၀)သည် ၂၆-၂-၂၀၁၃(အင်္ဂါနေ့) နံနက် ဝ၀း၃၇နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ**
**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း**

## အထူးကျေးဇူးတင်ရှိခြင်း

၂၃-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်အုံးညွန့်အား မကွယ်လွန်မီ ပြုစုပေးခဲ့သော ရွှေဗဟိုအထူးကုဆေးရုံမှ အထူးကုဆရာဝန်၊ ဆရာမ၊ သူနာပြုဆရာမများအားလည်းကောင်း၊ ၂၅-၂-၂၀၁၃ရက် ဈာပနအခမ်းအနားသို့ ပို့ဆောင်ပေးခဲ့သော ဆရာမဒေါ်တင်တင်အေး၊ President နှင့် K.M.D Group of Companies ဝန်ထမ်းများ၊ ပို့ဆက်(ရေကြောင်း) ဘောလုံးသမားဟောင်းများအားလည်းကောင်း၊ HAN SEATIC သင်္ဘောသားများအား လည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် လွမ်းသူ့ပန်းခွေ ပေးပို့ခဲ့သည့် AUSTRALIA မှ REGINEA နှင့် AUNTY BABy၊ OVER SEA မှ ဖုန်းဖြင့်ဝမ်းနည်းကြောင်း သတင်းမေးသူများ အားလုံးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ ကျောင်းဒါယကာကြီး
## ဦးဟုတ်ရှိန် (၇၄)နှစ်

အင်ဂျင်နီယာမှူး(ငြိမ်း)၊
ချွန်ထိန်းကျောက်ထုတ်ဦးစီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၇ ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၃၇)နေ၊ (ဦးကြာဝါး- ဒေါ်အိ)တို့၏သား၊ (ဦးအုန်းသွင်-ဒေါ်ဖွားတင်)တို့၏သားသမက်၊ (ဦးကျင်တိတ်)-ဒေါ်မြကျင်၊ ဦးကျင်ဝှက်-(ဒေါ်စောတုတ်)၊ (ဦးကျင်ယုံ)-ဒေါ်ထား၊ (ဦးတင်မြင့်)-ဒေါ်မြင့်ရီ၊ ဦးကျင်ဟုတ်-ဒေါ်ကြီးမြင့်တို့၏ညီ၊ ဒေါ်ခင်စမ်း၏ခင်ပွန်း ဦးရှူပ၊ ဦးပညာ-ဒေါ်မီမီကျော် (သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)၊ ဦးကောင်းထက်-(ဒေါ်ခင်ဥမ္မာရှိန်) တို့၏ဖခင်၊ မအေးငြိမ်းသီရိ (Grade 9)(k) T.T.C ၊ မခင်ဖြူစင်ထက် Grade 8(H) T.T.C ၊ မခင်အေးမြတ်ထက် Grade 5 (B) T.T.C တို့၏ အဘိုးသည် ၂၇-၂-၂၀၁၃(ဗုဒ္ဓဟူးနေ့)ည ၈ နာရီ ၁၀ မိနစ်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃(သောကြာနေ့) ၁း၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊နေအိမ်မှကားများ ၁၂ နာရီတွင် ထွက်မည်ဖြစ်ပြီး ကွယ်လွန်သူအား ရည်စူး၍ ၅-၃-၂၀၁၃(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
## ဒေါ်ခင်ထွေးမူ (၆၃)နှစ်

**သုဝဏ္ဏ၊ဗိုလ်ချုပ်ရွာ၊သန်လျင်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာနေ (ဦးသန်းစိန်-ဒေါ်အမာ)တို့၏သမီး၊ သုဝဏ္ဏနေ (ဦးလှရွှေ)-ဒေါ်လှတင်၊ (ဦးမောင်မောင်ငွေ)-ဒေါ်ညွန့်ညွန့်တို့၏ညီမ၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ တိုက်(၁၀၈)၊ အခန်း(၇)၊ ပုလဲလမ်းသွယ်(အနောက်)၊ ရေနံ့သာလမ်းနေ ဦးသန်းဝင်း(တပ်မတော်ရေ-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်တင်အုန်း၊ ဦးဝင်းအောင်-ဒေါ်မိနိုင်တို့၏ ညီမ၊ ဦးငွေအောင်-ဒေါ်မြင့်စန်း၊ ဦးစံဦးမြင့်-ဒေါ်တင်တင်အေး၊ ဒေါ်သက်သက်ရှုတို့၏အစ်မ၊ ကိုအောင်စိုးမိုး (S.J Shipping Co., Ltd,)- မသီတာရွှေ၊ ကိုအောင်နိုင်စိုး (Union Falcon)- မနော်ဆာဟဲမူ၊ ကိုသောင်းထွန်း (Uniteam Co., Ltd.)- မမြမြမူတို့၏ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၇-၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးကြည်ဟန် အသက်(၅၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ အမှတ်(၄၆၄)နေ [ဦးစိန်လင်း (အထွေထွေမန်နေဂျာ၊ စား/ထွေ)]- ဒေါ်တင်ညွန့်တို့၏ သားကြီး၊ ဦးအေးချို (ညွှန်ကြားရေးမှူး၊ လွှတ်တော်နှင့် နေအိမ်အဆောက်အအုံထိန်းသိမ်းရေး၊ ရန်ကုန်)-ဒေါ်ခင်သီတာ၊ ဦးဇော်မိုး (ကုန်သည်)-ဒေါ်စမ်းသီတာ၊ (ဦးအောင်ဆန်းလင်း)တို့၏ အစ်ကိုကြီး၊ ဗိုလ်ကြီးခိုင်မြဲဟိန်း-မငုဝါချို၊ ဒေါက်တာမြတ်လေးဖြူ၊ မအေးသီတာခိုင် (ဌာနစုမှူး-၂ MOFA (ခေတ္တ-ဘရူနိုင်း)၊ မချိုစုရည် (B.Tech, First Year)၊ မောင်အောင်ကိုကိုထက် (Grade-9၊ အထက-၁၊ ဒဂုံ)၊ မမိုးသံဇဉ် (DBE-3,Pre School) တို့၏ ဘဘကြီးသည် ၂၆-၂-၂၀၁၃ (အင်္ဂါနေ့) ည ၁၁း၄၅နာရီတွင် ဗဟိုရဲစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမြင့်စိန်(မြရတနာကျူရှင်) အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဦးထွန်းလင်းခြံလမ်း၊ အမှတ်(၄၀)နေ (ဦးကြူလှိုင်-ဒေါ်မြမေ)တို့၏သား၊ (ဦးသူတော်-ဒေါ်တင်ညွန့်)တို့၏သားသမက်၊ ဒေါ်ဝင်းဝင်းမြင့်၏ခင်ပွန်း၊ ဦးငွေဘော်-(ဒေါ်တင်ရွှေ)၊ (ဒေါ်ခင်ငွေ)တို့၏ မောင်၊ ဦးအုန်းသွင်-ဒေါ်ကြင်ကြင်ရွှေ(အမက-၃၊ မင်္ဂလာတောင်ညွန့်)၊ (ဦးမြင့်သန်း)-ဒေါ်နှင်းရီ၊ ဒေါ်အေးအေးဝင်း(အထက-၃၊ မရမ်းကုန်း)၊ ဒေါ်စန်းစန်းဝင်း၊ ဦးကျော်ဆန်းလွင်-ဒေါ်မြင့်မြင့်ထွန်းတို့၏အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ဘကြီးသည် ၂၆-၂-၂၀၁၃ရက် ည ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၃(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမြင့်စိန်(မြရတနာကျူရှင်) အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဦးထွန်းလင်းခြံလမ်း၊ အမှတ်(၄၀)နေ (ဦးကြူလှိုင်-ဒေါ်မြမေ)တို့၏သား၊ (ဦးသူတော်-ဒေါ်တင်ညွန့်)တို့၏သားသမက်၊ ဒေါ်ဝင်းဝင်းမြင့်၏ခင်ပွန်း၊ ဦးအောင်ကျော်မိုး-ဒေါ်မိုးမိုးမြင့်(ဝန်ထမ်းရေးရာဦးစီးဌာန)၊ ဦးကျော်စိုးလင်း-ဒေါ်သက်သက်ခိုင် (ဧရာဝတီဘဏ်)၊ ဦးလင်းနိုင်မြင့်(တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်သက်ထားမြင့် (MFTB)တို့၏ဖခင်၊ ဒေါ်နှင်းရည်လွင် (MFTB)တို့၏ဦးလေး၊ မသက်စုစံ၊ မောင်စွမ်းပြည့်တို့၏အဘိုးသည် ၂၆-၂-၂၀၁၃ ရက် ည ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင် (အရာခံဗိုလ်-ငြိမ်း) အသက်(၇၀)

မုံရွာမြို့၊ ကျောက်ကာလမ်း၊ နန္ဒဝန်ရပ်၊ ကံ့ကော်ဖြူစတိုးနေ ဦးလှမိုးအောင်-ဒေါ်ဆွေဆွေမြင့်၊ ဒေါ်ဝေဝေမြင့်၊ ဒေါက်တာ ကျော်ကျော်နိုင်(DSP)-ဒေါ်လှိုင်လှိုင်မြင့်၊ ဒေါ်အေးအေးခိုင်တို့၏ဖခင်၊ ဦးနိုင်လင်းအောင်-ဒေါ်စန္ဒာမြင့် (နေ-လ လျှပ်စစ်ပစ္စည်းဆိုင်-ရန်ကုန်)၊ မထက်ထက်အောင်၊ မမေမိုးအောင်၊ မအိအိမိုးအောင်၊ မောင်ပြည့်ဖြိုးကျော်၊ မကံ့ကော်မြတ်ဆု တို့၏အဘိုးသည် ၂၆-၂-၂၀၁၃ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့)တွင် ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ကိုအောင်ကျော်သူ အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၆)ရပ်ကွက်၊ မင်းလှရဲခေါင်လမ်း၊ အမှတ်(၆၁၇)နေ (ဗိုလ်ကြီးကျော်မြင့်)-ဒေါ်ပြုံးမြင့်တို့၏သားကြီး၊ မနှင်းသက်ကျော်၏မောင်၊ ကိုအောင်ကျော်မိုး၏အစ်ကို၊ မသိမ့်နန္ဒာအောင်၏ဘကြီး ကိုအောင်ကျော်သူသည် ၂၆-၂-၂၀၁၃ (အင်္ဂါနေ့) ည ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၃(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# အနိစ္စ

## ဒေါ်ညွန့်ညွန့်(ဒေါ်မေစီ) အသက်(၉၀)

**မြန်မာ့မီးရထား(ငြိမ်း)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်နေ [ဦးစိုးမင်း (ဧရာဝတီကုန်ဘက်ဆိုင်ရာစာရေးကြီးချုပ်-ငြိမ်း)-ဒေါ်ဒေါ်သင်]တို့၏ ဒုတိယသမီး၊ [ဦးဘသန့် (အမျိုးသားကျောင်းအုပ်ဆရာကြီး-ငြိမ်း)-ဒေါ်အေးမေ (မူလတန်း ကျောင်းအုပ်ဆရာမကြီး)]တို့၏ သမီးချွေးမ၊ [ဦးသိန်းလှိုင် (မြို့နယ်စာရင်းစစ်မှူး)-ဒေါ်ခင်ကြိုင် (မီးရထား-ငြိမ်း)]တို့၏ညီမ၊ ဦးမောင်မောင်တင်(မြို့နယ်မန်နေဂျာ၊ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး-ငြိမ်း)-ဒေါ်အေးအေးမြင့်(ပြည်တွင်းရေကြောင်းပို့ဆောင်ရေး-ငြိမ်း)၊ ဒေါ်အေးမေတို့၏အဏ်မ၊ [ဦးအောင်ဒင် (ကန်တော့ခံစာရေးဆရာကြီး)]၏ဇနီး၊ ဒေါ်စိုးစိုးအောင်၊ (စာကြည့်တိုက်မှူး၊ ဒဂုံတက္ကသိုလ်)၊ (ဦးအောင်ကျော်သိန်း၊ ၃/E)-ဒေါ်စုစုအောင်၊ ဦးမောင်မောင်အောင်၊ (ဆရာမောင်ကြီး-ရေကျော်)၊ ဦးကြည်ဝင်း-ဒေါ်နီနီအောင်၊ (ဒေါ်ဖြူဖြူအောင်)၊ Capt; ဦးကျော်ဇောလွင်-ဒေါ်ဝင်းဝင်းအောင်တို့၏ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ မြေးရှစ်ယောက်တို့၏ ချစ်လှစွာသောအဘွား၊ တူ/တူမ ရှစ်ယောက်တို့၏အဒေါ် ဒေါ်ညွန့်ညွန့်သည် ၂၆-၂-၂၀၁၃ (အင်္ဂါနေ့ ) မွန်းလွဲ ၁၂း၃၀ နာရီတွင် အမှတ်(၃၁၃)၊ မင်းတပ်လမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်အောင်တင် (၅၆)နှစ် (ကန်တော်ကလေး)

ရန်ကုန်မြို့၊ ကန်တော်ကလေး၊ (၉၃)လမ်း၊ အမှတ်(၇၁)၊ ရှစ်လွှာနေ (ဦးလျှန်ဟင်လေး- ဒေါ်တင်အေး)တို့၏ သမီး၊ (ဦးတင်စိုး)-ဒေါ်တင်တင်တို့၏ သမီးချွေးမ၊ ဦးအောင်တင်စိုး (M.P.P.E၊ ဗိုလ်တထောင်၊ သန်လျက်စွန်း)၏ ဇနီး၊ ဦး သန်းညွန့်-ဒေါ်ခင်ကြည်တို့၏ ညီမ၊ ကိုစိုးစိုးထွန်း-ဒေါက်တာအိသွယ်အောင်၊ မောင်ဝဏ္ဏဖြိုး၊ မသီရိအေးတို့၏ မွေးသမိခင်၊ အဂူးလေး၏အဘွားသည် ၂၆-၂-၂၀၁၃ရက် ညနေ ၄း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးတင်ထွဋ်ခိုင်(ကိုပေါက်) C.D.C 9093 အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၅)၊ မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးအုံးခိုင်-ဒေါ်ခင်စိန်ဦး)တို့၏ သား၊ ဦးတင်မြင့်-ဒေါ်ရီလေးတို့၏သားသမက်၊ ဒေါ်ဆွေဆွေသီ(ပြည်တွင်းခွန်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးအောင်မျိုးခိုင်)-ဒေါ်အေးအေးမြင့်၊ ဒေါ်နီလာခိုင်၊ ဦးသန်းငွေ-ဒေါ်စန္ဒာခိုင်တို့၏မောင်၊ ဦးစိုးနိုင်-ဒေါ်မမခိုင်၏အစ်ကို၊ တူ/တူမ ငါးယောက်တို့၏ဦးလေး၊ မောင်ညာဏ်ထွဋ်၊ မောင်ဟိန်းအောင်တို့၏ ချစ်လှစွာသောဖခင် ဦးတင်ထွဋ်ခိုင်သည် ၂၇-၂-၂၀၁၃ ( ဗုဒ္ဓဟူးနေ့ ) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၁၅ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဦးဆန်းအောင်(ပုလော) အသက်(၄၉)နှစ်

**အသင်းဝင်အမှတ်(၄၈၂)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၃)လမ်း၊ တိုက်အမှတ်(၁၀၂)၊ သုံးလွှာနေ ဒေါ်အေးအေးမြတ်၏ခင်ပွန်းသည် ၂၆-၂-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

### ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
### နိုင်ငံကျော်မြန်မာ့ရိုးရာအနုပညာရှင်
### စာပေ၊ရုပ်ရှင်၊သဘင်၊ Y.M.B.A နာယက၊ သက်ကြီးအပူဇော်ခံ
## ရာမဦးအုန်းမောင်(ပညာအလင်းပြ) အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ တိုက်(၃)၊ အခန်း(၂၀၄)နေ(ဒေါ်ကျင်အေး)၏ခင်ပွန်း၊ ရေကျော်မောင်မောင်၏အစ်ကိုကြီး၊ မခင်ဌေးမြင့်(ခ)အန်းကူ၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၆-၂-၂၀၁၃(အင်္ဂါနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၃(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [နေအိမ်နှင့် ပညာအလင်းပြစာပေပုံနှိပ်တိုက်(၄၈)လမ်းထိပ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

## ရာမဦးအုန်းမောင် (၈၃)နှစ် (နတ်တလင်း)

နတ်တလင်းမြို့နေ (ဆရာသိုက်-ဒေါ်စောရှင်)တို့၏သား၊ (ဒေါ်ကျင်အေး)၏ခင်ပွန်း၊ မအန်းကူ၏ဖခင်၊ တူ/တူမ ကိုးယောက်တို့၏ဘကြီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ တိုက်အမှတ်(၂၀၄)၊ ငါးလွှာ၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် သာယာကုန်းလမ်းထောင့် (ဘုရားဖြူကျောင်းတိုက်ရှေ့နေ ပညာအလင်းပြစာပေတိုက်နှင့် ပုံနှိပ်တိုက် မန်နေဂျာ-ငြိမ်း) ရာမဦးအုန်းမောင်သည် ၂၆-၂-၂၀၁၃(အင်္ဂါနေ့) ည ၁၀း၃၀နာရီတွင် ဦးလှထွန်း (မေတ္တာရိပ်မွန်၊ ကင်ဆာဖောင်ဒေးရှင်း)၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၃(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ တပည့်သားသမီးများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [အမှတ်(၁၃၀)၊ ဗိုလ်ချုပ်လမ်းနှင့် (၄၈) လမ်းထိပ် ပညာအလင်းပြပုံနှိပ်တိုက်နှင့် စာပေတိုက်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

## ဒေါ်အေးမိ(ခ) ဒေါ်သီတာအေး(သထုံ) အသက်(၇၅)နှစ်

ဘီးလင်းမြို့နေ (ဦးဘဖေ-ဒေါ်အေးရင်)တို့၏သမီး၊ (ဦးစံမြင့်-ဒေါ်အေးသင်)တို့၏သမီးချွေးမ၊ (ဦးဘတင်)၏ဇနီး၊ ဦးခင်မောင်ဦး(ဆမ၊သန်လျင်)၊ ဒေါ်တင်တင်လှ၊ ရဲအုပ်နိုင်တင်အေး (နမ့်စလပ်စခန်းမှူး၊ သိန္နီမြို့နယ် ရဲတပ်ဖွဲ့)-ဒေါ်ယဉ်ယဉ်မြင့် တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီး ဒေါ်အေးမိ (ခ) ဒေါ်သီတာအေး(သထုံ)သည် ၂၇-၂-၂၀၁၃ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးထွန်းညွန့် (၇၃)နှစ် (လေ/၈၅၉၂) အရာခံဗိုလ်(ငြိမ်း)

မော်လမြိုင်မြို့နေ (ဦးမောင်လေး-ဒေါ်နှင်းရွှေ)တို့၏သား၊ (ဦးဘိုးသွင်-ဒေါ်မမ)တို့၏သားသမက်၊ ဖာပွန်မြို့နေ (ဦးထွန်းလှိုင်-ဒေါ်စိန်ကြည်)တို့၏ ညီ၊ ဦးအောင်သန်း၊ ဒေါ်မြင့်၊ ဒေါ်ကြည်ဝင်းတို့၏အစ်ကို၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ မြိုင်သာယာစံပြရပ်ကွက်၊ B(၇)လမ်း၊ အမှတ် (၁၂၆/က)နေ ဒေါ်မေသန်း၏ ခင်ပွန်း၊ ရဲမှူးဆန်းကို (သတင်း ရဲတပ်ဖွဲ့)-ဒေါ်နန်းအိအိသွယ်၊ တကက ကိုကိုလတ်(တပ်မတော်-လေ) ဒေါ်ညိုညိုလွင်၊ အုပ်ခွဲတကက မြင့်ဆွေ (တပ်မတော်လေ)-ဒေါ်ကေသီထွန်းတို့၏ဖခင်ကြီး၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၆-၂-၂၀၁၃ (အင်္ဂါနေ့) ည ၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် မြိုင်သာယာစံပြရပ်ကွက် မီးသွေးဖုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည်ယဉ် အသက်(၆၈)နှစ်

**ဒု-ဦးစီးမှူး**
**အမြတ်ခွန်ဦးစီးဌာန(ငြိမ်း)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပင်းယလမ်း၊ (၅)ရပ်ကွက်၊ (၉၁၇/က)နေ [ဦးရာမြို့(ကျောင်းဆရာ)-ဒေါ်လှလှ] တို့၏သမီး၊ ဦးဂျေဇာခင်-ဒေါ်သိင်္ဂီနွဲ့တို့၏မိခင်၊ ဦးဝင်းကြိုင်(လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း)- ဒေါ်နွယ်နွယ်ဦးတို့၏ အစ်မကြီး၊ မောင်မျိုးဇော်ဟိန်း၊ မောင်သက်ဇော်လင်းတို့၏အဒေါ်၊ မောင်စည်သူခန့်ဇော်၊ မောင်ငြိမ်းချမ်းခန့်ဇော်တို့၏အဘွား ဒေါ်ကြည်ကြည်ယဉ်သည် ၂၇-၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၁၃ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးယုံလင်း အသက်(၈၄)နှစ်

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်၊ ဝတ်ကြီးဘုရားလမ်း၊ အမှတ်(၅၇)နေ (ဦးကျင်ရှန်-ဒေါ်ကြွယ်)တို့၏သား၊ (ဦးစစ်မိုင်-ဒေါ်ရွှေရင်)တို့၏သားသမက်၊ ဒေါ်ကြူလင်း၏ခင်ပွန်း၊ ဦးအောင်သာလင်း(မြန်မာတိုင်းမ်)၏အစ်ကို၊ (ဦးဌေးအောင်)-ဒေါ်ကြည်ကြည်ဝင်း၊ ဦးဉာဏ်ဝင်းလှိုင်-ဒေါ်ခင်ရွှေဦး၊ ဦးထွန်းတင့်နိုင်၊ ဦးကျော်မျိုးနိုင်-ဒေါ်အေးသွင်၊ ဒေါ်ခင်စန်းစန်းလွင်၊ ဦးမွန်ဆန်း-ဒေါ်နွယ်နီဝင်းတို့၏မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးယုံလင်းသည် ၂၆-၂-၂၀၁၃ (အင်္ဂါနေ့) ည ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၃(စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသောင်းညွန့် (ရဲအုပ်-ငြိမ်း)

**ဖောင်ကြီးအပတ်စဉ်(၁)**
**ကိုယ်ပိုင်အမှတ်-လ/၅၆၁၃၈**

## အသက်(၇၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်နေ (ဦးဘသွင်-ဒေါ်ဝင်းယဉ်)တို့၏သားကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉/B)ရပ်ကွက်၊ နတ်မောက်လမ်း၊ အမှတ်(၆၃၇/၁၄)နေ ဒေါ်တင်တင်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကျော်ဦး-ဒေါ်စံပယ်၊ ဦးဇော်မိုး- ဒေါ်ခင်မိုးမြင့်၊ ဦးကျော်ကျော်မိုး-ဒေါ်ခင်သီတာထွန်း၊ ဒေါ်ကေသီမိုး၊ ဦးထွန်းလင်းဦး-ဒေါ်နီလာမိုးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၇-၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃(သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအောင်မြသန်း (၆၇)နှစ်

**မြန်မာ့မီးရထား(ငြိမ်း)**

ညောင်ဦးမြို့၊ ရွှေတွင်းရပ်နေ (ဦးဖုန်းကျော်-ဒေါ်ကျေးသုံ)တို့၏ သား၊ (ဦးအောင်ခင်-ဒေါ်လှရှင်)တို့၏ သားသမက်၊ (ဦးထွန်းကြိုင်)-ဒေါ်ခင်ရီ၊ ဦးလှကြိုင်၊ (ဦးတင်ထွန်း)-ဒေါ်ညိုတင်တို့၏ ညီ/မောင်၊ ဦးမောင်စန်း-ဒေါ်လှတိုး၊ (ဦးသန်းတင်)-ဒေါ်တူးမာတို့၏အစ်ကို၊ အမှတ်(၁၁၄)၊ ဇေယျာဒီပလမ်း၊ (၃၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်အေးမြအောင်(ခ) မွန်မွန် (အထက-၄၊ ဒဂုံမြောက်)၏ ချစ်လှစွာသောဖခင်၊ ဒေါ်ယဉ်နု၏ချစ်လှစွာသောခင်ပွန်းသည် ၂၇-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဝိဇ္ဇာလင်္ကာရ
## သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြို့မ(၄)ရပ်ကွက်၊ လယ်ပေါ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိဇ္ဇာလင်္ကာရသည် (၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ရက်) ၂၁-၂-၂၀၁၃ရက် ညနေ ၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမဈာပနပူဇော်ပွဲကို (၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ရက်) ၃-၃-၂၀၁၃(တနင်္ဂနွေနေ့)တွင် ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း။ တပည့်ဒါယကာ-ဒါယိကာမများ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညွန့်တင်(ဘော့သပြေကန်) (၈၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၈၂)၊ ငါးလွှာ၊ (၄၉)လမ်း၊ ပုဇွန်တောင်မြို့နယ်နေ (ဦးကြည်လင်-ဒေါ်ဂျုံအင်)တို့၏သမီး၊ (ဦးစုဝါ)၏ဇနီး၊ ဒေါက်တာအောင်မြင့်-ဒေါက်တာအေးအေးချို၊ ဦးကြည်လှ-ဒေါက်တာညွန့်ယဉ်မေ(ခေတ္တ-စင်ကာပူ)၊ ဦးလှမြင့်-ဒေါ်သိန်းသိန်းစိန်၊ ဒေါက်တာစိန်သန်း(အမေရိကန် နယူးယောက်)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်ညွန့်တင်သည် ၂၇-၂-၂၀၁၃ရက် အမေရိကန်စံတော်ချိန် နံနက် ၆း၅၂ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးထွန်းတင်(စစ်တွေ) (၈၁)နှစ်

**B.Sc., B.L.B.C.S**
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

ရန်ကုန်မြို့၊ ပြည်လမ်းနေ အငြိမ်းစားတိုင်းမင်းကြီး သရေစည်သူ [ဦးကျော် (O.B.E.K.S.M)-ဒေါ်စန္ဒာဖြူ] တို့၏မြေးသမက်၊ စစ်တွေမြို့နေ ရှေ့နေ (ဦးအောင်ထွန်း-ဒေါ်မဖြူ)တို့၏မြေး၊ စစ်တွေမြို့နေ မြို့ပိုင်မင်း (ဦးသာထွန်းဖြူ-ဒေါ်သာနု)တို့၏သား၊ [ဦးစောရွှေ (MD ဖက်စပ်-၁၁)]-ဒေါ်မြမေ (Nellie Kyaw)တို့၏သားသမက်၊ ရန်ကုန်မြို့၊ (A-10)၊ အနော်ရထာအိမ်ရာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်နေ ဒေါ်မြမြရွှေ (Rose Lind Shwe)၏ခင်ပွန်း၊ ဒေါ်ဖြူမာဝေ(ဒု-တိုင်းဒေသကြီး ဥပဒေအရာရှိ)၊ ဒေါက်တာဒေါ်မြသူဇာ(တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ပြည်တက္ကသိုလ်)၊ ကပ္ပတိန်ထွန်းနီ၊ ဦးမောင်မောင်တင် (Tech: Supt S'pore)-ဒေါ်မြသန္တာ၊ ဒေါက်တာမြစန္ဒာ(ဓာတ်မှန်ဆရာဝန်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မနီအေးခိုင် (3rd. MB, UM 1)၊ မောင်ကောင်းမြတ်သူ၊ မဆောင်းလတ်ဖြူ (S'pore)တို့၏အဘိုးရှင်သည် ၂၇-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၃၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃ (သောကြာနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်ခင်ညို(ပုတီးကုန်း) (၇၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့မ(၁)လမ်း၊ တောင်ပိုင်းနေ (ဦးမူ-ဒေါ်သိန်းတင်)တို့၏သမီးလတ်၊ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ တိုက်(၁၃၈)၊ အခန်း(၆)၊ အရှေ့ရန်ကင်းနေ [ဦးဝင်း (ဌာနမှူး၊ ပန်းချီပညာရေးကောလိပ်-ငြိမ်း)]၏ဇနီး၊ (ဒေါ်ခင်ကြည်)၊ (ဦးမောင်မောင်)-ဒေါ်ပုတို့၏ညီမ၊ (ဦးမောင်ကို)-ဒေါ်တင်မာဝေတို့၏အစ်မ၊ ဦးခင်မောင်သန်း (SAE လမ်းအထူးအဖွဲ့-၇)-ဒေါ်ချိုချိုဝင်း (အလယ်တန်းပြ၊ ရန်ကင်း၊ TTC)၊ ဦးတင်မောင်ထွန်း (SYSTEM ENGINEERING Co., Ltd.)-ဒေါ်အေးအေးဝင်း(စီးပွားကူးသန်း)၊ ဦးသန်းထူးဝင်း (PRINTNET Tokyo Co., Ltd.)-ဒေါ်သီတာအေး၊ ဒေါ်မို့မို့ဝင်း(လ/ထ လဝကကြီးကြပ်ရေးမှူး၊ ဗဟန်း)၊ ဦးရဲမော်ဝင်း (Shibuya ZARNY HTOO HTOO Co., Ltd.)-ဒေါ်စုစုသိန်း (မော်နီကျော်-ဓာတ်ပုံဗီဒီယိုရိုက်ကူးရေး၊ သဃ်န်းကျွန်းမြို့နယ်)၊ ဦးတင်နီဝင်း (Shibuya ZARNY HTOO HTOO Co., Ltd)-ဒေါ်ဝေနှင်းဖြူ၊ ဦးမိုးကျော်ဝင်း(Shibuya ZARNY HTOO HTOO Co., Ltd)-ဒေါ်ဖြိုးအိကျော်ဝင်း (ဓာတ်ပုံဗီဒီယို ရိုက်ကူးရေး၊ မော်နီကျော်၊ ရန်ကင်းမြို့နယ်) တို့၏ကျေးဇူးရှင်မွေးသမိခင်၊ ကိုဇာနည်ထူးထူး (Shibuya ZARNY FASHION ENTERTAINMENT INC)၊ မဟေမန်ဝေယံထွန်း(ကွန်ပျူတာတက္ကသိုလ်)၊ မကျော့ရှင်းရှူပါထွန်း(ယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်)၊ မနေနီနုနုထွေး (နည်းပညာတက္ကသိုလ်၊ လှိုင်သာယာ)၊ မောင်အောင်မျိုးသူရကျော် (ယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်)၊ မမေငြိမ်းဝါဆိုထွန်း (VIII-B၊ ရန်ကင်း၊ TTC)၊ မောင်အာကာဟိန်း ( VI-A၊ ရန်ကင်း၊ TTC)၊ မသူသူဖြိုးကျော် ( VI D၊ ရန်ကင်း၊ TTC)၊ မငြိမ်းစုရွှန်းလဲ့ဝင်းတို့၏အဘွား၊ တူ/တူမ ၁၀ယောက်တို့၏ ကြီးကြီးသည် ၂၇-၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁း၅၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (တိုက်-၁၃၈၊ အခန်း-၆၊ ရန်ကင်းမြို့နယ်နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်မျိုးထွန်း (ခ) ဦးကျော်နိုင်ဦး အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ မန္တလေးလမ်း၊ အမှတ်(၂၉)၊ လေးလွှာ(B)နေ (ဦးတင်မောင်ဖြူ-ဒေါ်သန်းသန်း)တို့၏ သား၊ (ဦးမြင့်ဆွေ-ဒေါ်သိန်းဝင်း)တို့၏ သားသမက်၊ ဒေါ်ကေသီဆွေ၏ခင်ပွန်း၊ မခြူးစန္ဒီကျော် (Grade-II U.C.S.Y)၊ မောင်လူထူးကျော် (နဝမတန်း၊ အထက-၄၊ မင်္ဂလာတောင်ညွန့်)တို့၏ဖခင်၊ ဦးရဲနိုင်ဦး၏ညီသည် ၂၅-၂-၂၀၁၃ရက် နံနက် ၁၀း၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးသိန်းဇော် (၆၅)နှစ်

**မြန်မာ့လေကြောင်း(ငြိမ်း)**
**အုပ်ချုပ်ရေးဌာန**

(ဦးပါ-ဒေါ်လှတင်)တို့၏ သား၊ (ဦးဟုတ်ဝမ်-ဒေါ်အေးကြည်)တို့၏ သားသမက်၊ ဒေါ်တင်တင်လှ၏ခင်ပွန်း၊ ဦးဇော်ထွန်း-ဒေါ်ရင်ရင်၊ ဦးဇော်လင်း (မြန်မာ့လေကြောင်း၊ စက်မှု)-ဒေါ်စုစုထွေးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၆-၂-၂၀၁၃ရက် ၃း၅၀ နာရီတွင် အမှတ်(၄/ခ)၊ (၁၈)လမ်း အနောက်၊ (၃)ရပ်ကွက်၊ ရန်ပြေ၊ သာကေတမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

# မြန်မာနိုင်ငံနှင့် အမေရိကန်ကုန်သည်ကြီးများအသင်းတို့ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မြန်မာနိုင်ငံ၌ရောက်ရှိနေသော အမေရိကန်ကုန်သည်ကြီးများအသင်းမှ အာရှရေးရာဒုတိယဥက္ကဋ္ဌ Ms. Tami Overby ဦးဆောင်သည့် အမေရိကန်နှင့်အာရှဒေသရှိ အမေရိကန်ကုမ္ပဏီ ၂၀ တို့မှ စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော အမေရိကန် စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးတင်နိုင်သိန်း၊ ဦးသန်းဌေး၊ ဦးဝင်းမြင့်၊ ဒေါက်တာမြင့်အောင်၊ ဦးဝင်းရှိန်နှင့် ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဟံစိန်၊ ဦးအောင်သန်းဦး၊ ဦးမျိုးအောင်နှင့် ဦးဆက်အောင်တို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အမေရိကန်ကုန်သည်ကြီးများအသင်းတို့ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင်လက်ရှိ စီးပွားရေးရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်နိုင်မည့် အလားအလာများကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမေရိကန် စီးပွားရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ညီလာခံခန်းမရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးညဏ်ထွန်း အမေရိကန်ကုန်သည်ကြီးများအသင်းမှ အာရှရေးရာ ဒုတိယဥက္ကဋ္ဌ Ms. Tami Overby ဦးဆောင်သည့် အမေရိကန်နှင့် အာရှဒေသရှိ အမေရိကန်ကုမ္ပဏီ ၂၀ တို့မှ စီးပွားရေး လုပ်ငန်းရှင်များ ပါဝင်သော အမေရိကန်စီးပွားရေး ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# လေယာဉ်နှင့်ပတ်သက်သော ဗဟုသုတပေးရန် ပြသသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

အများပြည်သူတို့အနေဖြင့် လေယာဉ်နှင့်ပတ်သက်သော အတွေ့အကြုံဗဟုသုတများရရှိရန် ရန်ကုန်မြို့ရှိ ပြည်သူ့ဥယျာဉ်နှင့် ပြည်သူ့ရင်ပြင်ဝင်းအတွင်းတွင် ခရီးသည်တင်လေယာဉ်တစ်စင်းထားကာ ပြသသွားတော့မည် ဖြစ်ကြောင်းသိရသည်။

မြန်မာ့လေကြောင်းက လှူဒါန်းသော XY-AD 7,F27 (ဖော်ကာ)လေယာဉ်ကို အဆိုပါဝင်းအတွင်းရှိ ကြိုးတံတားအနီး ယခင် "မေယုသဘော်"ထားရှိသောနေရာတွင် နေရာချတပ်ဆင်နေပြီး လာမည့်လအတွင်း ပြသသွားနိုင်ရန် မျှော်မှန်းလုပ်ဆောင်လျက်ရှိသည်ဟု သိရသည်။

ထိုလေယာဉ်သည် မြန်မာနိုင်ငံက ဝယ်ယူထားသော လေယာဉ်အသစ်ဖြစ်ပြီး ၁၉၇၈ ခုနှစ် အောက်တိုဘာ ၂၂ ရက်က ရောက်ရှိလာကာ ပြည်တွင်းလေယာဉ်ကွင်း ပေါင်း ၃၂ ကွင်းတွင် အကြိမ်ပေါင်း ၅၂၈၆၇ ကြိမ် ပျံသန်းခဲ့ကြောင်း၊ ပျံသန်းချိန် နာရီပေါင်း ၅၁၀၉၆ ဒသမ ၄၅ နာရီပျံသန်းခဲ့ခြင်းဖြစ်ပြီး ခရီးမိုင်ပေါင်း ၁၁၂၂၀၀၀၀ မိုင် ပျံသန်းကာ ခရီးသည် ၁၂ သိန်းကျော်နှင့် ကုန်တန်ချိန်များစွာကိုလည်း ပို့ဆောင်ပေးခဲ့ကြောင်း၊ ထိုသို့ ပျံသန်းပြေးဆွဲလာရင်းမှ သက်တမ်းကာလ ကြာမြင့်သည့်အတွက် လွန်ခဲ့သော ၂၀၁၀ပြည့်နှစ် ဩဂုတ် ၂၅ ရက်က ပြေးဆွဲမှုရပ်နားခဲ့ကာ သိမ်းဆည်းထားရာမှ အများပြည်သူကြည့်ရှုလေ့လာနိုင်စေရန် စီစဉ်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။



ထိုလေယာဉ်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ယာဉ်လမ်းကြောရှင်းလင်းသည့်အချိန်ကို ရွေးကာ ဖေဖော်ဝါရီ ၂၂ ရက် ည ၁၀ နာရီခွဲက စတင်သယ်ဆောင်လာခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၄ နာရီခွဲခန့်တွင် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ရှိ မေယုသဘော်ထားရှိရာနေရာသို့ ရောက်ရှိကာ နေရာချတပ်ဆင်လျက်ရှိကြောင်း သိရသည်။

"တပ်ဆင်တာတွေကိုတော့ မြန်မာ့လေကြောင်းက အင်ဂျင်နီယာတွေကိုယ်တိုင် နေ့စဉ်ဒီကိုလာပြီးတော့ လုပ်ဆောင်ပေးပါတယ်၊ စည်ပင်သာယာဘက်အပိုင်းကတော့ သူတို့လိုအပ်တဲ့ အကူအညီတွေကို ဝိုင်းဝန်းပံ့ပိုးပေးတယ်။ တပ်ဆင်ပြီးစီးတာနဲ့ လေ့လာနိုင်အောင် ပြသသွားမှာပါ။ လေယာဉ်အတွင်းထဲကိုပါ လေ့လာနိုင်အောင်လည်း စီစဉ်နေကြတာဖြစ်ပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံတွင် ပြည်သူအနည်းစုသာ လေယာဉ်နှင့်ထိတွေ့စီးနင်းဖူးကြပြီး ယခုကဲ့သို့ ထားရှိခြင်းက ကျောင်းသား ကျောင်းသူများသာမက ဗဟုသုတယူ လေ့လာလိုသူများအနေဖြင့် အနီးကပ်လေ့လာခွင့်ရရှိတော့မည်ဖြစ်သည်။

တပ်ဆင်မှုပြီးစီးသောအခါ ပြသရာ၌ သီးခြားငွေကြေးကောက်ခံခြင်းမျိုး ပြုလုပ်မည်မဟုတ်ဘဲ ပန်းခြံဝင်ကြေးပေးဝင်ရောက်ရုံဖြင့် လာရောက်လေ့လာကြည့်ရှုနိုင်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ဝင်းအတွင်းတွင် ရှေးဟောင်းလမ်းကြိတ်စက်၊ ရှေးဟောင်းမီးရထား၊ ရှေးဟောင်းအမြောက်များ၊ ရေပန်းရုပ်ရှင်များကို ပြသလျက်ရှိသလို ယခင်ကထားရှိခဲ့သော မေယုသဘော်ကို ထားရှိတော့မည် မဟုတ်ကြောင်းလည်း ဆက်လက်စုံစမ်းသိရှိရသည်။ **(ထက်ခိုင်-စမ်းချောင်း)**

## ယနေ့ မာတိကာ


ပုံနှိပ်မီဒီယာလောကအတွက် အားဆေးတစ်ခွက် လက်ကမ်းကြိုဆိုရမည့် ပုံနှိပ်ထုတ်ဝေဥပဒေ — စာမျက်နှာ - ၆

မြန်မာဝတ်စုံနှင့် မြန်မာ့ရိုးရာ အစားအစာကို ချစ်မြတ်နိုးသည့် ကိုရီးယားမင်းသမီးလေး ဂျောင်ဆိုယောင်း — စာမျက်နှာ - ၁၂

ရီးယဲလ်မက်ဒရစ် ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲတက် — စာမျက်နှာ - ၁၃


မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်းကို ပြည်သူများသိရှိလေ့လာနိုင်ရန် စာမျက်နှာ ၄၊ ၈၊ ၁၀ နှင့် ၉ တို့တွင် ဖော်ပြထားပါသည်။

**ကြော်ငြာစာမျက်နှာ အပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအပို က၊ ခ၊ ဂ၊ ဃ လေးမျက်နှာ ပါရှိပါသည်။




ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်း

## { အထူးကျေးဇူးတင်လွှာ }

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက (ပဓာနနာယကဆရာတော်)၏ ဩဝါဒကိုခံယူပြီး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဉာဏ်ဝင်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် သာယာဝတီမြို့ "လောကနန္ဒာ" ကျောင်းဝင်းအတွင်းတွင် (၁၅-၂-၂၀၁၃) မှ (၁၇-၂-၂၀၁၃) အထိကျင်းပ လှူဒါန်းသော ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်လုံးကျွတ် ကျန်းမာရေးစောင့်ရှောက်မှု အလှူတော်မင်္ဂလာကြီးတွင်ဝေဒနာရှင် လူနာပေါင်း '၉၀၀၀'ကျော်၏ ရောဂါဝေဒနာ အမျိုးအစားပေါင်းစုံတို့အား အောင်မြင်စွာ ကုသ စောင့်ရှောက်နိုင်ရန် အဘက်ဘက်မှ လိုအပ်သည်များကို ဝိုင်းဝန်းကူညီပံ့ပိုးကြသော နိုင်ငံတော် အကြီးအကဲများနှင့် အရာရှိအရာထမ်းများ၊ မြို့မိမြို့ဖများ၊ ဗိုလ်ကျော်သန်း ပရဟိတအဖွဲ့နှင့်ဒေသခံ သာရေးနာရေး အသင်းအဖွဲ့များ၊ စေတနာ မေတ္တာဖြင့် လိုက်ပါကုသပေးပါသော အထူးကုဆရာဝန်ကြီးများနှင့် ပညာရှင်များ၊ ဒေသခံဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ ဝန်ထမ်းများနှင့် ကုသိုလ်ရှင်အလှူရှင်အပေါင်းတို့အား ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ လှိုက်လှဲစွာကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**" ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း" ဥက္ကဋ္ဌ နှင့် အဖွဲ့သားများ**

## တောင်ကြီးမြို့၊စက်မှုလက်မှုအထက်တန်းကျောင်း၊ကျောင်းသားဟောင်းများ၏ (န၀မ)အကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲ

တောင်ကြီးမြို့ စက်မှုလက်မှုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏(န၀မ)အကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၃ ခုနှစ်၊ မေလ(၅)ရက် (တနင်္ဂနွေနေ့) နံနက်(၈)နာရီတွင် တောင်ကြီးမြို့ ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါ၍ နေရာဒေသအသီးသီးမှာနေထိုင်ကြသည့် ကျောင်းသားဟောင်းညီအစ်ကိုများ ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပူဇော်ကန်တော့ကြပါရန် အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ပူဇော်ကန်တော့ခံပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အလှူငွေထည့်ရန် အောက်ပါကျောင်းသားဟောင်းများထံတွင် ဆက်သွယ်နိုင်ပါသည်။**

**တောင်ကြီး** - ဦးစိုးညွန့် ဖုန်း-၀၉-၅၂၁၄၅၀၁၊ ဦးတင်အောင် ဖုန်း-၀၉-၅၂၁၁၁၄၆၊ ဦးခင်မောင်ဝင်း ဖုန်း-၀၉-၄၉၅၇၁၈၆၂
**မိတ္ထီလာ** - ဦးကိုကိုလတ် ဖုန်း-၀၆၄၃၅၀၀၅
**မန္တလေး** - ဦးအေးဝင်း ဖုန်း-၀၂ ၆၂၅၄၄၊ ၀၉-၅၂၃၀၂၃၇
**ပျဉ်းမနား** - ဦးဇော်ဝင်း ဖုန်း-၀၆၇ ၂၆၅၉၀
**တောင်ငူ** - ဦးမင်းနောင် ဖုန်း-၀၅၄ ၂၄၄၀၄၊ ၀၉-၄၉၄၃၁၁၆၅
**ပခုက္ကူ** - ဦးအောင်မြင့်သိန်း ဖုန်း-၀၆၂ ၂၁၉၃၉၊ ၀၉-၂၃၀၀၅၁၅
**ရန်ကုန်** - ဦးလှမြိုင် ဖုန်း-၀၉-၄၃၀၈၈၉၀၁၊ ဦးလှသိန်း ဖုန်း-၀၉-၅၁၉၂၉၇၅၊ ၀၉-၈၃၀၁၈၃၉၊ ဦးသိန်းလွင် ဖုန်း-၀၉-၄၅၀၀၄၁၉၈၅၊ ဦးထွန်းထွန်းမောင် ဖုန်း-၀၉-၅၁၀၆၈၆၈၊ ဦးစိုးမြင့် ဖုန်း-၀၉-၅၁၃၁၂၁၉၊ ဦးမျိုးလှိုင်အေး ဖုန်း-၀၉-၄၃၀၃၁၇၅၁

## အ.လ.က (ရှမ်းကုန်း)၊ မှော်ဘီလေတပ်
### အာစရိယပူဇော်ပွဲ နှိုးဆော်လွှာ

အ.လ.က(ရှမ်းကုန်း)၊ မှော်ဘီလေတပ် (ယခု အ.ထ.က(ခွဲ)၊ ရှမ်းကုန်း)၏ အာစရိယပူဇော်ပွဲအား (၃၁.၃.၂၀၁၃) ရက်နေ့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် (၁၉၈၅-၁၉၉၁)ခုနှစ်အတွင်း မူလတန်းနှင့် အလယ်တန်းအဆင့်များတွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာ၊ဆရာမများနှင့် ပညာသင်ယူခဲ့ကြသော ကျောင်းသား/သူဟောင်းများသည် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ မပျက်မကွက် ဆက်သွယ်ပေးကြပါရန် လေးစားစွာဖြင့် အသိပေးနှိုးဆော်အပ်ပါသည်။

မှတ်ချက်။ အထက်ဖော်ပြပါနှစ်အတွင်း မပါဝင်သော်လည်း ပညာသင်ကြားပေးခဲ့ကြပြီး အငြိမ်းစားယူပြီးဖြစ်သော ဆရာ၊ဆရာမများအားလုံးနှင့် စိတ်ပါဝင်စားသော ကျောင်းသား/သူဟောင်းများအားလုံးဆက်သွယ်ပေးပါရန်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**

| | | |
|---|---|---|
| ၁။ မသီတာအောင်၊ ၀၉၄၂၀၂၃၅၄၈၀ | ၂။ ကိုဥက္ကာထွန်း၊ ၀၉၅၁၁၅၂၂၈ | ၃။ မအိအိခင်၊ ၀၉၄၅၀၀၃၄၆၆၄ |
| ၄။ ကိုတင်မောင်သွင်၊ ၀၉၄၂၁၀၅၁၅၉၀ | ၅။ ကိုဇော်လင်းတိုး၊ ၀၉၄၅၀၀၁၆၁၂၆ | ၆။ ကိုကျော်အေးမောင်၊၀၉၄၂၂၁၉၆၆၈၂ |
| ၇။ မနန်းကေသီနိုင်၊ ကိုစိုင်းကျော်ဇင်မျိုး ၀၉၄၂၁၀၁၉၅၈၉ | ၈။ မကေသီဝင်း၊ ၀၉၄၂၀၂၇၈၉၅၄ | ၉။ ကိုမိုးဇော်ထွေး၊ ၀၉၄၉၂၃၅၇၀၀ |
| | ၁၀။ ကိုသက်မောင်မောင်၊ ၀၉၄၅၀၀၁၅၃၅၉ | ၁၁။ ကိုပြည့်ဖြိုးအောင်၊၀၉၄၂၀၀၇၆၃၂၈ |
| ၁၂။ ကိုတင်နိုင်လင်း(ဖိုးကား)၊ ၀၉၇၃၁၀၁၄၃၀ | | ၁၃။ကိုကျော်မင်းမင်းစိုး၊ ၀၉၄၃၀၁၇၁၆၂ |

ပညာမြင်းမိုရ်၏ စည်းကမ်း၊ပညာ၊အစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ။

# ပညာမြင်းမိုရ်

ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ်
ကက - ၁၃/၀၉/၀၁၆

## ပုဂ္ဂလိကအထက်တန်းကျောင်း နှင့် ကျောင်းသားသီးသန့် ကျောင်းသူသီးသန့်အဆင့်မြင့်ဘော်ဒါ

- ကျောင်းကြီးတက်ရန်မလို၊ကျူရှင်ထပ်တက်ရန်မလို၊တစ်နေရာတည်းတွင် ပြီးပြည့်စုံသည့်ကျောင်း
- နေ့တက်သင်တန်း၊ဘော်ဒါ၊ကျောင်းချိန်လွတ် ညနေပိုင်းပိုင်း (Grade 9,10,11) ကြိုက်နှစ်သက်ရာ ရွေးချယ်အပ်နှံနိုင်ပါသည်။
- နေ့တက်သင်တန်းနှင့်ပိုင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
- လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မည်။ ကျောင်းကားကြို/ပို့စီစဉ်ပေးသည်၊

**၉-တန်းမှ ၁၀-တန်းအထိ**
၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကြို အ ပ် လ က် ခံ ပါ ပြီ ။

၅၉/၃၈၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။ (အောင်ရတနာဆေးရုံဝင်း)
Phone - 09 73004720, 09 5001158, 09 500 2947, 01 561321

ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မှတ်ပုံတင်အမှတ် ကက-၁၃/၀၉/၀၀၃

# N-3 ကိုယ်ပိုင်အထက်တန်းကျောင်း

တိုးတက်ပြောင်းလဲလာသော ပညာရေးစနစ်သစ်ကို မျက်ခြေမပြတ် လေ့လာနေသည့် မိဘများနှင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား/ကျောင်းသူအားလုံး ယုံကြည်စိတ်ချစွာ အပ်နှံဖို့ရန် **N-3** မှ ကြိုဆိုလိုက်ပါသည်။

## အဆင့်မြင့်ဘော်ဒါနှင့်နေ့တက်အထူးသင်တန်းကျောင်းကြီး
## ( ၅ ) တန်းမှ ( ၁၀ ) တန်းအထိ

- ဦးညဏ်လွင် (ရူပဗေဒ)
- ဦးညီညီ (ဓါတုဗေဒ)
- ဒေါက်တာဇီဝ (ဇီဝဗေဒ)

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် နေရာကောင်းရရန် ယခုမှစ၍ လာရောက်လေ့လာစုံစမ်းအပ်နှံနိုင်ပါပြီ။

ကိုယ်တိုင်သင်ကြားတည်ထောင်၍ တာဝန်ယူစီစဉ်ဖွင့်လှစ်လိုက်သည်။

ကျောင်းတည်နေရာ-
အမှတ်(၂၀/A)၊(၈)တောင်ရပ်ကွက်၊ရွာလယ်လမ်း၊သဃ်န်းကျွန်း။ဖုန်း -၀၁-၈၅၁၀၉၅၊၀၉-၄၂၀၀၄၆၉၃၈၊
၆၅/ သုနန္ဒာလမ်း၊ သုမင်္ဂလာလုံးချင်းအိမ်ရာ၊ သဃ်န်းကျွန်း။ ဖုန်း - ၀၁-၅၇၃၇၁၄၊ ၀၁-၅၇၃၇၉၁၊
လေးဒေါင့်ကန်လမ်းမကြီး၊ ရွှေနားပန် နှင့် ဖက်ပင်အိုင်ကျောင်းတိုက်အနီး

# FUTURE STAR Quality Training Centre

## SUMMER ENGLISH SCHOOL (Age 5 to 15)

CAMBRIDGE ENGLISH (4 SKILLS) (ရေး၊ ဖတ်၊ ပြော၊ ကြား) + TEXT BOOK (သင်ရိုးဖတ်စာအုပ်) + GRAMMAR & VOCABULARY + MODEL ESSAY/ LETTER WRITING

✔ March, April, May ✔ Mon to Fri ✔ ကျောင်းကား စီစဉ်ပေးသည်။

ခြံအမှတ် - ၃၃ (A)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ် ▪Phone: 55 90 51, 09 730 22 441

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

## နိုင်ငံတကာအသိအမှတ်ပြုစီးပွားရေးဆိုင်ရာ Bachelor Degree ရယူလိုသူများအတွက်

# MIC
Myanmar Imperial College

- Diploma in Business (HND)
- Diploma in Media Arts (HND)
- BA(Hons:)Business Administration
- **MBA** Master of Business Administration

edexcel
Approved Centre No. 93679

**February Intake**

အမှတ်(၆၂)(C) အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ☎ 0973210001/ 73153699/ 537562

